# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၀)၊ အမှတ် (၃၂၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ အသိပေးကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊**
**ကုသရေးဗဟိုကော်မတီ အသိပေးကြေညာချက်**
**၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀-၈-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၄၇/၂၀၂၁ ဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှ ၃၁ ရက်နေ့အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အများပြည်သူ အလုပ်ပိတ်ရက်ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် အောက်ပါစည်းကမ်းချက်များနှင့်အညီ နေထိုင်၊ ဆောင်ရွက်ရန်ဖြစ်သည်-

(က) မိမိတို့၏နေအိမ် သို့မဟုတ် အဆောင်များတွင်သာ နေထိုင်ရန်နှင့် တာဝန်နှင့်နာရေးမှအပ ခရီးသွားလာခြင်း လုံးဝမပြုလုပ်ရန်၊

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏လက်အောက်ခံ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များအား ယခင်ရုံးဖွင့်ရက်များအတိုင်း ဖွင့်လှစ်ရန်၊

စာမျက်နှာ ၃ ကော်လံ ၁ ❄




မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းလာစဉ်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် အများပြည်သူရုံးပိတ်ရက်များတွင်လည်း ပိတ်ရက်မရှိ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၆၀၆ ခု၊ PPE ဝတ်စုံ ၅၀၀ နှင့် ဆိပ်ကမ်းများမှ အောက်ဆီဂျင် (အရည်)အိုး ၁၂ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၁၄၄၀ ၊ Oxygen(အရည်) Storage Container/ Tank တစ်ခု၊ Oxygen Generator တစ်လုံး အပါအဝင် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ ၊ ထီးခီး၊ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်(အရည်) Bowser ယာဉ် နှစ်စီးဖြင့် ၃၉ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ၃၆ တန်၊ Oxygen (အရည်) Storage Container/ Tank တစ်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၆၉၀၃ ခု၊ အောက်ဆီဂျင် Plant ခုနစ်ခု၊

စာမျက်နှာ ၅ ကော်လံ ၁ ❖


**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ်က မှာယူတင်သွင်းလာသော ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ခုနစ်သိန်းနှင့် ဆက်စပ်ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ** — ပြည်တွင်းသတင်း — စာ ၅

**ရ - ရထားကြီး ပျော်ပျော်စီးခဲ့ဖူးပါသည်** — ဆောင်းပါး — စာ ၆

**ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း ပုတ္တဒါရဿသင်္ဂဟော** — ဆောင်းပါး — စာ ၂၂

# မေတ္တာအခါတော်

ဝါခေါင်လပြည့်နေ့သည် “မေတ္တာအခါတော်နေ့” ဖြစ်သည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် အခါတစ်ပါး၌ ငါးရာသော ရဟန်းတို့သည် ၎င်းတို့၏ စရိုက်အားလျော်စွာ ဘုရားရှင်ပေးတော်မူအပ်သော ကမ္မဋ္ဌာန်းတို့ကို အသီးသီးယူခဲ့ကြပြီး ဟိမဝန္တာနှင့် တစ်စပ်တည်းသောအရပ်၌ သီတင်းသုံးကြ၏။ ထိုအခါ ရဟန်းတော်တို့၏ သီလတန်ခိုးအာနုဘော်ကြောင့် ရုက္ခစိုးနတ်တို့ မနေသာ၊ မထိုင်သာတော့သဖြင့် ညဥ့်အခါ ရဟန်းတော်တို့ တရားအားထုတ်နေစဉ် ကြောက်မက်ဖွယ်အာရုံအမျိုးမျိုး၊ အထူးထူးအထွေထွေပြုလုပ်ကာ ခြောက်လှန့်ကြ၏။ ထိုအခါ ရဟန်းတော်တို့မှာ စိတ်နှလုံး တုန်လှုပ်ကြသဖြင့် ညှိုးနွမ်းကြုံလှီကာ သမာဓိကိုမရကြသဖြင့် ဤအရပ်သည် ပတိရူပဒေသမဟုတ်ဟူ၍ တိုင်ပင်ကာ မြတ်စွာဘုရားထံ အကျိုးအကြောင်း လျှောက်ထားရာမှ မြတ်စွာဘုရားက မေတ္တာသုတ်ပရိတ်တော်ကို သင်ကြားပေးပြီး ဤမေတ္တာသုတ်ပရိတ်ကို တစ်လရစ်ကြိမ် စုဝေး၍ သရဇ္ဈာယ်ကြရန်၊ မေတ္တာသုတ် ပရိတ်တော်လာ တရားစကားတို့ကို ဆွေးနွေးမေးမြန်းကြရန်လည်း မိန့်ကြားတော်မူလိုက်သည်။

မေတ္တာသုတ်ကို အကြောင်းပြု၍ ရုက္ခစိုးနတ်တို့၏ ခြောက်လှန့်မှုများ ပျောက်ကွယ်သွားသည်သာမက ရဟန်းတော်တို့ကို အလုပ်အကျွေးပြုလာကြသည်ဖြစ်၍ တရားအလုပ်ကို ပြီးမြောက်အောင် ပြုလုပ်နိုင်ခဲ့ကြသည်။ မေတ္တာတရားကိုအခြေပြု၍ ဝိပဿနာကို ပွားစေကုန်ပြီး အရဟတ္တဖိုလ်သို့ ရောက်ကြသည်။ မေတ္တာဘာဝနာပွားမည့်သူသည် သိက္ခာသုံးပါး အကျင့်များကို ပြုကျင့်ရမည်။ ပြုကျင့်နိုင်စွမ်း ရှိရမည်။ ဖြောင့်မတ်ရမည်။ ပညာရှိတို့ ဆိုဆုံးမလွယ်ရမည်။ နူးညံ့သိမ်မွေ့ရမည်။ မာန်မာနကင်းရမည်။ ရောင့်ရဲလွယ်ရမည်။ အမွေးအမြူ လွယ်ရမည်။ ကိစ္စနည်းပါးရမည်။ ပေါ့ပါးသူ ဖြစ်ရမည်။ ငြိမ်သက်သော ဣန္ဒြေ ရှိရမည်။ ရင့်ကျက်သော ပညာရှိရမည်။ မကြမ်းတမ်း မရိုင်းပြသူ ဖြစ်ရမည်။ လူ (ဒါယကာ) တို့၌ တွယ်တာမက်မောခြင်း မရှိသူဖြစ်ရမည်။ ပညာရှိတို့ ကဲ့ရဲ့ပြစ်တင်မည့်ကိစ္စမျိုးကို အသေးအဖွဲ့ပင်ဖြစ်စေကာမူ မပြုကျင့်ရဟူ၍ မေတ္တာသုတ်၌ လမ်းညွှန်ထားသည်။

ထို့နောက် သတ္တဝါမှန်သမျှ ကိုယ်ချမ်းသာကြပါစေ၊ ဘေးရန်ကင်းဝေး အေးချမ်းပါစေ၊ စိတ်လည်းချမ်းသာကြပါစေဟူ၍ မေတ္တာပို့ကြရမည်။ လူတစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ဖြားစဉ်းလဲ လှည့်ပတ်မှု မပြုကြပါစေနှင့်။ လူတစ်ယောက်နှင့်တစ်ယောက် နှိမ်ချဖိနှိပ်သောစကား မထီမဲ့မြင်တို့ မပြုကြပါစေနှင့်။ လူတစ်ယောက်နှင့်တစ်ယောက် ဒုက္ခဆင်းရဲရောက်ရသည့် အဖြစ်ကို အလိုမရှိကြပါစေနှင့်ဟူ၍လည်း ဆန္ဒပြုကြရမည်။ ခပ်သိမ်းသော သတ္တဝါတို့အပေါ်တွင် မေတ္တာစိတ်ပွားရာတွင် မိခင်သည် တစ်ဦးတည်းသော သားအပေါ်တွင် အသက်တမျှထားသည့် မေတ္တာမျိုးထားရှိရန်လည်း လမ်းညွှန်ထားပြီး မေတ္တာစျာန်သတိကို ရပ်လျက်ဖြစ်စေ၊ သွားလျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ လျောင်းလျက်ဖြစ်စေ စွဲစွဲမြဲမြဲ ဆောက်တည်နေထိုင်ခြင်းကို ဗြဟ္မဝိဟာရခေါ် ထူးမြတ်သော နေခြင်းမျိုးဟူ၍လည်း မေတ္တာသုတ်၌ ပြဆိုထားသည်။

မေတ္တာစျာန်ရပြီးသော ယောဂီသည် မှားသောအယူသို့လည်း မကပ်၊ သီလလည်းရှိ၍ မဂ်ဉာဏ်နှင့် ပြည့်စုံသူဖြစ်လျက် ကိလေသာ တွယ်တာခြင်းတို့ကို အရှင်းပယ်ရှားပြီးသော် နောက်တစ်ဖန် ပဋိသန္ဓေ မနေရတော့သည်ဖြစ်ရာ မေတ္တာစျာန်ဖြင့် နိဗ္ဗာန်သို့ပင် ရောက်နိုင်ကြောင်း ဘုရားရှင်က ဟောကြားခဲ့သည်။

ယနေ့ကမ္ဘာကြီးသည် လောဘ၊ ဒေါသ၊ မောဟ ဟူသော ကိလေသာမီးတို့ကြောင့် မအေးချမ်းနိုင်သည့်အဖြစ်နှင့် ရင်ဆိုင်နေကြရသည်။ ကိလေသာတို့ ကြီးမားခြင်းကြောင့် ပေါ်ပေါက်လာသည့် ကပ်ဘေးတို့နှင့်လည်း ကြုံတွေ့နေကြရသည်။ ပူလောင်နေသည့် ကမ္ဘာကို အအေးဓာတ်တို့ လွှမ်းပတ်နိုင်ရန်မှာ မေတ္တာသည်သာ ငြိမ်းသတ်နိုင်သည့် တရားဖြစ်သည့်အလျောက် လူတိုင်းကိုယ်စီက မေတ္တာ (အဒေါသ) ကို ကိုယ်စီကျင့်သုံးကာ ငြိမ်းချမ်းနိုင်ကြပါစေကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးအောင်မင်း<br>ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဒေါက်တာ အေးအေးခိုင်<br>ဒုတိယပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၂၁

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ စိုက်ပျိုးရေးဦးစီးမှူးများနှင့်တွေ့ဆုံ

မန္တလေး ဩဂုတ် ၂၁



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ စိုက်ပျိုးရေး ဦးစီးမှူးများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၉နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန လက်အောက်ရှိ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ စိုက်ပျိုးရေး ဦးစီးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စပါးဖူလုံမှု ၆၀ ရာခိုင်နှုန်းရှိသဖြင့် ၁၀၀ ရာခိုင်နှုန်းဖူလုံရန် မည်သည့် မြေအမျိုးအစားတွင် မည်သို့စိုက်မည်ကို ကြံဆလုပ်ကိုင် ရန်လိုကြောင်း၊ ပိုလျှံ သီးနှံကို ပြည်ပသို့တင်ပို့နိုင်ရန် မည်ကဲ့သို့သော မျိုးစပါး၊ သီးနှံစေ့များကို စိုက်ပျိုးသင့်သည်ကို စီမံချက်ရေးဆွဲတင်ပြရန် လိုကြောင်း၊ ကျေးရွာ၊ စိုက်ကွင်းများအရောက်ကွင်းဆင်းပြီး တောင်သူများနှင့် တွေ့ဆုံကာ အသိပညာပေးဆောင်ရွက်ခြင်း၊ တောင်သူများ၏ အခက်အခဲများအတွက် ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ အထူးဇုန်များ၊ စံပြကွက်များ၊ စမ်းသပ်ကွက်များ ဖော်ဆောင်ပြီး မျိုးစေ့ထုတ်လုပ်ငန်းများကို တောင်သူများအား လက်တွေ့စိုက်ပျိုးသရုပ်ပြခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတိုးမင်းနှင့် ခရိုင်၊ မြို့နယ်များမှ စိုက်ပျိုးရေး ဦးစီးမှူးများက လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

မန္တလေးတိုင်း ဒေသကြီး အနေဖြင့် နှစ်စဉ် နွေစပါး၊ မိုးစပါး အပြင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၊ စက်မှုကုန်ကြမ်းသီးနှံများ ဖြစ်သော ကြံ၊ ကော်ဖီနှင့် ဝါသီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း၊ မြေဧရိယာ ဧက ၇ ဒသမ ၆ သန်းအပေါ် စိုက်ပျိုးသည့် ဧရိယာ ၃ ဒသမ ၃ သန်းရှိပြီး နှစ်ပတ်လည်စုစုပေါင်း ၅ ဒသမ ၁ သန်း စိုက်ပျိုးလျက်ရှိကြောင်း၊ သီးနှံစွမ်းအား ၁၅၃ ဒသမ ၄၈ ရာခိုင်နှုန်းရှိပြီး ပဲနှင့်ဆီထွက်သီးနှံများ၌ ဒေသတွင်းဖူလုံမှုရှိကြောင်း၊ ဒေသတွင်းဆန်ဖူလုံမှုရှိစေရန် စပါးစိုက်ဧရိယာ တိုးချဲ့ဆောင်ရွက်ခြင်း၊ တစ်ဧက အထွက်နှုန်း တိုးတက်ရရှိရေးအတွက် နည်းပညာများ၊ ပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လဟယ်မြို့နယ်အတွင်း ကျေးရွာခြောက်ရွာ၌ ရေပေးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

လဟယ် ဩဂုတ် ၂၁

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ၁၇ ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုအချိန်တွင် ကျေးရွာခြောက်ရွာ၌ ရေပေးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

ထို့အပြင် ကျေးလက်ရေပေးရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ကျေးရွာများမှာ ဟန်ဆင်၊ ထန်ခေါ် နောက်ကုန်း၊ လကျန်း၊ ကီပါနောက်နန်း၊ ဆော်လော်နောက်အင်း၊ နောကလော်ကျေးရွာ ခြောက်ရွာတို့ ဖြစ်ကြောင်း သိရသည်။ **မွေးကြူဇင်**

## အသိပေးကြေညာချက်

ရက်စွဲ၊ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၂ ရက်

အများပြည်သူအလုပ်ပိတ်ရက်များအဖြစ် တိုးမြှင့်သတ်မှတ်ကြေညာထားသော ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့မှ ၃၁ ရက်နေ့အထိ နေ့ရက်များအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြသည့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) တွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် ဌာနဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များအား အမှတ်(၄၉)၊ စိမ်းလဲ့မေလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းရုံးခွဲ)၌ ဖွင့်လှစ်ထားသည့် One Stop Services – OSS ရုံးတွင်လည်းကောင်း ရုံးချိန်အတွင်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## ပထမဦးဆုံး ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်း

စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များ ပေါ်များရေးသည် အခြေခံလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များ ပေါ်များရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ စီးပွားရေးပညာရှင်များ၊ ဥပဒေပညာရှင်များ၊ နည်းပညာရှင်များ၊ ဆောက်လုပ်ရေးပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုများလည်း ပေါ်များရန်လိုအပ်ကြောင်း၊ ဒေသအလိုက် ပညာတတ်များ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာတတ်များပေါ်ကြွယ်ဝခြင်းသည် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ပညာတတ်များပေါ်များအောင် ဆောင်ရွက်ရေးသည် မိမိတို့အစိုးရအဖွဲ့၏ ပထမဦးဆုံး ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း မော်လမြိုင်အချုပ်ထောင်နှင့် ကျိုက်မရောဗဟိုအကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မော်လမြိုင်အချုပ်ထောင်နှင့် ယနေ့နံနက်ပိုင်းတွင် ကျိုက်မရော ဗဟိုအကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်အချုပ်ထောင်သို့ ကြည့်ရှုစစ်ဆေးပြီး အချုပ်ထောင်ဗဟိုကင်းစစ်ရေးပြအဖွဲ့ကို ထောင်တာဝန်ရှိသူများအနေဖြင့် နေ့စဉ်စစ်ဆေးရန် လိုအပ်ကြောင်း၊ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး အထူးဂရုစိုက်ရန် လိုအပ်ကြောင်း၊ စည်းကမ်းဖောက်ဖျက်မှုမရှိစေရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်ကြောင်း၊ ဗဟိုကင်းအဖွဲ့အနေဖြင့် သစ္စာရှိ၍ တာဝန်ကျေပွန်စွာ အဖွဲ့စနစ်ဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ ဝတ်စားဆင်ယင်မှု စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝတ်ဆင်ရမည်ဖြစ်ကြောင်း၊ အကျဉ်းသားများကို အချုပ်ထောင်စည်းကမ်းများနှင့်အညီ ထားရှိပြီး ရသင့်ရထိုက်သည့် ကျွေးမွေးမှုများကိုလည်း ကောင်းမွန်မှန်ကန်စွာ ကျွေးမွေးရန်နှင့် ထောင်အတွင်းပို့မည့် ရိက္ခာများကို ဘုတ်အဖွဲ့ဖြင့် စနစ်တကျ စစ်ဆေးရန် လိုအပ်ကြောင်း မှာကြားသည်။



ယင်းနောက် အချုပ်ထောင်ရှိ စားရိပ်သာဂိုဒေါင်၊ အကျဉ်းသားအိပ်ဆောင်၊ စာကြည့်တိုက်၊ စားဖိုဆောင်၊ ဆေးကုသဆောင်၊ သောက်ရေသန့်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အကျဉ်းသားများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှုနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေးဆိုင်ရာ ထုတ်ပြန်ချက်များနှင့်အညီ လိုက်နာမှုရှိစေရေး တင်းတင်းကျပ်ကျပ် ဆောင်ရွက်ရေးအတွက် အကျဉ်းသားများကို ဦးစီးကြပ်မတ်ရသည့် ဝန်ထမ်းများကပါ တိကျစွာ လိုက်နာကျင့်သုံးကြရေး စားရိပ်သာတွင် ရိက္ခာများကို စနစ်တကျထားရှိရေး၊ စာရင်းနှင့် မြေပြင်ရှိ ပစ္စည်းများ ကိုက်ညီမှန်ကန်မှုရှိစေရန် ပုံမှန်စစ်ဆေးကြပ်မတ်ရေး၊ အိပ်ဆောင်များရှိ ရေသုံးစွဲမှု၊ ရေရရှိမှု၊ လောက်ငမှုရှိစေရန် စီစဉ်ဆောင်ရွက်ပေးရေး၊ နေ့စဉ်ထုတ် မြဝတီ၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများကို အဆောင်အလိုက် ထားရှိပေးရန်နှင့် အဆောင်တိုင်းတွင် ရုပ်မြင်သံကြားစက်များ အသစ်ထပ်မံတပ်ဆင်ပေးရေး၊ စာကြည့်တိုက်မှူး ထားရှိပြီး စာအုပ်များအား စနစ်တကျ ထုတ်ပေးနိုင်ရေး၊ သုတရသစာပေများ ဖတ်ရှုနိုင်စေရေး ဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် မော်လမြိုင်မြို့ရှိ ရာမညဇာနည်ခန်းမတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဌာနတိုင်း စိုက်ပျိုး၊ မွေးမြူရေး တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြရန်နှင့် လတ်တလောကာလတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု များပြားနေသဖြင့် ကူးစက်မှုမခံရစေရေး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားလာရေးတို့ကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ကျိုက်မရောမြို့ ကျိုက်မရော ဗဟိုအကျဉ်းထောင်ရှိ ဗဟိုကင်းစစ်ရေးပြအဖွဲ့၊ အကျဉ်းသားအိပ်ဆောင်၊ ဆေးကုသဆောင်၊ စားဖိုဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဗဟိုအကျဉ်းထောင်ဝင်းအတွင်းရှိ နေအိမ်လိုင်းခန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ ထောင်တာဝန်ခံအရာရှိရုံးခန်း၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

*ရှေ့ဖုံးမှ

(ဂ) ကုန်ထုတ်စွမ်းအားမကျဆင်းစေရေးအတွက် အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စက်ရုံ၊ အလုပ်ရုံများအား ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ရန်၊

(ဃ) သက်ဆိုင်ရာဌာနအသီးသီး၏ မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးရုံးလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး work from home နည်းလမ်းဖြင့် လည်းကောင်း၊ အခြားသင့်လျော်သည့် နည်းလမ်းများဖြင့်လည်းကောင်း စီမံဆောင်ရွက်ရန်၊

( င ) မရှိမဖြစ် အခြေခံလိုအပ်ချက်များဖြစ်သော စက်သုံးဆီ၊ သောက်သုံးရေသန့်၊ သား၊ ငါးနှင့် အခြေခံစားသောက်ကုန်များ ရောင်းချသည့်ဆိုင်များသာ ဖွင့်လှစ်ရောင်းချရန်၊

( စ ) ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများ ရောင်းချသည့်ဆိုင်များ၊ ဆေးကုမ္ပဏီများ ဖွင့်လှစ်ရောင်းချရန်၊

(ဆ) စားသောက်ဆိုင်များအနေဖြင့် ပါဆယ်စနစ် (take away) ဖြင့်သာ ရောင်းချရန်၊

(ဇ) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ (အစိုးရဆေးရုံများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ)

(ဈ) မဖြစ်မနေ နေအိမ်မှ ထွက်ခွာသွားရောက်ရမည့် ကိစ္စရပ်များ ပေါ်ပေါက်ပါက ပါးစပ်၊ နှာခေါင်းစည်း(Mask) အပါအဝင် လိုအပ်သော ရောဂါကာကွယ်ရေး အစီအမံများ မဖြစ်မနေဝတ်ဆင်ရန်၊

(ည) မဖြစ်မနေ ခရီးသွားလာရမည့်ပုဂ္ဂိုလ်များ အဆင်ပြေချောမွေ့စေရေးအတွက် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့နှင့် ပတ်သက်သော စက်တပ်ယာဉ်များ ပြေးဆွဲနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြေးဆွဲသွားလာခွင့်ပြုရန်၊

(ဋ) ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှုသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ဌ) ကုန်တင်ကုန်ချဆိပ်ကမ်းများကို ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ရန်၊

(ဍ) Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် COVID–19ဆိုင်ရာ စည်းကမ်းချက်များကို တိကျစွာလိုက်နာရန်။

၃။ အထက်ပါ စည်းကမ်းချက်များအား လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည် ဖြစ်ပါသည်။

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၂

**ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။**

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါအထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၂၀၅ ဦးနှင့် အမျိုးသမီး ၁၁၇ ဦး စုစုပေါင်း ၃၂၂ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ္တခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး နှစ်ဦး၊ စုစုပေါင်း ၁၂ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ္တခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၀၆ ဦးနှင့် အမျိုးသမီး ၁၀၀ စုစုပေါင်း ၂၀၆ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ္တခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၄၆ ဦးနှင့် အမျိုးသမီး ၁၉ ဦး၊ စုစုပေါင်း ၆၅ ဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။



အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ္တခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပညာရေးဒီဂရီကောလိပ်ရှိ Quarantine Center အတွက် ပြင်ဆင်နေမှုများကို ယနေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ **(အပေါ်ပုံ)** လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်လက်မှတ်နှင့် အမှတ်စာရင်းများကို မြန်မာ့စာတိုက်လုပ်ငန်းမှတစ်ဆင့် လျှောက်ထားထုတ်ယူနိုင်ရေးဆောင်ရွက်ထား

**နေပြည်တော် ဩဂုတ် ၂၁**

ကျင်းပပြီးစီးခဲ့သည့် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲများ၏ အောင်လက်မှတ်များနှင့် အမှတ်စာရင်းများကို စာတိုက်မှတစ်ဆင့် ထုတ်ပေးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန (နေပြည်တော်)နှင့် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)တို့တွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် စီစဉ်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသန့်က ပြောကြားသည်။




ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က ထိုသို့ ပြောကြားခြင်း ဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က ကျင်းပပြီးစီးခဲ့သည့် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲများ၏ အောင်လက်မှတ်နှင့် အမှတ်စာရင်းများကို ယခင်က နေပြည်တော် ရုံးချုပ်နှင့် ရန်ကုန်ရုံးခွဲတို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားထုတ်ယူခွင့်ပြုခဲ့ပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် လူကိုယ်တိုင် လာရောက်ထုတ်ယူခွင့်မပြုဘဲ စာတိုက်များမှတစ်ဆင့် ထုတ်ပေးခြင်းဖြစ်ပါကြောင်း။

အောင်လက်မှတ်နှင့် အမှတ်စာရင်းများကို မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနမှ ပြန်လည်ပေးပို့ရာတွင် မြန်မာ့စာတိုက်လုပ်ငန်း၏ ပေးပို့ခပါဝင်ပြီး Smart Register စာအိတ်အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ အောင်လက်မှတ်၊ အမှတ်စာရင်းအတွက် နိုင်ငံတော်သို့ ပေးသွင်းရငွေနှင့် Smart Register စာအိတ်ဖိုးအပါအဝင် ကျသင့်နှုန်းထားများမှာ အောင်လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၁၆၀၀၊ အမှတ်စာရင်း တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၊ အောင်လက်မှတ်နှင့် အမှတ်စာရင်းတစ်စုံလျှင် ငွေကျပ် ၂၀၀၀၊ အောင်လက်မှတ် ပျောက်ဆုံး/ပျက်စီးသူများအတွက် အောင်လက်မှတ် မိတ္တူတစ်စောင်လျှင် ငွေကျပ် ၂၂၀၀ သတ်မှတ်ထားပါကြောင်း၊ အဆိုပါကျသင့်ငွေများကို မြန်မာ့စာတိုက်လုပ်ငန်း၏ ငွေပို့လွှာ (Money Order) ဖြင့်သာ ပေးပို့စေမည်ဖြစ်ပါကြောင်း၊ အောင်လက်မှတ်နှင့် အမှတ်စာရင်း လျှောက်ထားရယူရန် လိုအပ်သည့် အချက်အလက်များနှင့် လျှောက်ထားရန် လမ်းညွှန်ချက်များကို မြန်မာ့စာတိုက်လုပ်ငန်း၏ စာတိုက်များတွင် ကြော်ငြာကပ်ထားပေးခြင်းဖြင့် လျှောက်ထားလိုသူများသည် နီးစပ်ရာစာတိုက်များတွင် သွားရောက်လျှောက်ထားနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ ရုံးများပြန်ဖွင့်ချိန်တွင် လုပ်ငန်းများ စနစ်တကျ လျင်မြန်စွာ ပြီးမြောက် အောင်မြင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းနှင့်ပတ်သက်သော ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ဆွေးနွေး၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရုံးပိတ်ရက်ကာလ ဖြစ်သော်လည်း တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်လက်မှတ်နှင့် အမှတ်စာရင်းများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၏ စာတိုက်များမှတစ်ဆင့် ပေးပို့လျှောက်ထား ခွင့်ပြုလျက်ရှိပြီး သက်ဆိုင်ရာ လျှောက်ထားသူများထံသို့ ရုံးများဖွင့်လှစ်ချိန်တွင် စာတိုက်မှတစ်ဆင့် ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးအောင်(ပညာရေး)**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁၉ ရက်မှ ယနေ့အထိ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ကိုးဦး၊ စုစုပေါင်း ၂၆ ဦးနှင့် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၈၈ ဦး၊ အမျိုးသမီး ၁၁၅ ဦး၊ စုစုပေါင်း ၂၀၃ ဦးတို့ကို နယ်စပ်ဂိတ်အသီးသီးမှတစ်ဆင့် လက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ် အသီးသီးသို့ လိုက်လံ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာ နေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒေသခံပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ဆန်၊ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော်  ဩဂုတ် ၂၁**

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း (Volunteer) များနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

**သွားရောက်ထောက်ပံ့လှူဒါန်း**

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ အမှတ်(၄)ရပ်ကွက်ရှိ ဒေသခံပြည်သူများကို ဆန်နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံများအတွက် ထောက်ပံ့ငွေကျပ် ၁၀၂၅ သိန်း၊ Quarantine Center၊ ကုသရေးစင်တာနှင့်ကုသရေးဆေးရုံများတွင် တာဝန်ထမ်းဆောင်နေသည့် စေတနာ့ဝန်ထမ်းများ၏ စားစရိတ်နှင့် စက်သုံးဆီအတွက် ထောက်ပံ့ငွေကျပ် ၂၁၅၅ သိန်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် Quarantine Center၊ ကုသရေးစင်တာနှင့် ကုသရေးဆေးရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၁၇၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချောက်မြို့နယ် ပြည်သူ့ဆေးရုံရှိ ဆေးရုံတက်လူနာများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ထောက်ပံ့လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတရုတ်ကုန်သည်ကြီးများအသင်းချုပ်က မှာယူတင်သွင်းလာသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ခုနစ်သိန်းနှင့် ဆက်စပ်ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိ



**ရန်ကုန်  ဩဂုတ် ၂၁**

မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ်က မှာယူတင်သွင်းလာသော Sinophram ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ခုနစ်သိန်းနှင့် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသည့် စင်းလုံးငှားလေယာဉ်သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ ရောက်ရှိလာသည့် ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ခုနစ်သိန်းနှင့် ဆက်စပ်ပစ္စည်းများကို လေယာဉ်ပေါ်မှ အအေးခန်းကားပေါ်သို့ ရွှေ့ပြောင်းနေမှုများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာ ဝန်ကြီး ဦးအောင်သန်းဦး၊ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်း၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများ အသင်းချုပ်ဥက္ကဋ္ဌ ဦးအိုင်ထွန်းတို့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ရောက်ရှိလာသည့် ဆေးများနှင့် ဆက်စပ်ပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန် မှာကြားချက်အတိုင်း အအေးလမ်းကြောင်း မပြတ်စေရေး လေဆိပ်သို့ရောက်ရှိလာသည်နှင့်တစ်ပြိုင်တည်း အချိန်နှင့်တစ်ပြေးညီ အအေးခန်းကားများဖြင့် သယ်ဆောင်၍ သာကေတ စက်မှုဇုန်ရှိ ဆေးသိုလှောင်ရုံနေရာသို့ ညတွင်းချင်းသယ်ဆောင်ကာ စနစ်တကျထိန်းသိမ်း သိုလှောင်ထည့်သွင်း ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

❖ *ရှေ့ဖုံးမှ*

လုပ်ငန်းသုံးအောက်ဆီဂျင်စက် (Oxygen Generator) ခြောက်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၁၁၁၃ ခု၊ Covid Test Kit ၂၄၀၀၀၊ PPE ဝတ်စုံ ၁၁၂၅၀၀၊ လက်အိတ် ၁၃ တန်နှင့် နှာခေါင်းစည်း (Mask) ၆၇ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၂၉ ခုမှ ယာဉ်စီးရေ ၅၄ စီးဖြင့် တင်သွင်းခဲ့ခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၂၁ ရက်အထိ ယာဉ်စီးရေ ၁၉၃၇ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် တန် ၁၉၃၀၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၈၇၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (Bowser)ယာဉ်ဖြင့် ကိုးတန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၈၇ တန်၊ Storage Container ၁၃ ခု၊ အောက်ဆီဂျင် (အရည်) Distributor ခြောက်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၁၈၃၁၅၁ ခု၊ Oxygen Plant ၄၈ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် ခြောက်ခု၊ အောက်ဆီဂျင်ဖြည့်ကိရိယာနှစ်စုံ၊ Oxygen Genera-tor ၂၈ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၁၅၂၆၂၅ခု၊ Test Kit ၅၀၈၆၈၆ ခု၊ PPE ဝတ်စုံ ၈၅၅၄၀၀၊ လက်အိတ် ၁၁၃ တန်နှင့် နှာခေါင်းစည်း (Mask) ၂၇၁၂ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၂၁ ရက်အထိ ပြည်ပမှတင်သွင်းလာသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ် စုစုပေါင်း ၉၅ စီးမှာ ရန်ကုန်မြို့သို့ အစီး ၇၀၊ မန္တလေးမြို့သို့ ၁၅ စီး၊ မော်လမြိုင်မြို့သို့ လေးစီး၊ ပဲခူးမြို့သို့ နှစ်စီး၊ သထုံမြို့သို့ တစ်စီး၊ သံဖြူဇရပ်မြို့သို့ တစ်စီး၊ မုံရွာမြို့သို့ တစ်စီး၊ နေပြည်တော်သို့ တစ်စီးဖြစ်ကြောင်း သိရှိရသည်။ Oxygen Plant စုစုပေါင်း ၄၈ ခုမှာ ရန်ကုန်မြို့သို့ ၁၅ ခု၊ လားရှိုးမြို့သို့ ငါးခု၊ မန္တလေးမြို့သို့ ငါးခု၊ ပဲခူးမြို့သို့ လေးခု၊ ကျောက်ပန်းတောင်းမြို့ သုံးခု၊ ပခုက္ကူမြို့သို့ နှစ်ခု၊ ဘားအံမြို့သို့ နှစ်ခု၊ မော်လမြိုင်မြို့သို့ နှစ်ခု၊ မုံရွာမြို့သို့ နှစ်ခု၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ မိုးကောင်းမြို့နှင့် ကျောက်တံခါးမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် ဩဂုတ် ၂၃ ရက်မှ ၃၁ ရက်အထိ ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည် မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက် ရောဂါကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးမည်ဖြစ်ပြီး အဆိုပါရက်များတွင် ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုများကိုလည်း ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ယနေ့ရက်နေ့စွဲဖြင့် အသိပေးကြေညာချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်အိုးများ တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် – ၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင်လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ Contact Person များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရ - ရထားကြီးပျော်ပျော်စီးခဲ့ဖူးပါသည်

*စာချစ်သူ*

၈ မေ ၂၀၁၂ ရက် နံနက်။

ကျိုတိုဘူတာစုရပ်သို့ ရောက်တော့ ဘေးဘီဝဲယာကို မလေ့လာနိုင်အား။ ရထားဆိုက်ရပ်ချိန်က နီးကပ်နေတော့ အားလုံးအပြေးအလွှား။ မိနစ်ပိုင်းအတွင်း Bullet Train Nozomi 218 ဆိုက်ရောက်လာသည်။ ရထားပေါ်ရောက်လေမှ လေ့လာရေးအဖွဲ့ဝင်များအားလုံး သက်ပြင်းချနိုင်တော့သည်။

သူတို့နိုင်ငံမှ ကျည်ဆန်ရထားများက အချိန်တိကျသည်။ ကျိုတိုဘူတာမှ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၂၆ မိနစ်တွင် စတင်ထွက်ခွာပြီး တိုကျိုဘူတာသို့ ၁၁ နာရီ ၄၃ မိနစ်တွင် ဆိုက်ရောက်မည်ဆိုတော့ အချိန်အားဖြင့် နှစ်နာရီကျော် စီးရပေမည်။

ဘေးဘီဝဲယာကိုကြည့်လိုက်တော့ မြင်ကွင်းတို့ကား ရိပ်ခနဲ၊ ရိပ်ခနဲ။ တစ်အောင့်ကြာတော့ ဟိုးအဝေးက ဖူဂျီယာမားတောင်ကို လှစ်ခနဲ လှမ်းတွေ့လိုက်ရသည်။ ရထားအတွင်းမှာတော့ ခုတ်မောင်းလို့ ခုတ်မောင်းနေမှန်း မသိရလောက်အောင် တည်ငြိမ်နေသည်။ မကြာမီ ဝန်ထမ်းတစ်ဦးက ကော်ဖီ၊ လက်ဖက်ရည်၊ အအေးနှင့် မုန့်မျိုးစုံတင်ထားသောတွန်းလှည်းလေးနှင့် ထွက်လာသည်။

ကော်ဖီတစ်ခွက် ဝယ်သောက်ပြီး နောက်ဆက်တွဲ ခံတွင်းက ချဉ်လာသည်။ သို့နှင့် တွဲတစ်တွဲထောင့်ရှိ လူနှစ်ဦး၊ သုံးဦးစာမျှ မှန်အလုံပိတ်ထားသည့် Smoking Room ဆီသို့ ခြေဦးတည်လိုက်သည်။ ရထားပေါ်မှာတော့ ခရီးသည်များများစားစား မတွေ့ရ။ တွဲတစ်တွဲတွင် ခရီးသည်ဆယ်ယောက်ပင်မပြည့်။ တွဲတစ်တွဲဆိုမှ ခရီးသည်နှစ်ဦး၊ သုံးဦးမျှသာ။ အားလုံး ကိုယ့်အာရုံနှင့်ကိုယ်။ ငယ်သော ချောသော နီပွန်ပျိုဖြူကလေးတစ်ဦးကမူ သူ့ရှေ့က လက်တော့ပ်ပေါ်ကိုသာ စူးစိုက်ကြည့်နေသည်။

### တိုကျိုမြေအောက်ရထားများ

တိုကျိုမြေအောက်ရထားများတွင်မူ ခရီးသည်များက အပြည့်။ ထိုင်ခုံလွတ်မရှိ၍ အများနည်းတူ မတ်တတ်ရပ်စီးခဲ့ရသည်။ အများစုက ထိုစဉ်ကတည်းက နှာခေါင်းစည်းကိုယ်စီတပ်ထားကြသည်။ မြို့လယ်ဘူတာရောက်တော့ ရထားပေါ်ကဆင်းလာကြသည့် ခရီးသည်များက နည်းနည်းနောနောမဟုတ်။ အကြွေစေ့လေးများစက်ထဲထည့်ပြီး ဝယ်ယူလာသည့်လက်မှတ်ဖြတ်ပိုင်းကို အထွက်ဂိတ်စက်ထဲပြန်ထည့်၊ မြောက်တက်သွားသော မောင်းတံအောက်က ကိုယ်စီထွက်၍ ကိုယ်လိုရာပန်းတိုင်သို့ ခရီးဆက်ကြတော့သည်။

နီပွန်နိုင်ငံသားတို့၏ ရထားပေါ်က နိစ္စဓူဝဘဝများက ယခုကဲ့သို့ တစေ့တစောင်းအကဲခတ်ကြည့်တော့လည်း ပုံမှန်အသားတကျ လည်ပတ်နေသည်ဟု ဆိုရမည်။ သို့တစေ ထိုစဉ်က ရေတွက်လျှင် လွန်ခဲ့သော ၁၇ နှစ် ၁၉၉၅ ခုနှစ်ကမူ ဆိုခဲ့ပါတိုကျို မြေအောက်ရထားပေါ်တွင် စိတ်ရူးပေါက်နေသူ အကြမ်းဖက်သမားတို့၏ လက်ချက်ကြောင့် ကမ္ဘာပျက်ခဲ့ရသည်။

မုတ်ဆိတ်မွေး ဗရပွနှင့် ဂမ္ဘီရဆရာကြီး ရှိုလိုအာဆာဟာရာ(Sholho Asahara) ဦးဆောင်သော ဦံရှုရိန်ကျို (Aum Shinrikyo) ဟူသည့် အစွန်းရောက်ဘာသာရေးဂိုဏ်းမှ အဖွဲ့ဝင်အကြမ်းဖက်သမားများသည် Sarin Gas အဆိပ်ဓာတ်ငွေ့များကို ပလတ်စတစ်အိတ်ထဲတွင်ထည့်၍ အပေါ်က သတင်းစာနှင့်ပတ်ကာ ယူဆောင်လာသည်။

ထို့နောက် အကြမ်းဖက်သမားများသည် လေလုံနေသော မြေအောက်ရထားပေါ်တွင် ပလတ်စတစ်အိတ်ကို ထီးအချွန်နှင့် ထိုးဖောက်ကာ အဆိပ်ဓာတ်ငွေ့များကို ဖောက်ထုတ်လိုက်သည်။ မိနစ်ပိုင်းအတွင်းမှာပင် အပြစ်မဲ့ပြည်သူအများအပြား အတုံးအရုံးလဲကျသေဆုံးခဲ့ကြရှာသည်။ မူလရည်မှန်းထားသော ခရီးဆုံးပန်းတိုင်သို့ သူတို့မသွားရောက်နိုင်ကြတော့။ မြေအောက်ရထားဘူတာ ပလက်ဖောင်းထက်ဝယ်မှာသာ သူတို့၏သက်မဲ့ခန္ဓာများက လဲလျောင်း၍ ထာဝရအိပ်စက်သွားခဲ့ရရှာသည်။ သူတို့မျက်နှာများကတော့ ဘာကြောင့်လဲ၊ ဘာအတွက်လဲ ဝေခွဲမရပုံရိပ်များဖြင့်။

### အကြမ်းဖက်မှု

ထိုအကြမ်းဖက်မှုသည် ကမ္ဘာပေါ်တွင် ဖြစ်တောင့်ဖြစ်ခဲ Chemical နှင့် ပတ်သက်သည့် အကြမ်းဖက်မှုဖြစ်၍ ဂျပန်နိုင်ငံသားအားလုံး တုန်လှုပ်ချောက်ချားသွားကြသည်။ ဂျပန်အာဏာပိုင်အဖွဲ့ကလည်း ဦံရှုရိန်ကျိုဘာသာရေးအစွန်းရောက်ဂိုဏ်းခေါင်းဆောင် ရှိုလိုအာဆာဟာရာနှင့် ဂိုဏ်းအဖွဲ့ဝင်များကို ချက်ချင်းတုံ့ပြန်ဖမ်းဆီးအရေးယူခဲ့သည်။

အာဆာဟာရာသည် ၁၉၈၄ ခုနှစ်တွင် အဆိုပါဘာသာရေးအစုအဖွဲ့ကို ထူထောင်ခဲ့ပြီး သူ့ကို အများက တန်ခိုးရှင်၊ သိဒ္ဓိရှင်အဖြစ် ကြည်ညိုလာစေရန် ဖန်တီးခဲ့သည်။ အထူးသဖြင့် ဂျပန်အထက်တန်းလွှာများက သူ့ကိုကြည်ညိုကြသည်။ နောက်ပိုင်းတွင် တဖြည်းဖြည်းချင်း အင်အားတောင့်လာသည်။ ၁၉၉၂ ခုနှစ်ခန့်တွင် အာဆာဟာရာသည် ကမ္ဘာကြီးပျက်တော့မည်ဟုကြေညာပြီး ကမ္ဘာကြီးပျက်လျှင် လူကောင်းတွေပဲ ရှင်သန်ကျန်ရစ်မည်၊ လူကောင်းတွေဖြစ်သည့် ဦံရှုရိန်ကျိုအဖွဲ့ဝင်များသာ ကျန်ရစ်ခဲ့မည်ဟု ဟောပြောလေတော့သည်။ သူ့အရပ်နှင့် သူ့ဇာတ် သူ့ပရိသတ်နှင့်သူဟုသာ ဆိုရပေမည်။

"ရေကုသိုလ်၊ ရေကုသိုလ်"ဟုဆိုကာ ရေအိုးလေးများကို ခေါင်းထက်ဝယ် ကိုယ်စီရွက်ကာ ဘူတာစဉ်တိုင်းတွင် တကြော်ကြော်အော်၍ ရေအလှူကုသိုလ်ပြုခဲ့ကြပါသော မြန်မာ့ကျေးလက်က လုံမပျိုများ၊ ကလေးငယ်များကို ယခုလူလတ်ပိုင်းအရွယ်များ တစ်ခေတ်တစ်ခါက မြင်တွေ့ခဲ့ဖူးကြပါလိမ့်မည်။

ထိုရေကုသိုလ်ရှင်လေးများက ဈေးသည်များ မဟုတ်၊ ရေအိုးထဲက သောက်ရေတစ်ခွက်ကို ဘယ်၍ဘယ်မျှပေးချေရမည်ဟု တန်ဖိုးမဖြတ်ခဲ့ကြ။ ရထားပြတင်းပေါက်ကတစ်ဆင့် ခရီးသည်က ရေတစ်ခွက် အလကားတောင်းသောက်နိုင်သည်။ သို့ရာတွင် ရေကုသိုလ်အလှူရှင်များ၏ စေတနာကို တုံ့ပြန်သောအားဖြင့် ခရီးသည်တိုင်းက ထိုစဉ်က ၁၀ ပြား၊ ၁၅ ပြား၊ တစ်မတ်၊ ငါးမူး၊ တစ်ကျပ် ပြန်လည်ပေးလှူတတ်ကြလေသည်။

မြန်မာ့မီးရထားများသည် ဂျပန်ကျည်ဆန်ရထားများသို့နှယ် တည်ငြိမ်ခြင်း၊ ငြိမ်သက်ခြင်း၊ တိကျခြင်း၊ မှန်ကန်ခြင်း၊ မြန်ဆန်ခြင်းတို့နှင့်လည်း ယှဉ်၍မရ။ ထို့အတူ မြို့ပြ၏ မြင်ကွင်းတိုက်တာအဆောက်အအုံများအစား လယ်ကွင်းများ၊ ချောင်းမြောင်း အင်းအိုင်များနှင့် ထုံးဖြူဖွေးဖွေး စေတီလေးများ၊ ကျေးလက်ရနံ့၊ ကျေးလက်မြင်ကွင်းပုံရိပ်များဖြင့်သာ ထင်ဟပ်နေပါလိမ့်မည်။

သို့ရာတွင် ထိုခေတ်ထိုအခါက မြန်မာ့မီးရထားသည်လည်း အလုံးစုံဘေးရန်ခပ်သိမ်း မကင်းငြိမ်းနိုင်ခဲ့ရရှာ။ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော ပြည်တွင်းသောင်းကျန်းမှုရန်နှင့်အတူ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ ရထားလမ်းကို မိုင်းထောင်ဖုံးခွဲမှုများကြောင့် မကြာခဏပျက်စီးခဲ့လေသည်။ အထူးသဖြင့် အကြမ်းဖက်သောင်းကျန်းသူများသည် တောင်ငူ၊ ကျွဲပွဲ၊ ညောင်ခြေထောက်၊ ကညွတ်ကွင်း ရထားလမ်းပိုင်းများကို ၁၉၈၀ ကျော်လွန်နှစ်များအထိ မကြာခဏမိုင်းထောင်ဖုံးခွဲတတ်ကြသည်။

### တပ်မတော်က တာဝန်ယူခဲ့ရ

တစ်ခေတ်တစ်ခါကဆိုပါလျှင် နွေရာသီကျောင်းပိတ်ရက်အတွင်း မိဘရပ်ထံပြန်ကြမည့် တက္ကသိုလ်ကျောင်းသူများ လိုက်ပါလာသော မီးရထားကို မိုင်းထောင်ဖုံးခွဲရပ်တန့်စေပြီး တက္ကသိုလ် ကျောင်းသူများကို ဖမ်းဆီးခေါ်ဆောင်ကာ တရုတ်ဖြူ ကျူးကျော်သူများထံ လက်နက်နှင့် လဲလှယ်ခဲ့ကြ၏။ ထို့ကြောင့် ခေတ်အဆက်ဆက် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် တပ်မတော်က တာဝန်ယူခဲ့ရသည်။

**တိုင်းတပ်မအလံလေးများထူကာ ရထားလမ်း လုံခြုံရေးကို တာဝန်ယူကင်းစောင့်နေကြသော တပ်မတော်သားများကို ရထားပေါ်ကခရီးသည်များမြင်လျှင် အားရှိကြသည်။ စိတ်ချမ်းမြေ့တတ်ကြသည်။ ခရီးသည်အများစုကမူ ထိုတပ်မတော်ကင်းစခန်းလေးများကို တွေ့လျှင် ဖတ်စရာမှတ်စရာ သတင်းစာ၊ မဂ္ဂဇင်းများ၊ စားသောက်ဖွယ်ရာများကို တခုတ်တရ သေချာထုပ်ပိုးစည်းနှောင်၍ ပစ်ချကြပြီး ကျေးဇူးတုံ့ပြန် အသိအမှတ်ပြုကြသည်။**

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်က နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းရယူပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူပြီး နောက်ပိုင်းတွင် မြန်မာ့မီးရထားခရီးစဉ်များသည် များစွာအေးချမ်းလာသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ထွက်လာခဲ့သော သမ္မတကြီး ဦးသိန်းစိန်အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် NCA ငြိမ်းချမ်းရေးစာချုပ်၌ လက်မှတ်ရေးထိုးပြီးသောအခါတွင်မူ မြန်မာ့မီးရထားခရီးစဉ်များသည် ပို၍ပင် ဘေးမသန်းဘဲ အေးချမ်းခဲ့လေသည်။

### ရ-ရထားကြီး ပျော်ပျော်စီး

ထိုသောအခါ ကျွန်တော်သည် ကရင်ပြည်နယ် ဘားအံမြို့ကို ကားဖြင့်တိုက်ရိုက်မသွားဘဲ မော်လမြိုင်ရထားစီးကာ မော်လမြိုင်မြို့မှ ကွေ့ကာဝိုက်ကာ ပတ်၍သွားခဲ့ဖူးသည်။ တပ်မတော်အစိုးရခေတ်က တည်ဆောက်ခဲ့သည့် အိပ်မက်တံတားကြီးဟု ဒေသခံများတင်စားခဲ့ကြသည့် မော်လမြိုင်တံတားကြီးကို ရ-ရထားကြီး ပျော်ပျော်စီးရင်း ဖြတ်သန်းကြည့်ရှုချင်သည့် အာသာဆန္ဒကြောင့်ဖြစ်လေသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ် ပေါ်ပေါက်လာပြီးနောက်ပိုင်းတွင်မူ မြန်မာ့မီးရထားသည် အကြမ်းဖက်သမားလက်သစ်များနှင့် အဖျက်သမားတို့ရန်ကြောင့် ကြီးစွာသောခြိမ်းခြောက်မှုအမျိုးမျိုးနှင့် ကြုံတွေ့လာခဲ့ရပြန်ပါသည်။ *စာမျက်နှာ ၇ သို့*

**တိုင်းပြည်ကနုန့ မုန်တိုင်းကထန်ထန် ကာလမှသည် ယခုပစ္စုပ္ပန်ကာလအထိ မမြင်ခဲ့၊ မကြားခဲ့ဖူးသော ထိုအနိဋ္ဌာရုံ မြင်ကွင်းသည် သူ့ထက်ကဲ ရွှေပြည်စိုးလက်သစ် အကြမ်းဖက်သမားတို့၏ အကြမ်းဖက်လုပ်ရပ်ကြောင့် သမိုင်းတွင် အကျည်းတန်အရုပ်ဆိုးစွာ ဖြစ်ပေါ်လာခဲ့လေပြီ။ တိုကျို မြေအောက်ရထားအကြမ်းဖက်မှုဖြစ်စဉ်ကို စီစဉ်ကျူးလွန်စေသူ ဘာသာရေးအစွန်းရောက် အကြမ်းဖက်ခေါင်းဆောင် အာဆာဟာရာအား ကြည်ညိုသူ တို့သို့နှယ် ယခုအကြမ်းဖက်လုပ်ရပ်ကို လူမှုကွန်ရက်စာမျက်နှာထက်တွင် ကောင်းချီးသြဘာပေးသော မှတ်ချက်များစွာတို့ဖြင့် ထောက်ခံရေးသားကြသူ ဝန်းရံသူတို့ကလည်း မနည်းလှ**

## အသိပေးကြေညာချက်

**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်**

၁။ အများပြည်သူ ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသော ၂၃.၈.၂၀၂၁ ရက်မှ ၃၁.၈.၂၀၂၁ ရက် အထိ ရုံးပိတ်ရက်များတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၂။ အဆိုပါရက်များတွင်လည်း ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်) တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားမှုများကို ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အသိပေးကြေညာခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ဩဂုတ်လ ၂၃ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်ရှည်အဖြစ် ကြေညာခဲ့ပါသည်။ အများပြည်သူ အလုပ်ပိတ်ရက်ရှည်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသမှုဆိုင်ရာ ဆေးဝါး၊ ဆက်စပ်ပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်း တင်သွင်းခြင်းကိစ္စရပ်များအား (ရေကြောင်း/လေကြောင်း/နယ်စပ်) လမ်းကြောင်းများမှ တစ်ဆင့် လွယ်ကူလျင်မြန်စွာ အခက်အခဲမရှိ တင်သွင်းနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပိတ်ရက်မရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

**သစ်ပင်စိုက်မှ**

**အရိပ်ရ၏။**

**ရိပ်ခိုနားနေ**

**အပန်းဖြေ၏။**

## မေတ္တာတေးသာ သီကြွေးပါ

❂ အခါတစ်ပါး၊ မြတ်ဘုရားရှင်သည်
ဇေတဝန်ကျောင်း၊ စက်လျောင်းခိုမှီ
ပြည်သာဝတ္ထိ၊ မည်ရှိဌာနီ
ပန်းစုံသင်း၊ ဝါတွင်းကာလဆီ။

❂ ငါးရာရဟန်း၊ စိတ်ဝမ်းမကြည်
မြတ်ရှင်ထံပါး၊ ဝပ်တွားကိုယ်စီ
တောအရပ်မှ၊ ပြန်းကြွလာသည်
လက်အုပ်မိုး၊ ရှိခိုးလျှောက်တင်ပြီ။

❂ ရှင်တော်မြတ်ဘုရား၊ လျှောက်ထားပါသည်
တောအုပ်တစ်ခု၊ ရှေးရှုခိုမှီ
ရဟန်းတော်များ၊ တစ်ပါးတစ်ပင်စီ
ကျင့်ကြံပွားများ၊ မြတ်တရားဂုဏ်ရည်
ညဥ့်ယံလုံး၊ သီတင်းသုံးပါသည်။
ကမ္မဋ္ဌာန်းတရား၊ အားထုတ်ခဲ့ပါသည်။

❂ အားထုတ်နေဆဲ၊ ရှုမရပါသည်
သဘက်ဘီလူး၊ စွယ်ပြူးအာနီ
သံနက်သံဆိုး၊ အမျိုးမျိုးအော်မြည်
စိတ်မသန့်၊ ထိတ်လန့်ရပါသည်။

❂ ထို့ပြင်မက၊ ဒုက္ခစုံညီ
အပုပ်နံ့အညှီနံ့၊ လွှမ်းဖြန့်ပါသည်
တရားသမာဓိ၊ မရရှိပါပြီ
ခြောက်လှန့်ပြီး၊ ဖျက်ဆီးကြပါသည်။

❂ လျှောက်တင်စကား၊ နာကြားစုံညီ
မြတ်ရှင်ဘုရား၊ မိန့်ကြားပါသည်
တောစောင့်နတ်များ၊ မြင့်မားရာဆီ
မနေဝံ့၊ ကြောက်ရွံ့အောင်လှန့်သည်။

❂ မေတ္တာကမ္မဋ္ဌာန်း၊ စီးဖြန်းကိုယ်စီ
ရဟန်းတို့အား၊ သင်ကြားရှာသည်
ယဿာနုဘာဝေတေယက္ခာအစချီ
မေတ္တသုတ်၊ ဟောထုတ်ညွှန်ပြပြီ။

❂ တောအုပ်ပြန်သွား၊ ရဟန်းများကိုယ်စီ
မေတ္တာကမ္မဋ္ဌာန်း၊ စီးဖြန်းလေပြီ
နတ်ဘုမ္မစိုး၊ ရုက္ခစိုးစုံညီ
ရွှင်ကြည်ပြုံး၊ တောလုံးသာယာပြီ။

❂ သပိတ်ကိုပွေ့၊ နေ့တိုင်းကူညီ
ခြေဆေးကာပေး၊ လုပ်ကျွေးလာသည်
မေတ္တာရနံ့၊ သင်းပျံ့ထုံကြည်
နတ်တစ်သင်း၊ ဖန်ဆင်းလူနှယ်အတည်။

❂ ငါးရာရဟန်း၊ ရွှင်လန်းကြည်ကြည်၊
တရားကမ္မဋ္ဌာန်း၊ ဆင်မြန်းနိုင်ပြီ
နှောင့်ယှက်ကင်းလတ်၊ ဝါကပ်နိုင်သည်
မေတ္တာအကျိုး၊ မြတ်နိုးဘွယ်ဂုဏ်ရည်။

❂ မြန်မာ့မြေတစ်ဝန်း၊ ငြိမ်းချမ်းစေရည်
ကမ္ဘာ့မြေတစ်ဝန်း၊ ငြိမ်းချမ်းစေရည်
ပေးတူယူမျှ၊ ရကြစေရည်
ဖေးကူတူတကွ၊ ရကြစေရည်
မေတ္တသုတ်၊ ဆိုနှုတ်ရွတ်ကိုယ်စီ။
မေတ္တာတေး၊ သီကြွေးလူတိုင်းသည်။
မေတ္တာပန်း၊ ပွင့်လန်းအိမ်တိုင်းဆီ။
မေတ္တာနေ့၊ မမေ့ကမ္ဘာအရှည်။ ။

**မြင်းမူမောင်နိုင်မိုး**

*စာမျက်နှာ ၆ မှ*

**တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်**

တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်ကာလ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလက ရန်ကုန်မြို့ကို သိမ်းပိုက်ရန် တောင်ငူဘက်က စုန်ဆင်းလာခဲ့သော KNDO ကရင်သောင်းကျန်းသူများ၏သတင်းကို ပဲခူးမြို့တွင် အခြေပြုထားသည့် ဗမာ့သေနတ်ကိုင် တပ်ရင်း (၆) ဌာနချုပ်သို့ “Karens bypassed Nyaun Lay Bin with Forty Trucks 4 am this morning” ဟူ၍ ပြွန်တန်ဆာမီးရထားရုံပိုင်ကြီးက ပဲခူးရုံပိုင်ကြီးထံသို့ တာဝန်သိစွာ ဆင့်ကဲဆင့်ကဲ ကြေးနန်းပေးပို့ခဲ့ကြပါသော မြန်မာ့မီးရထားဝန်ထမ်းတို့၏ နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် သစ္စာရှိမှုများကား အချို့သူများအတွက် ပုံပြင်သဖွယ် ဖြစ်သွားခဲ့သည်။

ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲတို့ဖြင့် CDM လုပ်သွားခဲ့ကြသည့် မြန်မာ့မီးရထားဝန်ထမ်းအချို့သည် နိုင်ငံတော်နှင့်ပြည်သူတို့အပေါ် သစ္စာဖောက်ကာ ရထားခရီးစဉ်များကို သပိတ်မှောက်၍ ရပ်ဆိုင်းခဲ့ကြသည်။ ပါတီကို ဝန်းရံထောက်ခံသူအများစုက မြို့တွင်းသာမက ဒေသအနှံ့ရှိ ရထားလမ်းပိုင်းများကို ဖျက်ဆီးကြသည်။ ပိတ်ဆို့ကြသည်။ မိုင်းထောင်ဖောက်ခွဲကြလေသည်။

ယခုရက်ပိုင်း ဩဂုတ်လ ၁၄ ရက် ညနေတွင် ရန်ကုန် - အင်းစိန်ပြေးဆွဲနေသော မြို့ပတ်ရထားခရီးစဉ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသော ရထားရဲတပ်ဖွဲ့တို့ကို အကြမ်းဖက်သမားများက သေနတ်နှင့်ပစ်ခတ်၍ ရထားရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်ကို လူမှုကွန်ရက်စာမျက်နှာထက်တွင် တွေ့မြင်လိုက်ရသည်။

**သွေးတို့ဖြင့် စွန်းထင်ကျန်ရစ်ခဲ့**

အခြေခံလူတန်းစားများ၊ ဈေးရောင်းဈေးဝယ်များ၊ ရုံးဝန်ထမ်းများ အများဆုံးအားပြုစီးနင်းရာ မြို့ပတ်ရထားလေးသည် ရထားရဲတပ်ဖွဲ့ဝင်တို့၏ ရဲရဲနီစွေးသောသွေးတို့ဖြင့် စွန်းထင်ကျန်ရစ်ခဲ့ရလေပြီ။

**တိုင်းပြည်ကနုနု မုန်တိုင်းက ထန်ထန်ကာလမှသည် ယခုပစ္စုပ္ပန်ကာလအထိ မမြင်ခဲ့၊ မကြားခဲ့ဖူးသော ထိုအနိဋ္ဌာရုံမြင်ကွင်းသည် သူ့ထက်ကဲ ရွှေပြည်စိုးလက်သစ် အကြမ်းဖက်သမားတို့၏ အကြမ်းဖက်လုပ်ရပ်ကြောင့် သမိုင်းတွင် အကျည်းတန်အရုပ်ဆိုးစွာ ဖြစ်ပေါ်လာခဲ့လေပြီ။ တိုကျို မြေအောက်ရထား အကြမ်းဖက်မှု ဖြစ်စဉ်ကို စီစဉ်ကျူးလွန်စေသူ ဘာသာရေးအစွန်းရောက် အကြမ်းဖက်ခေါင်းဆောင် အာဆာဟာရာအား ကြည်ညိုသူတို့သို့နှယ် ယခုအကြမ်းဖက်လုပ်ရပ်ကို လူမှုကွန်ရက် စာမျက်နှာထက်တွင် ကောင်းချီးဩဘာပေးသောမှတ်ချက်များစွာတို့ဖြင့် ထောက်ခံရေးသားကြသူ ဝန်းရံသူတို့ကလည်း မနည်းလှ။**

လယ်ကွင်းများ၊ ချောင်းမြောင်းအင်းအိုင်များနှင့် အဝေးက ထုံးဖြူဖွေးဖွေးစေတီလေးများ၊ ကျေးလက်ရှုခင်း၊ ကျေးလက်မြင်ကွင်း၊ ကျေးလက်ရနံ့များ လွှမ်းထုံနေသော ကျေးလက်နယ်ခရီးဝေးရထားခရီးစဉ်များ၊ အခြေခံလူတန်းစားအများစု၏ ဝလေ့စရိုက်များ၊ ပကာသနမပါ ဖော်ရွေပျူငှာသော လူမှုဆက်ဆံရေးများ လွှမ်းခြုံနေသော မြို့ပတ်ရထားခရီးစဉ်များကို ကျွန်တော်ပြန်လည်တမ်းတလွမ်းမိပါတော့သည်။ ။

# ဗလမင်းထင်တံတားအမှတ် (၂) ကို ဘဏ္ဍာနှစ် သုံးနှစ်အတွင်း တည်ဆောက်မည်

မြစ်ကြီးနား ဩဂုတ် ၂၁

**ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲ ၂ နာရီခွဲက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မန္တလေး-လားရှိုး- ဗန်းမော် - မြစ်ကြီးနားလမ်းပေါ်ရှိ တံတားအမှတ် (၂/၄၈၆) ဗလမင်းထင်တံတားအမှတ်(၂) တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)**




ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီမြစ်ကူးတံတား ဗလမင်းထင်တံတားအမှတ်(၂) မြေစမ်းသပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်းမြေနေရာများကို ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားအထူး အဖွဲ့(၁) ရှင်းလင်းဆောင်တွင် ဗလမင်းထင်တံတားအမှတ်(၂) လျာထားတံတားအူကြောင်းပြပုံနှင့် တံတားပုံစံငယ်ကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါတံတားတည်ဆောက်နေမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်လမ်းဦးစီးဌာနနှင့် တံတားအထူးအဖွဲ့(၁)မှ တာဝန်ရှိသူများက လက်ရှိအသုံးပြုလျက်ရှိသည့် တံတားအဟောင်း၏ အောက်ဘက်မီတာ ၄၀ အကွာတွင် တံတားအရှည် ၃၂၁၂ ပေ (၉၇၉) မီတာနှင့် အကျယ်ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီရှိသော သံကူကွန်ကရစ်ရေလယ်တိုင်နှင့် ကမ်းကပ်ခုံ၊ Steel Truss ၊ Steel Box Girder and RCC Slab အမျိုးအစား တံတားတည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေ၊ ကနဦးအကြို အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ပါဝါပွိုင့်နှင့်တကွ ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က တံတားသစ်စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချက်များအတိုင်း အရည်အသွေးပြည့်မီအောင် တည်ဆောက်ရေး၊ တံတားအဟောင်းကိုလည်း ကြံ့ခိုင်မှုရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါတံတားသစ်စီမံကိန်းကို ဘဏ္ဍာနှစ် သုံးနှစ်အတွင်း တည်ဆောက်မည်ဖြစ်ပြီး တံတား၏ ခွင့်ပြုအလေးချိန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန် ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကာ တံတားသစ်ပြီးစီးပါက တံတားအဟောင်းနှင့် အသွားလမ်း/အပြန်လမ်း လေးလမ်းသွားအဖြစ် အသုံးပြုမည်ဖြစ်ကြောင်းနှင့် လက်ရှိအသုံးပြုနေသော ဗလမင်းထင်တံတားသည် နှစ်ပေါင်း ၂၅ နှစ်ခန့် ရှိနေပြီဖြစ်ကြောင်း တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပဲခူးမြို့သည် တိုင်းဒေသကြီး၏ မြို့တော်ဖြစ်ပြီး စံနမူနာယူရမည့် မြို့တော်အဖြစ် ဆောင်ရွက်ရမည်

ပဲခူး ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပဲခူးမြို့တော် သန့်ရှင်းသာယာလှပရေး၊ တိုင်းမြို့တော်အဖြစ်လမ်းများအဆင့်မြှင့်တင်နိုင်ရေးနှင့် သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဝေပေးနိုင်ရေး တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။ (ယာပုံ)

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးမြို့သည် တိုင်းဒေသကြီး၏ မြို့တော်ဖြစ်ပြီး ပဲခူးမြို့ကို စံနမူနာယူရမည့် မြို့တော်အဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့တော်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးအတွက် သန့်ရှင်းသာယာလှပရေး၊ အမှိုက်များကင်းစင်ရေး၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ လူသွားလမ်းပလက်ဖောင်းများတည်ဆောက်ခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ခြင်း၊ ရေမြောင်းများ တူးဖော်ခြင်း၊ လမ်းဘေးဝဲ/ယာ အရိပ်ရအလှပင်များစိုက်ပျိုးခြင်းနှင့် ပြည်သူများထံသို့ သန့်ရှင်းသောသောက်သုံးရေ ဖြန့်ဝေပေးခြင်းများ စသည်လုပ်ငန်းစဉ်တို့ကို အရှိန်အဟုန်မပျက် ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပဲခူးမြို့၌ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် လေဆိပ်စီမံကိန်းနှင့်အတူ အဆင့်မြင့်အိမ်ရာဇုန်များ၊ ဟိုတယ်ဇုန်များ၊ စက်မှု/ စီးပွားရေးဇုန်များ၊ သယ်ယူ/ပို့ဆောင်ရေးဇုန်များ ဖြစ်ပေါ်လာနိုင်မည်ဖြစ်၍ ယခုအချိန်ကတည်းက မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရန် ကြိုတင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပဲခူးမြို့နေပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် အနိမ့်ဆုံးကွန်ကရစ်လမ်းများအဖြစ် အချိန်တိုအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ရပ်ကွက်အလိုက် လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ ကန်တော်ကြီးရေပေးဝေရေးစက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်စိုး( ပဲခူး)

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်း ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ အရည်အသွေး မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၁)ကို အဆိုပါကောင်စီရုံးခန်းမ၌ ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲ၌ ဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အဖွင့်အမှာစကားပြောကြားရာတွင် သတင်းသမားများ လိုက်နာသင့်သည့် သတင်းမီဒီယာကျင့်ဝတ်များ၊ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးအတွက် သတင်းအမှန်များဖော်ထုတ်ပေးနိုင်ရန် လိုအပ်ချက်များကို ပြောကြားပြီး သတင်းမီဒီယာကျင့်ဝတ်နှင့် သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီ ခေါင်းဆောင်သင်တန်းမှူး ဦးအောင်ပြည့်စုံက သတင်းသမားများ သတိပြုလိုက်နာသင့်သည့် အချက်များကိုမျှဝေခြင်း၊ သတင်းမီဒီယာလောကဖွံ့ဖြိုးရေးအတွက် Round discussion activities ပြုလုပ်ခြင်းများကို ဦးဆောင်ဆွေးနွေးသည်။




ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) အမှာစကားပြောကြားစဉ်။

ထို့နောက် သင်တန်းနည်းပြများက သတင်းသမားများ အရည်အသွေးမြှင့်တင်ရေးအတွက် လိုက်နာကျင့်သုံးအပ်သည့် နည်းလမ်းများ၊ ဥပဒေသများကို နံနက်ပိုင်း၊ မွန်းလွဲပိုင်း နှစ်ကြိမ်ခွဲ၍ ဆွေးနွေးပို့ချကြောင်း သိရသည်။

မောင်နိုင်

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းရှစ်သောင်းကျော် ကုသပေးနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၂၁

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေး ကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၈၂၂၈၃ ဦးနှင့် အတွင်းလူနာပေါင်း ၈၂၈၉၇ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၃၁၂၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၇၁၂၆ ဦး စုစုပေါင်း ၂၀၂၄၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင်ကလေးမီးဖွားလူနာ ၆၉၀၁ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၄၈၆ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၆၃၈၇ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

# သမိုင်းပညာရှင် ဆရာကြီးစည်သူဒေါက်တာခင်မောင်ညွန့်

ကြည်ကြည်မြင့်(စာပေဗိမာန်)

*(ယမန်နေ့မှအဆက်)*

## ဆရာကြီး၏ ထင်ရှားကျော်ကြားသည့် စာအုပ်အချို့

ကျွန်တော် မစ္စတာဘားမား စာအုပ်သည် ဆရာကြီး၏ ၁၉၅၆ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ် ကာလက နိုင်ငံတော်အစိုးရ၏ ပညာတော်သင်ဆုရ၍ လန်ဒန်တက္ကသိုလ် လန်ဒန်စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံ ကောလိပ် (London School of Economics and Political Science) တွင် နိုင်ငံတကာ ဆက်ဆံရေးပညာ ဘာသာရပ်အတွက် သွားရောက်စဉ်က ပညာတော်သင် မှတ်တမ်းစာအုပ် ဖြစ်ပါသည်။ ဆရာကြီးသည် လန်ဒန်၌ လေးနှစ်ကြာ သွားရောက်ပညာသင်ကြားခဲ့ရပါသည်။ ထိုသို့ ပညာသင်ကြားရင်း လန်ဒန်တက္ကသိုလ်တွင် နိုင်ငံတကာ ကျောင်းသားများ၊ ဗြိတိသျှလူမျိုးစုများနှင့် ရင်းနှီးကျွမ်းဝင်စွာ ပေါင်းသင်းဆက်ဆံမိခဲ့ပုံများ၊ သူတို့၏ ဘဝဓလေ့များ၊ အားလပ်ချိန်တွင် အသံလွှင့်ခြင်း၊ ပါဆယ်ပို့ခြင်း၊ စားပွဲထိုးဝင်လုပ်ခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့ပုံများ၊ နွေရာသီ ကျောင်းပိတ်ရက်များတွင် လန်ဒန်ပြင်ပရှိ မြို့ရွာများက ဖိတ်ကြား၍ မြန်မာ့ယဉ်ကျေးမှုသမိုင်းကြောင်းကို သွားရောက်ဟောပြောခဲ့ပုံများ၊ ရန်ကုန်မှ လစ်ဗာပူးဆိပ်ကမ်းသို့သင်္ဘောဖြင့် အသွားအပြန် သွားရောက်ခဲ့သည့် အတွေ့အကြုံများ၊ ပညာသင်ကြားရေး အတွေ့အကြုံများနှင့် ဒေသန္တရဗဟုသုတများကို စိတ်ဝင်စားဖွယ် မှတ်တမ်းတင် ရေးသားထားသည်။

**A POT-POURRI OF MYANMAR CULTURE** စာအုပ်တွင် ဆောင်းပါးပေါင်း ၅၀ ပါဝင်ပြီး ယင်းဆောင်းပါးတို့သည် စနေနေ့ ညနေတိုင်း မြန်မာ့အသံမှ အင်္ဂလိပ်ဘာသာအစီအစဉ်တွင် ထုတ်လွှင့်ခဲ့သည့် ဆရာကြီး၏ ရေဒီယိုဟောပြောချက်များဖြစ်သည်။ ဆောင်းပါးများတွင် မြန်မာ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ ရှေးဟောင်းသုတေသနဆိုင်ရာ၊ ဗုဒ္ဓဘာသာဆိုင်ရာ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ၊ စာပေအနုပညာဆိုင်ရာ၊ လူမှုထုံးတမ်းဓလေ့ဆိုင်ရာ စာပေများ စသည်ဖြင့် ရသစုံလင်စွာ ပါဝင်သည်။ ထိုစဉ်က ဆရာကြီး၏ ဟောပြောချက်များကို နားထောင်သူ မြန်မာပရိသတ်များ သာမက နိုင်ငံခြားသားများကလည်း နှစ်ခြိုက်အားပေးခဲ့ကြပါသည်။

**AN OUTLINE HISTORY OF MYANMAR LITERATURE** စာအုပ်သည် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အတွင်း မြန်မာစာပေသမိုင်းကို အင်္ဂလိပ်ဘာသာဖြင့် အကျဉ်းရေးသားထားခြင်း ဖြစ်ပါသည်။ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်အတွင်း မြန်မာစာပေနှင့် မြန်မာစာပေ ပညာရှင်ကြီးများ အကြောင်းကို အနှစ်ချုပ်တင်ပြထားပြီး ဆရာကြီး ဦးဖေမောင်တင်၏ "မြန်မာစာပေသမိုင်း"ကို အခြေပြုရေးသားထားသော စာအုပ်ဖြစ်ပါသည်။ မြန်မာစာပေကို လေ့လာ သုတေသနပြုနေကြသော နိုင်ငံတကာ သုတေသီတို့အတွက် တန်ဖိုးရှိလှသည့်စာအုပ် ဖြစ်ပါသည်။ ယင်းစာအုပ်ကို စာပေဗိမာန်က ပြန်လည်ပုံနှိပ်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

ကျွန်မသည် ယခင်က ဆရာကြီး၏ နေပြည်တော်သမိုင်း စာတမ်းကိုသာ ဖတ်ခဲ့ဖူးသော်လည်း စာပေဗိမာန်သို့ စာတည်းတာဝန်ဖြင့် ရောက်ရှိချိန်တွင် ဆရာကြီး၏ စာတမ်းများနှင့် အင်္ဂလိပ်စာအုပ်၊ မြန်မာစာအုပ်များကို သိရှိခွင့်ရရှိခဲ့ပါသည်။

စာပေဗိမာန်သို့ ကျွန်မ အယ်ဒီတာအဖြစ် အလုပ် ဝင်ရောက်သောအခါ ဆရာကြီးနှင့် ရင်းနှီးမှုမရှိသော်လည်း စာပေဗိမာန်မှ ထုတ်ဝေသော သုတပဒေသာ စာစောင်တွင် စာမူလာရောက်ပေးပို့ခြင်းနှင့် ကြုံဆုံခဲ့ဖူးပါသည်။ ၂၀၂၀ ပြည့်နှစ်အထိ စာမူများပေးပို့ခဲ့ပြီး စာမူများကို ဆရာကြီးကိုယ်တိုင် လက်ရေးဖြင့် ရေးသားကာ Reference အဖြစ် မူရင်းစာအုပ်မှ စာရွက်အပိုင်းအစလေးများကို ဖြတ်ယူ၍ ပေးပို့တတ်ပါသည်။ အယ်ဒီတာများ မူရင်းစာမူနှင့်တိုက်ကာ စစ်ဆေးနိုင်ရန်နှင့် လိုအပ်ပါက သရုပ်ဖော်ပုံအဖြစ် အသုံးပြုနိုင်ရန်ဟု အမှာစာပါတတ်ပါသည်။ တိကျ စေ့စပ်သော ပညာရှင်များ၏ နည်းနာများကို အတုခိုးမှတ်သားမိပါသည်။

၁၉၇၂ ခုနှစ်တွင် ကျရောက်ခဲ့သည့် နိုင်ငံတကာစာအုပ်နှစ် အထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့သည့် ဆရာကြီး မောင်ဆုရှင်နှင့် ဆရာကြီး မောင်ပေါ်ထွန်းတို့ ပြုစုခဲ့သောစာအုပ်ဟူသည့် စာအုပ်တွင် ဆရာကြီး ဒေါက်တာခင်မောင်ညွန့်က "အလိမ္မာစာမှာရှိသည်"ဆိုသော မြန်မာ့ဆိုရိုးစကားသည် မှန်၏။ သို့သော် စာအုပ်များကို အရိုးများ၊ လိပ်ခွံများ၊ ဂူနံရံများ၊ စက္ကူလိပ်များ၊ ရွှံ့ပြားများ၊ ကျောက်ပြားများ၊ သစ်ပြားများ၊ ပေပုရပိုက်များ စသည်တို့အပေါ်တွင် ခေတ်အဆက်ဆက်က ထုထွင်းရေးခြစ်ခဲ့ရာ စာအုပ်၌ရှိသောအလိမ္မာသည် လူထုထံသို့မရောက်နိုင်ခဲ့ချေ။ စာအုပ်တွင်ရေးသားပုံ ဖြစ်လာသောအခါမှာ လူထုထံသို့ အလိမ္မာရောက်နိုင်ပါသည်။ ထို့ကြောင့် "စာအုပ်သည် လူထုထံသို့ အလိမ္မာပေးပို့သော အထိရောက်ဆုံးယာဉ် ဖြစ်ပါသည်" ဟူ၍ "အလိမ္မာယာဉ်"ဟု ခေါင်းစဉ်းတပ်ကာ စာအုပ်၏ ဂုဏ်ရည်ကို ရေးသားခဲ့ရာ စိတ်နှလုံးတွင် စွဲမြဲစွာ မှတ်မိလျက်ရှိပါသည်။

ဆရာကြီးသည် စာပေဗိမာန်နှင့် နှစ်ပေါင်းများစွာ ထိတွေ့ဆက်ဆံမှု ရှိခဲ့ပါသည်။ စာပေဗိမာန်၏ အခမ်းအနားများသို့ အသက် ၉၀ နားအထိ မပျက်မကွက် တက်ရောက်အားပေးလျက်ရှိပါသည်။ အမျိုးသားစာပေ စိစစ်ရွေးချယ်ရေး အဖွဲ့ဝင်နှင့် မြန်မာ့ရည်ညွှန်းကျမ်း စိစစ်ရေးအဖွဲ့ဝင်တို့အဖြစ် ဆောင်ရွက်ခဲ့ပြီး စာပေဗိမာန်ကကျင်းပသော စာတမ်းဖတ်ပွဲများတွင် သဘာပတိအဖွဲ့ဝင်နှင့် စာတမ်းရှင်တို့အဖြစ် ပါဝင်ကူညီဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ ဆရာကြီးသည် အမျိုးသားစာပေဆုပေးပွဲအခမ်းအနားနှင့် စာတမ်းဖတ်ပွဲများသို့လည်း တက်ရောက်ချီးမြှင့်ခဲ့ပါသည်။



သမိုင်းပညာရှင် ဆရာကြီး စည်သူဒေါက်တာ ခင်မောင်ညွန့်

ဆရာကြီးသည် စာပေဗိမာန်တွင် ကျင်းပပြုလုပ်ခဲ့သည့် စာရေးဆရာမကြီး ဒေါ်ကြန်(မကြန်)၏ ရာပြည့် အခမ်းအနားသို့ တက်ရောက်အားပေးခဲ့ပါသည်။ ထို့ပြင် ဆရာမကြီး၏ ရာပြည့် အထိမ်းအမှတ် စာအုပ်တွင်လည်း အမှတ်တရ ဆောင်းပါးရေးသားခဲ့သည်ကို ဖတ်ရှုရပါသည်။

## ကျန်းမာပျော်ရွှင်စွာ နေထိုင်လျက်ရှိ

ဆရာကြီးသည် ယခုအခါ အသက် ၉၂ နှစ်ရှိပြီး ဇနီးဒေါ်လှလှခင်၊ သားသမီး ၅ ယောက်၊ မြေး ၄ ယောက်တို့နှင့်အတူ အမှတ်(၄၉၉/X)၊ မိုးမခလမ်း၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၌ ကျန်းမာပျော်ရွှင်စွာ နေထိုင်လျက်ရှိပြီး စာပေလုပ်ငန်းများကို ဆောင်ရွက်နေဆဲပင် ဖြစ်ပါသည်။ ကျွန်မသည် ဆရာကြီးနှင့် လူချင်းတွေ့ကာ စကားမပြောဖူးခဲ့သော်လည်း ဆရာကြီးအား ဖုန်းဖြင့် ဆက်သွယ်ပြောဆိုခဲ့ရပါသည်။ ဆရာကြီးသည် အသက် ၉၂ နှစ်ရှိပြီဖြစ်သော်လည်း အသံကြည်လင်စွာဖြင့် ပြောဆိုဆွေးနွေးနိုင်ဆဲ ဖြစ်ပါသည်။ ကျွန်မအနေဖြင့်လည်း ဆရာကြီးအား အသက်ရာကျော်တိုင်အောင် သားသမီး မြေးမြစ်များဖြင့် ကျန်းမာအသက်ရှည်စွာ နေထိုင်လျက် ရာပြည့်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂါရဝပြု ရေးသားလိုက်ပါသည်။ ။

❑ **ဆရာကြီး ဒေါက်တာခင်မောင်ညွန့်က "အလိမ္မာစာမှာရှိသည်"ဆိုသော မြန်မာ့ဆိုရိုးစကားသည် မှန်၏။ သို့သော် စာအုပ်များကို အရိုးများ၊ လိပ်ခွံများ၊ ဂူနံရံများ၊ စက္ကူလိပ်များ၊ ရွှံ့ပြားများ၊ ကျောက်ပြားများ၊ သစ်ပြားများ၊ ပေပုရပိုက်များ စသည်တို့အပေါ်တွင် ခေတ်အဆက်ဆက် က ထုထွင်းရေးခြစ်ခဲ့ရာ စာအုပ်၌ရှိသော အလိမ္မာသည် လူထုထံသို့ မရောက်နိုင်ခဲ့ချေ။ စာအုပ်တွင် ရေးသားပုံဖြစ်လာသောအခါမှာ လူထုထံသို့ အလိမ္မာ ရောက်နိုင်ပါသည်။ ထို့ကြောင့် "စာအုပ်သည် လူထုထံသို့ အလိမ္မာပေးပို့သော အထိရောက်ဆုံးယာဉ် ဖြစ်ပါသည်" ဟူ၍ "အလိမ္မာယာဉ်"ဟု ခေါင်းစဉ်းတပ်ကာ စာအုပ်၏ ဂုဏ်ရည်ကို ရေးသားခဲ့**

ကျမ်းကိုး

(၁) ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေနှင့် တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်ဆုများ

(၂) စတုတ္ထအကြိမ်မြောက် သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲအခမ်းအနား

(၃) ၂၀၁၆ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် အဖွဲ့ငယ်များ အစီရင်ခံစာ

(၄) မြန်မာနိုင်ငံသမိုင်းအဖွဲ့ နောက်ခံသမိုင်းနှင့် အဖွဲ့ဝင်များ၏ အတ္ထုပ္ပတ္တိ

(၅) ဆရာကြီးရေးသားခဲ့သောစာအုပ်များ

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း ကမ္ဘောဒီးယားနိုင်ငံ

**အေးစုကျော်**

> ○ ကမ္ဘောဒီးယားဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် ပြည်နယ်တရားရုံး၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည်။ ကောင်စီတွင် အဖွဲ့ဝင် ကိုးဦးပါဝင်ပြီး သုံးဦးကို ဘုရင်မှ ခန့်အပ်ကာ သုံးဦးကို လွှတ်တော်က ခန့်အပ်ပြီး ကျန်သုံးဦးကို တရားသူကြီးချုပ်၏ အဓိပတိကောင်စီက ခန့်အပ်

*(ယမန်နေ့မှအဆက်)*

## မဲဆန္ဒနယ်မြေသတ်မှတ်ခြင်း

အောက်လွှတ်တော်ရွေးကောက်ပွဲကို မြို့တော် (ဖနွမ်းပင်) နှင့် ပြည်နယ် ၂၄ ခုတို့ကို မဲဆန္ဒနယ်အဖြစ် သတ်မှတ်သည်။ အထက်လွှတ်တော်အတွက် တိုင်းဒေသကြီး ရှစ်ခုကို အခြေခံ၍ မဲဆန္ဒနယ်မြေ ခွဲဝေသတ်မှတ်ပါသည်။ ကွန်မြူနီ (Commune/ Sangkat) ကောင်စီရွေးကောက်ပွဲအတွက် ကွန်မြူနီ (Commune/Sangkat) ဒေသတို့ကို မဲဆန္ဒနယ်မြေအဖြစ် ခွဲဝေသတ်မှတ်သည်။ မြို့တော်နှင့် ပြည်နယ် ၂၄ ခု၊ ခရိုင် ၁၅၉ ခု၊ မြူနီစီပယ် ၂၆ ခုနှင့် ခန် ၁၂ ခု၊ ကွန်မြူနီ ၁၄၀၆ ခု၊ Sangkats ၂၂၇ ခု၊ ကျေးရွာ ၁၄၁၆၈ တို့ကို သတ်မှတ်ဖွဲ့စည်းပါသည်။

မဲဆန္ဒနယ်အလိုက် ကိုယ်စားလှယ် အရေအတွက်ကို ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ပြီး ရွေးကောက်ပွဲဥပဒေအရ ဝန်ကြီးချုပ်သည် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ရွေးကောက်ပွဲမကျင်းပမီ အနည်းဆုံး ကိုးလမတိုင်မီ ကြေညာရသည်။

## မဲဆန္ဒရှင်စာရင်းပြုစုခြင်း

အမျိုးသား ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်စာရင်း ပြုစုခြင်းနှင့် ပြင်ဆင်ခြင်းကို မဲဆန္ဒရှင်များ သေဆုံးသည့်ကိစ္စရပ်များမှအပ ဆန္ဒမဲပေးမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ရက်ပေါင်း ၁၅ ရက်ကြိုတင်၍ ဆောင်ရွက်ရသည်။ ရွေးကောက်တင်မြှောက်ခံမည့် ကိုယ်စားလှယ်လောင်းသည် ရွေးကောက်ခံရခြင်းမပြုမီ သေဆုံးခဲ့လျှင် NEC သည် ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်မတိုင်မီ အနည်းဆုံး ခုနစ်ရက် ကြိုတင်၍ ပြောင်းလဲမှတ်ပုံတင်ခွင့်တင်ပြလာသည့် ကိုယ်စားလှယ်လောင်း၏ အမည်စာရင်းအား ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုရန် အခွင့်အာဏာရှိပါသည်။ အမျိုးသားရွေးကောက်ပွဲကော်မရှင်သည် ပြည်နယ်များရှိ မြို့နယ်များတွင် မဲဆန္ဒရှင်စာရင်းကို ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ၄၈ ရက် ကြိုတင်၍ ကပ်ထားကြေညာရပါသည်။ NEC သည် ကွန်ပျူတာစနစ်ပေါ်အခြေခံ၍ ၂၀၁၆ မဲဆန္ဒရှင်စာရင်းသစ်ကို ပြင်ဆင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ကွန်မြူနီကောင်စီရွေးကောက်ပွဲကို ကျင်းပခဲ့သည်။

## အမည်စာရင်းတင်သွင်းခြင်း

အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့အတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာ၌ ကမ္ဘောဒီးယားနိုင်ငံတွင် မွေးဖွားသော ခမာလူမျိုးဖြစ်၍ အနည်းဆုံး အသက် ၂၅ နှစ်ပြည့်ပြီးသူများသည် ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်း တင်သွင်းနိုင်သည်။ ကွန်မြူနီ/Sangkats ဒေသအတွက် ကျား/မ မရွေး ကမ္ဘောဒီးယားနိုင်ငံသားဖြစ်၍ သက်ဆိုင်ရာမဲဆန္ဒနယ်တွင် အမည်စာရင်းပါဝင်ရမည်ဖြစ်ပြီး မဲပေးမည့်နေ့ မတိုင်မီ အသက် ၂၅ နှစ်ရှိသူများသည် အမည်စာရင်း တင်သွင်းနိုင်ပါသည်။ သို့သော်လည်း ထိုအခွင့်အရေးများကို ထောင်ဒဏ်ကျခံနေရသူများအတွက် အချိန်အတိုင်းအတာတစ်ခုအထိ ဆိုင်းငံ့ထားနိုင်သည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် PR စနစ်ကို ကျင့်သုံးချိန်မှစ၍ မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများက ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခွင့်ရှိမည်ဖြစ်သည်။ နိုင်ငံရေးပါတီများသည် ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်ဖြစ်ပြီး သတ်မှတ်ထားသော မဲဆန္ဒနယ် သို့မဟုတ် နိုင်ငံတစ်ဝန်းလုံးအတွက် မှတ်ပုံတင်ပိုင်ခွင့်ရှိသည်။

## မဲဆွယ်စည်းရုံးခြင်း

နိုင်ငံရေးပါတီများ သို့မဟုတ် ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာတွင် မဲဆန္ဒရှင်များနှင့် တစ်အိမ်တက်ဆင်း တွေ့ဆုံခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားမှတစ်ဆင့် မဲဆွယ်စည်းရုံးခြင်း၊ ပါတီနှင့် သက်ဆိုင်သော ကြော်ငြာများ၊ ပိုစတာများနှင့် လက်ကမ်းစာစောင်များ၊ ပါတီတံဆိပ်၊ ဦးထုပ်တို့ကို မဲဆန္ဒရှင်များသို့ ဖြန့်ဝေခြင်း၊ အများပြည်သူသွားလာသောနေရာများတွင် ကြော်ငြာဆိုင်းဘုတ်များကပ်ခြင်း၊ မဲဆွယ်စည်းရုံးရေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ နိုင်ငံရေးဆိုင်ရာ မူဝါဒလမ်းစဉ်များကို မဲဆန္ဒရှင်များသို့ အသိပေးကြေညာခြင်း စသည်တို့ဖြင့် မဲဆွယ်စည်းရုံးပါသည်။ သို့သော်လည်း ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလအတွင်း မြို့တော်၊ ပြည်နယ်၊ မြူနီစီပယ်၊ ခရိုင်၊ ခန် (Khan) ဒေသတို့တွင် မော်တော်ကားဖြင့်သော်လည်းကောင်း၊ အုပ်စုဖွဲ့ ချီတက်ခြင်းဖြင့်လည်းကောင်း လေးကြိမ်ထက်ပို၍ မဲဆွယ်စည်းရုံးခြင်း မပြုရပါ။

နိုင်ငံရေးပါတီများသည် အများပြည်သူဆိုင်ရာနေရာများတွင် ကြော်ငြာထားသော မဲဆွယ်စည်းရုံးရေးဆိုင်ရာ လက်ကမ်းစာစောင်များနှင့် ရုပ်ပုံကားချပ်များကို မဲပေးပြီး ၁၅ ရက်အတွင်း ဖြုတ်သိမ်းရသည်။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလသည် ၂၁ ရက်ကြာမြင့်ပြီး စည်းရုံးရေးဆိုင်ရာ လှုပ်ရှားမှုများအားလုံးကို ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်မတိုင်မီ ၂၄ နာရီကြိုတင်၍ ရပ်နားရမည်ဖြစ်သည်။

## ဆန္ဒမဲပေးခြင်း

မဲဆန္ဒရှင်များအနေဖြင့် အသက် (၁၈) နှစ်ပြည့်ပြီးသော ကမ္ဘောဒီးယားနိုင်ငံသား ကျား/မ မရွေး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ မဲဆန္ဒရှင်သည် လျှို့ဝှက်မဲပေးခြင်းစနစ်ဖြင့် လူတစ်ဦးလျှင်တစ်ကြိမ် ဆန္ဒမဲတစ်မဲသာ ပေးရမည်ဖြစ်သည်။ ဆန္ဒမဲပေးသူသည် မသန်စွမ်းသူဖြစ်ပါက သက်ဆိုင်ရာ မဲစာရင်းတွင် ပါရှိသော မဲဆန္ဒရှင်၏ ဆွေမျိုးသားချင်း သို့မဟုတ် လူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးနိုင်သည်။ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်နိုင်စွမ်းမရှိလျှင် မဲရုံမှူးမှ အကူအညီပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများကို နံနက် ၇ နာရီမှ ညနေ ၃ နာရီထိ ဖွင့်ပါသည်။

ကမ္ဘောဒီးယားဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀ အရ အောက်လွှတ်တော် ကိုယ်စားလှယ်များအားလုံးသည် ကိုယ်တိုင်ဆန္ဒမဲပေးပိုင်ခွင့်သော်လည်းကောင်း၊ ရွေးချယ်ခံပိုင်ခွင့်သော်လည်းကောင်း ရှိသည်။ လုပ်ငန်းကော်မတီ သို့မဟုတ် ( sangkat) ကောင်စီများမှ ကိုယ်စားလှယ်များသည်လည်း အောက်လွှတ်တော်ကိုယ်စားလှယ်များ နည်းတူ တန်းတူဆောင်ရွက်ရန် အခွင့်အရေးရှိပါသည်။

## မဲရေတွက်ခြင်းနှင့် ရလဒ်ကြေညာခြင်း

မဲရေတွက်ခြင်းကို သက်ဆိုင်ရာ မြို့နယ်များရှိ ဒေသတွင်း မဲရုံများတွင် ဆောင်ရွက်ပါသည်။ လုံခြုံရေးအခြေအနေအရသော်လည်းကောင်း၊ မခန့်မှန်းနိုင်သော ပြဿနာများကြောင့်လည်းကောင်း သတ်မှတ်ထားသည့်မဲရုံတွင် ဆန္ဒမဲလက်မှတ် ရေတွက်ခြင်းကို မဆောင်ရွက်နိုင်လျှင် အမျိုးသား ရွေးကောက်ပွဲကော်မရှင်က ထိုကိစ္စရပ်နှင့်စပ်လျဉ်း၍ တိကျသည့်ညွှန်ကြားချက်များကို ထုတ်ပြန်ပေးသည်။

မဲရေတွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ မဲရေတွက်သည့် Center ကို ဖွဲ့စည်းဆောင်ရွက်ပြီး ဆန္ဒမဲလက်မှတ်များ ရေတွက်ခြင်းကို မဲရုံမှတာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာအရာရှိများမှ တာဝန်ယူဆောင်ရွက်ပေးသည်။

အမျိုးသား ရွေးကောက်ပွဲကော်မရှင်သည် စစ်ဆေးဆုံးဖြတ်ပြီးသော ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်ရလဒ်စာရင်းများကို ဘုရင်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသို့ မိတ္တူတစ်စောင်စီ ပေးပို့ရသည်။ နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မဲဆန္ဒနယ်မှ ရွေးကောက်ပွဲရလဒ်စာရင်းများကို တောင်းယူပိုင်ခွင့်ရှိသည်။

**ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်း**

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ

ကမ္ဘောဒီးယားနိုင်ငံတွင် ရွေးကောက်ပွဲရလဒ်များ ကြေညာပြီးနောက် ၇၂ နာရီအတွင်း နိုင်ငံရေးပါတီများက ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု သို့မဟုတ် ရွေးကောက်ပွဲရလဒ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသို့ တိုက်ရိုက်တင်သွင်းနိုင်သည်။

ကမ္ဘောဒီးယားဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် ပြည်နယ်တရားရုံး၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည်။ ကောင်စီတွင် အဖွဲ့ဝင် ကိုးဦးပါဝင်ပြီး သုံးဦးကို ဘုရင်မှ ခန့်အပ်ကာ သုံးဦးကို လွှတ်တော်က ခန့်အပ်ပြီး ကျန်သုံးဦးကို တရားသူကြီးချုပ်၏ အဓိပတိကောင်စီက ခန့်အပ်ပါသည်။ ကောင်စီအဖွဲ့ဝင် သုံးပုံ တစ်ပုံကို သုံးနှစ်တစ်ကြိမ် အစားထိုးခန့်အပ်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာကောင်စီ၏ သက်တမ်းမှာ ကိုးနှစ်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာစောင့်ထိန်းခြင်း၊ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့မှ ချမှတ်သော ဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် တာဝန်ရှိပါသည်။ ထို့အပြင် အောက်လွှတ်တော်ရွေးကောက်ပွဲနှင့် အထက်လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများအား ပြန်လည်သုံးသပ်ရန် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ဆုံးဖြတ်ချက်တစ်ခုအတွက် အထက်လွှတ်တော်အစည်းအဝေးတွင် အထက်လွှတ်တော် သို့မဟုတ် အထက်လွှတ်တော်၏ အမြဲတမ်းကော်မတီသို့ ဆောလျင်စွာ သတင်းပို့ရသည်။

ကောင်စီသည် ရွေးကောက်ပွဲများနှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဆိုင်ရာ တိုင်ကြားမှုများကို ဆုံးဖြတ်ပေးသည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပါတီတစ်ခုမှ မှတ်ပုံတင်ခြင်းကို ငြင်းဆန်ပါက ပါတီသည် ဝန်ကြီးဌာနအား တရားရုံးသို့ တရားစွဲဆိုနိုင်ပြီး အဆိုပါအမှုကို ရက်ပေါင်း ၃၀ အတွင်း ဆုံးဖြတ်ပေးသည်။ ပါတီများ၏ ကိုယ်စားလှယ်လောင်းစာရင်းသို့မဟုတ်ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်းကို NEC မှ ငြင်းပယ်ခဲ့လျှင် ကောင်စီသို့ ခုနစ်ရက်အတွင်း အယူခံဝင်နိုင်သည်။

ထို့ပြင် ကောင်စီသို့ တင်ပြနိုင်သည့် ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားမှုများတွင် မဲဆန္ဒရှင်စာရင်း မှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ ရလဒ်များပါဝင်သည်။ အဆိုပါကိစ္စရပ်အားလုံး၌ ကောင်စီသည် နောက်ဆုံးအနေဖြင့် ဆုံးဖြတ်ပြီးသည့် ဆုံးဖြတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းအားလုံးနှင့် သက်ဆိုင်သည်။


## နိဂုံး

ကမ္ဘောဒီးယား ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကို ချောချောမွေ့မွေ့နှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မဲဆန္ဒရှင်ပြည်သူများနှင့် လိုက်လျောညီထွေ ဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ပြည်တွင်းစစ်ကို ပြေငြိမ်းအောင် ဆောင်ရွက်နိုင်စွမ်းရှိခဲ့ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ဆောင်ချက်များ၏ ရလဒ်အနေဖြင့် ၁၉၉၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်ကာ နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်ခွင့်ကို လူမျိုး၊ ဘာသာ၊ နိုင်ငံရေးအမြင်၊ လူမှုစီးပွားရေး အဆင့်အတန်းတို့ဖြင့် ခွဲခြားသတ်မှတ်ခြင်းမရှိစေဘဲ အခြေကျခိုင်မာသည့် ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားလာစေရေး ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသုံးသပ် ဖော်ပြအပ်ပါသည်။


**ရည်ညွှန်းကိုးကား**

- Election in Cambodia
- Law on the election of members of the national assembly(LEMNA)
- National Election Committee in Cambodia
- National Assembly of the Kingdom of Cambodia
- Senate of the Kingdom of Cambodia
- Open Development in Cambodia
- Asian-journal-of-comparative-law-in-cambodia
- Cambodia's Electoral System: A Window of Opportunity for Reform

## ၂၀၂၁ ခုနှစ် ဇူလိုင် ၃၀ ရက်နေ့တွင် နမ့်စန်မြို့ဝင်ဂိတ်၌ ဖမ်းဆီးရမိသည့် ဖယ်ခုံ PDF အဖွဲ့မှ ပီတယ်အောင်ပါ ခြောက်ဦး စစ်ကြောရရှိချက် Diagram




● *ကျောဖုံးမှ*

တက်ရောက်ခဲ့သည့် ဇင်သော်ဟိန်းနှင့် မောင်နိုတို့ ငါးဦးကို ၎င်းတို့စီးနင်း လိုက်ပါလာသော မော်တော်ယာဉ် အပါအဝင် M-22 နှစ်လက်၊ M-4 တစ်လက်၊ ပစ္စတို နှစ်လက် စုစုပေါင်း လက်နက်ငယ် ငါးလက်၊ ကျည်မျိုးစုံ ၄၂၅ တောင့်၊ ကျည်အိမ် ၁၄ ခု၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ပီတယ်အောင်၏ ထွက်ဆိုချက်အရ PDF အကြမ်းဖက်အဖွဲ့အတွက် ပြည်ပမှ ထောက်ပံ့ငွေများကို တရားမဝင် လက်ခံ/ လွှဲပြောင်းပေးနေသူ မျိုးမြတ်လင်း(ခ)ဖိုးပြဲကို ဩဂုတ် ၅ ရက်တွင် ငွေသွင်း/ထုတ် မှတ်တမ်းစာအုပ် ငါးအုပ်နှင့်အတူ ညောင်ကုန်း(၅)ရပ်ကွက် ဖယ်ခုံမြို့ရှိ ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ပီတယ်အောင်သည် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် CRPH အဖွဲ့ဝင်၊ NLD ပါတီမှ ၂၀၁၅ ခုနှစ် ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း နေမျိုး၏ စေခိုင်းချက်အရ မတ်လအတွင်း NLD ပါတီမှ ၂၀၁၅ ခုနှစ် ဖယ်ခုံမြို့နယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟောင်း အန်းဂျေလို အပါအဝင် ၁၆ ဦးဖြင့် ဖယ်ခုံမြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ထို့နောက် PDF ဖွဲ့စည်းနိုင်ရေးအတွက် ဧပြီလနှင့် မေလတို့တွင် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ ကယန်းအမျိုးသားပါတီ ဥက္ကဋ္ဌ ခွန်းဘီထူးနှင့် ချိတ်ဆက်၍ မိုးဗြဲမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့မှ အစွန်းရောက် လူငယ်များကို KNPP ဌာနချုပ်၊ ဉာဏ်မူကုန်းတွင် အကြမ်းဖက်သင်တန်းများ တက်ရောက်စေခဲ့ပြီး ဖယ်ခုံမြို့နယ် PDF အဖွဲ့နှင့် မိုးဗြဲ PDF အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း။

မေ ၂၃ ရက်တွင် ဖယ်ခုံ PDF အကြမ်းဖက်အဖွဲ့ဝင်၊ NLD ပါတီမှ ၂၀၁၅ ခုနှစ် ဖယ်ခုံမြို့နယ် အမှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟောင်း အန်းဂျေလို ခေါင်းဆောင်၍ KNPP လက်နက်ကိုင်အဖွဲ့နှင့် ပူးပေါင်းကာ မိုးဗြဲနယ်မြေရဲစခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း။

ထို့အပြင် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် PDF အဖွဲ့များ ဖွဲ့စည်းပြီးနောက် ပီတယ်အောင်သည် လက်နက်/ခဲယမ်းများ ဝယ်ယူရန်အတွက် တိုက်ပွဲရှောင်ပြည်သူများကို စားနပ်ရိက္ခာထောက်ပံ့ရေးခေါင်းစဉ်ဖြင့် ပြည်တွင်း/ပြည်ပရှိ ကရင်နီလူမျိုးများထံမှ ရရှိသော ထောက်ပံ့ငွေများကို အသုံးပြု၍ လက်နက်/ ခဲယမ်းများ ဝယ်ယူခဲ့ပြီး ကျေးသီးမြို့နယ် NLD ပါတီအောင်နိုင်ရေး ဥက္ကဋ္ဌ လင်းထွန်းနှင့် ချိတ်ဆက်ကာ လက်နက်/ခဲယမ်းများ ထပ်မံဝယ်ယူရန် စီစဉ်ခဲ့ကြောင်း။



ဇူလိုင် ၂၈ ရက်တွင် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ ခင်မမမျိုး ဦးဆောင်ပြုလုပ်သည့် Zoom Meeting ကို နိုင်ကောင်းရွက်၊ NLD ပါတီမှ ၂၀၁၅ ခုနှစ် ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း နေမျိုး၊ NLD ပါတီမှ ၂၀၁၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁၁) ကိုယ်စားလှယ်ဟောင်း ကျော်မြင့်ဦး၊ NLD ပါတီမှ ၂၀၁၅ ခုနှစ် ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း သန်းစိုးအောင်၊ ဒီးမော့ဆိုမြို့နယ် NLD ပါတီဝင် ကော်ဖရီခင်ဦးတို့နှင့်အတူ တက်ရောက်ဆွေးနွေးခဲ့ပြီး ခင်မမမျိုးက မြို့နယ်အလိုက် PDF အဖွဲ့များ ဖွဲ့စည်း၍ မြို့ကြီးများအား တိုက်ခိုက်ရန် ပြင်ဆင်နေကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြောက်ကျားစစ်နှင့် မြို့ပြတိုက်ပွဲဆင်နွှဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားခဲ့ကြောင်း။

NUG အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ နယ်မြေများတွင် အခြေခံနယ်မြေ တစ်ခုရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်စီးစေရေး ရည်ရွယ်လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူ လှိုင်ကြူး၏ ထွက်ဆိုချက်အရ ၎င်းသည် ဖယ်ခုံမြို့နယ် အရှေ့ခြမ်း PDF အဖွဲ့၏ ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ လက်နက်/ခဲယမ်းများကို ထိုင်းနိုင်ငံမှ ဝယ်ယူ၍ မြဝတီလမ်းကြောင်းမှတစ်ဆင့် သယ်ဆောင်ခဲ့ကြောင်း၊ ဇူလိုင် ၃၀ ရက်တွင် ပီတယ်အောင်နှင့်အတူ နမ့်စန်မြို့တွင် လက်နက်/ခဲယမ်းများ သွားရောက် ဝယ်ယူရန်အတွက် PNLO အဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ ငြိမ်းကျော်ဌေးကို လုံခြုံရေး အကူအညီပေးရန် တောင်းခံခဲ့သဖြင့် မောင်နိုနှင့် ဇင်သော်ဟိန်းကိုခေါ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

မောင်နိုနှင့် ဇင်သော်ဟိန်းတို့သည် ၂၀၂၁ ခုနှစ် မေလတွင် PNLO အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး PNLO ဌာနချုပ်တွင် စစ်သင်တန်းတက်ရောက်ခဲ့ကြောင်း၊ ထိုသို့ တက်ရောက်စဉ် PNLO ဌာနချုပ်၌ အစွန်းရောက် လူငယ်များကို အကြမ်းဖက် သင်တန်းများ သင်ကြား ပို့ချလျက်ရှိသည်ကို တွေ့ရှိခဲ့ရပြီး တရားမဝင်ဖွဲ့စည်းထားသော အကြမ်းဖက် အဖွဲ့အစည်းဖြစ်သည့် NUG မှ ဩဂုတ်လအတွင်း ရိက္ခာနှင့် လက်နက်/ ခဲယမ်းများ ထောက်ပံ့ပေးအပ်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်မည့်သူများကို ကြိုတင် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ဖမ်းဆီးရမိသူ ခြောက်ဦးကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးသီးမြို့နယ် NLD ပါတီ အောင်နိုင်ရေး ဥက္ကဋ္ဌလင်းထွန်း အပါအဝင် ဆက်စပ်သူများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်သောင်း (၇၁နှစ်)ကို သတ်ဖြတ်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၁

**စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်သောင်းသည် ဩဂုတ် ၃ ရက်က တစ်ရွာတည်းနေ ဦးအောင်ညွန့်နှင့်အတူ ဆိုင်ကယ်ဖြင့် စစ်ကိုင်းမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးမှ လစာထုတ်ပြီး ဆင်တပ်ကျေးရွာသို့ ပြန်လာစဉ် စစ်ကိုင်းမြို့နယ် ကံတလူဘုရားအနီးအရောက်၌ အကြမ်းဖက်သူနှစ်ဦးမှ ဆိုင်ကယ်ဖြင့်လိုက်ပါလာ၍ ဦးအောင်သောင်းအား ဓားဖြင့်ထိုးခဲ့သဖြင့် ဦးအောင်သောင်းသည် ဓားဒဏ်ရာများဖြင့် နေရာတွင်သေဆုံးခဲ့ပြီး ဦးအောင်ညွန့်မှာ ထွက်ပြေးလွတ်မြောက်သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။**



စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သောင်းအား သတ်ဖြတ်ခဲ့သည့် တရားခံ သန်းနိုင်စိုး၊ ဘုန်းမြတ်နိုင်၊ အောင်လင်းခန့်တို့အား လက်လုပ်မိုင်းကိုးလုံးနှင့်အတူ ဖမ်းဆီးရမိစဉ်။

**ဖမ်းဆီးရမိ**

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တရားခံများကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၀ ရက်တွင် စစ်ကိုင်းမြို့နယ် အုန်းတောမြောက်ကျေးရွာအဝင်၌ လူသတ်မှုတွင်ပါဝင်သူ တရားခံ သန်းနိုင်စိုး၊ "မြတ်နိုးဦး" လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဆင်တပ်ကျေးရွာနေသူကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် အုန်းတောမြောက်ကျေးရွာနေသူများဖြစ်သည့် အောင်ဇော်မင်း (ခ) မင်းမင်း၊ အေးမင်းသက်၊ အောင်လင်းခန့်တို့ သုံးဦးနှင့် ချောင်းဦးကျေးရွာနေသူ ဘုန်းမြတ်နိုင်တို့ ပါဝင်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ အောင်လင်းခန့်ကို အုန်းတောမြောက်ကျေးရွာရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

ယင်းနောက် ဆက်စပ်တရားခံများဖြစ်သော အောင်ဇော်မင်း(ခ)မင်းမင်းနှင့် အေးမင်းသက်တို့၏ နေအိမ်များသို့ သွားရောက်ဖမ်းဆီးခဲ့ရာ တရားခံများမှာ ထွက်ပြေးတိမ်းရှောင်နေပြီး အောင်ဇော်မင်း(ခ) မင်းမင်း၏ နေအိမ်အိပ်ခန်းအတွင်းရှိ ဗီရိုပေါ်မှ လူသတ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော သွေးစွန်းနေသည့် ဓားမြှောင်တစ်ချောင်းကို သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့နောက် တရားခံ ဘုန်းမြတ်နိုင်ကို သွားရောက်ဖမ်းဆီးခဲ့ရာ ချောင်းဦးကျေးရွာရှိ ၎င်း၏နေအိမ်၌ လက်လုပ်မိုင်းကိုးလုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဦးအောင်သောင်းကို သတ်ဖြတ်ရန် NLD ပါတီ အမာခံများဖြစ်သည့် ယခင်ဆင်တပ်ကျေးရွာ အုပ်ချုပ်ရေးမှူး(ဟောင်း) ခင်မောင်ကြည်(ဖမ်းဆီးရန်ကျန်)နှင့် ၎င်းကျေးရွာနေ ခင်မောင်ဦး (ဖမ်းဆီးရန်ကျန်) တို့မှ ငွေကျပ်ငါးသိန်းပေး၍ လုပ်ကြံခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အကြမ်းဖက်သင်တန်းတက်ရောက်**

ဖမ်းဆီးရမိတရားခံများအနက် ဘုန်းမြတ်နိုင်သည် အောင်ဇော်မင်း(ခ)မင်းမင်း (ဖမ်းဆီးရန်ကျန်)၊ အောင်လင်းခန့်၊ အေးမင်းသက် (ဖမ်းဆီးရန်ကျန်) တို့နှင့်အတူ ဇွန်လခန့်တွင် စစ်ကိုင်းမြို့နယ် ပန်းချီကျေးရွာအနီး တောတွင်း၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ခဲ့ကြောင်း၊ သင်တန်းဆင်းပြီးနောက် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ဘုန်းမြတ်နိုင်သည် အောင်ဇော်မင်း(ခ) မင်းမင်းထံမှ လက်လုပ်မိုင်း ကိုးလုံးရရှိခဲ့ပြီး ၎င်းလက်လုပ်မိုင်းများနှင့်အတူ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းပေးတိုင်ကြားနိုင်**

အထက်ပါ စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်သောင်းကို သတ်ဖြတ်ခဲ့သည့် တရားခံသုံးဦးအား လက်လုပ်မိုင်း ကိုးလုံး၊ လူသတ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဓားမြှောင်တစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့အပြင် ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သည့် ဆက်စပ်တရားခံ အောင်ဇော်မင်း(ခ) မင်းမင်း၊ အေးမင်းသက်နှင့် သတ်ဖြတ်ရန်ခိုင်းစေခဲ့သည့် NLD ပါတီအမာခံ ခင်မောင်ကြည်၊ ခင်မောင်ဦးတို့ကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**




ဝေမင်းဟန်နှင့် ငြိမ်းချမ်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# နောင်ချိုမြို့နယ်၌ ငွေကျပ်သိန်း ၂၉၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း၂၉၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက် ည ၁၁ နာရီ တွင် နောင်ချိုမြို့နယ် မူဆယ်-မန္တလေး သွားကားလမ်း အိုရီယမ်တယ်တိုးဂိတ်အနီး၌ ကျောက်မဲမှ မန္တလေးသို့ ဝေမင်းဟန်(၂၅ နှစ်) မောင်းနှင်ပြီး ငြိမ်းချမ်း(၂၄ နှစ်) လိုက်ပါလာသည့် ISUZU ခြောက်ဘီး ကွန်တိန်နာမော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၂၉၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူအလေးချိန် ၁၆ ဒသမ ၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀၀၊ ဘိန်းကီလို ၃၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ပေါ်ပေါက်ချက်အရ အဆိုပါ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ်မှ မန္တလေးမြို့သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဝိုင်းမော်၊ ကမာရွတ်၊ မြောက်ဥက္ကလာပနှင့် ရွှာငံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဝိုင်းမော်မြို့ အမှတ်(၃)ရပ်ကွက်ရှိ မထွေးကြည်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၃၃ ကီလိုကို ဖမ်းဆီးရမိသည်။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် ဦးလှော်ခြံလမ်း အိမ်အမှတ်-၁၇ ရှိ ကိုမောင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄ ပြား၊ အိုက်စ် သုည ဒသမ ဝဝ၃ ကီလိုနှင့် ဆေးခြောက် သုည ဒသမ ဝ၁၅ ကီလိုကိုလည်းကောင်း၊ ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် အဆိုပါ နေအိမ်ရှေ့သို့ သက်စိုးဟိန်း(ခ)မွန်ကြီး မောင်းနှင်ပြီး ပိုင်စိုးဦး(ခ) ပိုင်စိုးနှင့် အောင်ဝေဖြိုးတို့လိုက်ပါလာသည့် မော်တော်ယာဉ်ရောက်ရှိလာသဖြင့် စစ်ဆေးရှာဖွေရာ ပိုင်စိုးဦး (ခ)ပိုင်စိုးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၀ တို့ကို လည်းကောင်း၊ ဆက်လက်၍ ညနေပိုင်းတွင် ပိုင်စိုးဦး(ခ) ပိုင်စိုးနေထိုင်သည့် မြောက်ဥက္ကလာပမြို့နယ် (ဃ) ရပ်ကွက် နွယ်နီ-၄ လမ်း တိုက်အမှတ်(၅၀၅) ခြောက်လွှာရှိ တိုက်ခန်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကိုလည်းကောင်း။ **(အောက်ပုံ)**

ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှာငံမြို့နယ် အောင်ပန်း- ရွှာငံသွားကားလမ်း မိုင်တိုင်အမှတ်(၄၇/၄) အနီးတွင် စိုးမိုးဝင်း(ခ)ဖိုးလုံး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# အကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများ ရေစကြိုမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ ဖော်ထုတ်သိမ်းဆည်းရမိ

နေပြည်တော်  ဩဂုတ် ၂၁

**မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အစပ်ရှိ ကျေးရွာအချို့တို့တွင် အကြမ်းဖက်သင်တန်းများ ပို့ချခြင်း၊ လက်လုပ်သေနတ်များ ပြုလုပ်ခြင်းတို့ကို လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုများကို ဆောင်ရွက်ခဲ့ရာ ရေစကြိုမြို့နယ် ရွှေလုံကျေးရွာ ကမ္ဘာအေးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ လက်နက်ခဲယမ်းများကို ယနေ့မွန်းလွဲပိုင်းတွင် ဖော်ထုတ်သိမ်းဆည်းရရှိခဲ့ကြောင်း သိရှိရသည်။**

ဖော်ထုတ် သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများအနေဖြင့် လက်လုပ်စိန်ပြောင်း နှစ်လက်၊ လက်လုပ်ပခုံးထမ်းဒုံး တစ်လက်၊ တူမီး ၂၂ လက်၊ လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ စနက်တံမျိုးစုံ ၂၀၀၊ လက်နက်နှင့်မိုင်းများပြုလုပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာပတ်ဝန်းကျင် တစ်ဝိုက်ကို ဆက်လက်ရှာဖွေဖော်ထုတ်ခဲ့ရာ ဦးကျော်နိုင်(၄၈နှစ် )မြစ်သာကျေးရွာနေထိုင်သူအား လက်လုပ်သေနတ်ပြုလုပ်နေသည့်မှတ်တမ်းဓာတ်ပုံများပါဝင်သည့် လက်ကိုင်ဖုန်း တစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် ဆက်စပ်သူများကို ထပ်မံဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် လက်လုပ်သေနတ်၊ လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီး ပါတ်ကုန်းဝန်းကျင် အုပ်ချုပ်ရေးမှူးကို လုပ်ကြံသတ်ဖြတ်ခဲ့သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၇၂ လမ်း၊ ၂၉ လမ်းနှင့် ၃၀ လမ်းကြားရှိ ပါတ်ကုန်းဝန်းကျင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးအောင်ဆွေထွန်း (၄၆နှစ်) (ဘ)ဦးဉာဏ်စိန်ကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် အုပ်ချုပ်ရေးမှူးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သူ အောင်မျိုးကျော် (ခ) သားကြီး (၃၃နှစ်) (ဘ)ဦးမွတ်တားနှင့် ဆိုင်ကယ်ဖြင့် လိုက်လံပို့ဆောင်ပေးသူ ခန့်စည်သူ(ခ)မာရှယ် (၂၁နှစ်) (ဘ) ဦးတင်အုန်းတို့ကို ချမ်းမြသာစည်မြို့နယ် ၄၆ လမ်းနှင့် ၁၀၅(အေ)လမ်းထောင့်ရှိ မန်းဝေလှိုင် တည်းခိုခန်းတွင် လည်းကောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ လှုပ်ရှားသွားလာမှုများကို စောင့်ကြည့်ပေးသူ ဇင်မင်းပိုင် (၂၈နှစ်) (ဘ)ဦးမင်းပိုင်ကို ချမ်းအေးသာစံမြို့နယ် ၂၈ လမ်းနှင့် ၂၉ လမ်းကြား၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြားရှိငင်း၏နေအိမ်တွင် လည်းကောင်း၊ လုပ်ကြံသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် သေနတ်ကို ဝှက်ထားပေးသူ ဒေါ်ယဉ်မျိုးသီ (၅၀နှစ်) (ဘ) ဦးရဲမြင့်ကို မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်၊ ၆၅ လမ်း၊ ၃၅ လမ်း နှင့် ၃၆ လမ်းကြားရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း၊ ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်အား ဝှက်ထားပေးသူ အောင်မြင့်မြတ်ဖြိုး (၂၃နှစ်) (ဘ)ဦးရဲညွှန့်ကို မဟာအောင်မြေမြို့နယ် ၆၂ လမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြားတွင် လည်းကောင်း၊ ပြစ်မှုကျူးလွန်သူများအား တိမ်းရှောင်ရန် နေရာစီစဉ်ပေးသူ သူရိန်ထွန်း (ခ)ဘယ်ကျော် (၃၆ နှစ်) (ဘ)ဦးမြင့်ဟန်အား ချမ်းအေးသာစံမြို့နယ် အမှတ်(၁၈၈/၁၄)၊ ၇၈လမ်းနှင့် ၇၉ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



အောင်မျိုးကျော် (ခ)သားကြီး



ခန့်စည်သူ(ခ)မာရှယ်



ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ်

ဖမ်းဆီးရမိ တရားခံများနှင့်အတူ ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် SIG SAUER 9mm ပစ္စတို သေနတ်တစ်လက်၊ ၎င်းကျည် ၂၇ တောင့်၊ ကျည်အိမ် နှစ်ခု၊ ဆိုင်ကယ် တစ်စီး၊ ဒီတိုနေတာများ၊ ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ အုပ်ချုပ်ရေးမှူးကို လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းသူမှာ ရတနာပုံယူနီကိုက် တက်ဘောလုံးအသင်း ခေါင်းဆောင် ဝင်းနိုင်စိုး (ခ) ပီချေး (ဖမ်းဆီးရန်ကျန်ရှိသူ) ဖြစ်ပြီး အုပ်ချုပ်ရေးမှူး၏ လှုပ်ရှားမှုများကို ဇင်မင်းပိုင်က စောင့်ကြည့်ပေးခဲ့ကြောင်း၊ အောင်မျိုးကျော်နှင့် ခန့်စည်သူတို့ နှစ်ဦးသည် အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်၍ ခရီးသွားလိုသဖြင့် ထောက်ခံစာလာလုပ်ခြင်းဖြစ်ကြောင်း ပြောဆိုပြီး အောင်မျိုးကျော်က အုပ်ချုပ်ရေးမှူးအား သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့နောက် ဖြစ်စဉ်တွင် အသုံးပြုခဲ့သည့် သေနတ်နှင့် ဆိုင်ကယ်တို့ကို ဒေါ်ယဉ်မျိုးသီနှင့် အောင်မြင့်မြတ်ဖြိုးတို့က ဝှက်ထားပေးပြီး သူရိန်ထွန်းစီစဉ်ပေးသည့် တည်းခိုခန်းတွင် တည်းခိုနေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် တရားခံများကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# VOA နှင့် Frontier Myanmar **သတင်းဌာနတို့၏ ပင်တိုင်ဆောင်းပါးရှင် အောင်ဆန်း(ခ) စည်သူအောင်မြင့်နှင့် BBC သတင်းဌာန အလွတ်တန်းသတင်းထောက် ထက်ထက်ခိုင်တို့ကို ဖမ်းဆီးရမိ**



အောင်ဆန်း(ခ)စည်သူအောင်မြင့်နှင့် ထက်ထက်ခိုင်

**နေပြည်တော် ဩဂုတ် ၂၁**

အစိုးရနှင့် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် သတင်းဌာနများနှင့် လူမှုကွန်ရက်တွင် ဝေဖန်ရေးသားမှုများ ပြုလုပ်နေပြီး ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ထားရှိသည့် VOA နှင့် Frontier Myanmar သတင်းဌာနတို့၏ ပင်တိုင်ဆောင်းပါးရှင် အောင်ဆန်း(ခ) စည်သူအောင်မြင့်နှင့် BBC သတင်းဌာန အလွတ်တန်း သတင်းထောက် ထက်ထက်ခိုင်တို့ကို ဩဂုတ် ၁၅ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်း ရပ်ကွက် ကမ္ဘာအေးဘုရားလမ်း ရွှေဂုံရိပ်မွန် အိမ်ရာ တိုက်(၁၂) အခန်း(၉)၌ အတူတကွ တွေ့ရှိသဖြင့် ဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

တရားခံ အောင်ဆန်း(ခ) စည်သူအောင်မြင့်နှင့် ထက်ထက်ခိုင်တို့သည် ၂၀၂၁ ခုနှစ် မတ်လ (တတိယပတ်)မှစ၍ အဆိုပါ ကမ္ဘာအေးဘုရားလမ်းရှိ ရွှေဂုံရိပ်မွန် အိမ်ရာတိုက်ခန်းတွင် သီးသန့်နှစ်ဦးတည်းအတူတကွ နေထိုင်ကာ သတင်းမီဒီယာနှင့် ဝါဒဖြန့်ချိရေး လုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြကြောင်း သိရှိရသည်။

အောင်ဆန်း (ခ) စည်သူအောင်မြင့်သည် တပ်မတော်မှ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းပြီးနောက်ပိုင်း VOA သတင်းဌာနနှင့် Frontier Myanmar သတင်းဌာနများသို့ တပ်မတော်ကို ဝေဖန်ဆန့်ကျင်သည့် သတင်းနှင့် ဆောင်းပါးများ ရေးသားပေးပို့ခြင်း၊ လူမှုကွန်ရက်စာမျက်နှာတွင် Sithu Aung Myint အမည်ဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဝေဖန်သည့် ဆောင်းပါးများ၊ နိုင်ငံ့ဝန်ထမ်းများ CDM ပြုလုပ်လာစေရန် စည်းရုံးလှုံ့ဆော်သည့် စာသားများ၊ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG/CRPH တို့ကို ထောက်ခံရေးသားသော အကြောင်းအရာများ၊ ပြည်သူလူထု အထင်အမြင် လွဲမှားစေနိုင်သည့် အခြားမဟုတ်မမှန်သတင်းများ၊ နိုင်ငံတော်မှ အောင်ဘာလေထီ ရောင်းချခြင်းကို ပြည်သူလူထု အသိအမြင်လွဲမှားစေရန် လှုံ့ဆော်ရေးသားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အလားတူ ထက်ထက်ခိုင်အနေဖြင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ထားရှိသော တရားခံ အောင်ဆန်း(ခ)စည်သူအောင်မြင့်ကို ၎င်း၏နေအိမ်တွင် ပုန်းရှောင်နေနိုင်ရန် လက်ခံထားရှိခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG မှ နေ့စဉ်ထုတ်လွှင့်သော Federal FM တွင် Volunteer အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်၍ တရားခံ အောင်ဆန်း(ခ)စည်သူအောင်မြင့်ကို ယခင်အမှု ဖွင့်လှစ်ထားသည့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က နှင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၂၄(က) တို့ဖြင့် လည်းကောင်း၊ တရားခံ ထက်ထက်ခိုင်ကို မတရားအသင်းနှင့် ဆက်သွယ်ဆောင်ရွက်မှု ဥပဒေပုဒ်မ ၁၇(၁) ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၁၈၈၀ ထပ်မံတွေ့ရှိ

**ဆိုးလ် ဩဂုတ် ၂၁**

တောင်ကိုရီးယားနိုင်ငံတွင် ဩဂုတ် ၂၁ ရက်က နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ခံရသူဦးရေ ၁၈၈၀ ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ ၂၃၄၇၃၉ ဦးအထိ ရှိလာခဲ့သည်။ နေ့စဉ် ကူးစက်မှုနှုန်းမှာ ၂၀၀၀ အောက် လျော့ကျလာပြီဖြစ်သော်လည်း ၁၀၀၀ အထက်တွင် ရှိနေသည်မှာ ၄၆ ရက် ဆက်တိုက်ရှိနေပြီဖြစ်သည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ပျမ်းမျှနေ့စဉ် ကူးစက်မှုနှုန်းမှာ ၁၈၀၅ ဦး ရှိသည်။ နောက်ထပ် ကူးစက်ခံရသူများထဲတွင် ၅၁၈ ဦးမှ ဆိုးလ်မြို့ ဒေသခံများဖြစ်ပြီး ဂယောင်းဂီပြည်နယ်တွင် ၅၈၅ ဦးနှင့် အနောက်ပိုင်းဆိပ်ကမ်းမြို့ဖြစ်သည့် အင်ချွန်းတွင် လူဦးရေ ၉၀ ကူးစက်ခံထားရသည်။

မြို့ပြဒေသမှမဟုတ်ဘဲ ကူးစက်ခံရသူ ၆၂၁ ဦးရှိပြီး ဒေသတွင်းကူးစက်မှု၏ ၃၄ ဒသမ ၂ ရာခိုင်နှုန်း ရှိသည်ဟုသိရသည်။ ပြည်ပမှ ကူးစက်ခံလာရသူ ၆၆ ဦးရှိပြီး စုစုပေါင်းပြည်ပမှ ကူးစက်ခံလာရသူပေါင်း ၁၃၁၁၁ ဦး ရှိသည်။

ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီး နောက်ထပ် သေဆုံးသူ ငါးဦး ထပ်တိုးခဲ့သည့်အတွက် သေဆုံးသူ စုစုပေါင်းမှာ ၂၂၀၂ ဦးရှိသည်။ သေဆုံးမှုရာခိုင်နှုန်းမှာ ၀ ဒသမ ၉၄ ရာခိုင်နှုန်းရှိသည်။

ဆေးရုံမှ ဆင်းသွားသည့် လူနာ ၁၇၄၃ ဦး ထပ်တိုးလာခဲ့သည်။ တောင်ကိုရီးယားတွင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးခဲ့ပြီး ကာကွယ်ဆေးတစ်ကြိမ်ထိုးပြီးသူ ၂၅၅၀၁၉၉၀ ရှိသည်။ ၁၁၄၃၉၀၉၃ ဦး မှာ နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ကိုဗစ်-၁၉ ရောဂါလက္ခဏာပြသူတစ်ဦးကို ဆေးစစ်ပေးရန် ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

# ပေါ်တူဂီနိုင်ငံ၌ ကိုဗစ်-၁၉ အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ဖြေလျှော့ပေး

**လစ္စဘွန်း ဩဂုတ် ၂၁**

ပေါ်တူဂီနိုင်ငံတွင် ဩဂုတ် ၂၃ ရက်မှစတင်ကာ ဘေးဆိုးအခြေအနေကြေညာထားခြင်းမှ ကင်းလွတ်ခွင့်ရရှိတော့မည်ဟု ဩဂုတ် ၂၀ ရက်တွင် အစိုးရကကြေညာခဲ့သည်။ ဘေးဆိုးအခြေအနေကြေညာထားခြင်းမှ အရေးပေါ် အခြေအနေကြေညာထားခြင်းသို့ ပြောင်းလဲသွားမည်ဖြစ်သည်။

ကပ်ရောဂါထိန်းချုပ်ခြင်းနှင့် ပတ်သက်၍ ရလဒ်ကောင်းများကို သမ္မတရုံးဝန်ကြီး မရီနာဗီယာဒါ ဆေလ်ဗာ သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။ ထို့နောက် ကိုဗစ်-၁၉ အသွားအလာပိတ်ဆို့ကန့်သတ်ထားမှုများကို ပြန်လည်ဖြေလျှော့ပေးရန် ဝန်ကြီးများကောင်စီက ဆုံးဖြတ်ခဲ့သည်ဟု ၎င်းက ကြေညာခဲ့သည်။ ဩဂုတ် ၂၃ ရက်မှစတင်ကာ စတိုးဆိုင်များ၊ စားသောက်ဆိုင်များနှင့် အခြားသောဆိုင်များကို နံနက် ၂ နာရီ မတိုင်ခင်အချိန်အထိ ဖွင့်ခွင့်ပေးမည်ဟု သိရသည်။

ယဉ်ကျေးမှုပြပွဲများ၊ ဘာသာရေးအခမ်းအနားများ၊ မင်္ဂလာဆောင်များကိုလည်း ပရိသတ်အင်အား ၇၅ ရာခိုင်နှုန်းဖြင့် ပြုလုပ်ခွင့်ပေးမည် ဖြစ်သည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များတွင်မူ ခရီးသည်အင်အားကို ကန့်သတ်ထားခြင်း မရှိပေ။

အရေးပေါ် အခြေအနေကြေညာမှုတွင် ကန့်သတ်ချက်များမှာ အလယ်အလတ်အဆင့်တွင်သာရှိပြီး လွတ်လပ်ခွင့် ပိုမိုပေးထားကာ ကန့်သတ်ချက်အနည်းငယ်သာရှိသည်။ ပေါ်တူဂီကျန်းမာရေး အာဏာပိုင်များ၏ ပြောကြားချက်အရ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်းမှ စတင်ကာ ပေါ်တူဂီတွင်ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၁၄၆၃၂ ဦးရှိပြီးသေဆုံးသူ ၁၇၆၂၂ ဦးရှိသည်။

**ဆင်ဟွာ**



ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် စကားပြောနေကြသည့် လူတစ်စုကို တွေ့ရစဉ်။

# မော်ဒါနာကာကွယ်ဆေး ထိုးနိုင်သည့် အသက်အပိုင်းအခြားကို ၁၂ နှစ်အထိ သတ်မှတ်

**တိုကျို ဩဂုတ် ၂၁**

အမေရိကန်ထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြစ်သည့် မော်ဒါနာဆေးကို အသုံးပြုနိုင်သည့် အငယ်ဆုံးအသက်ကို ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ယခင် ၁၈ နှစ် သတ်မှတ်ထားရာမှ ၁၂ နှစ် အထိပြောင်းလဲသတ်မှတ်လိုက်သည်။ ဖိုက်ဇာကာကွယ်ဆေးကို အသုံးပြုနိုင်သည့် အငယ်ဆုံးအသက်ပမာဏကိုလည်း ၁၆ နှစ်မှ ၁၂ နှစ်အထိသို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

မော်ဒါနာကာကွယ်ဆေးကို မေလအတွင်း အသုံးပြုခွင့် ခွင့်ပြုပေးခဲ့ပြီး အသုံးပြုနိုင်သည့် အငယ်ဆုံးအသက်အပိုင်းအခြားကို ၁၈ နှစ်ဟု သတ်မှတ်ခဲ့သည်။

နောက်ပိုင်းတွင် မော်ဒါနာကုမ္ပဏီက ၎င်းတို့ ထုတ်လုပ်သည့် ကာကွယ်ဆေးမှာ အသက် ၁၂ နှစ်မှ ၁၇ နှစ်အထိ လုံခြုံစိတ်ချရမှု ရှိသည်ဟု အတည်ပြုနိုင်ခဲ့သည့်အတွက် ဂျပန်အစိုးရထံ ခွင့်ပြုခွင့် လျှောက်ထားခဲ့သည်။

ထို့နောက် ဇူလိုင် ၁၉ ရက်က ပြုလုပ်သည့် ကျွမ်းကျင်သူများ အစည်းအဝေးတွင် မော်ဒါနာဆေးကို အသုံးပြုနိုင်သည့် အငယ်ဆုံး အသက်အပိုင်းအခြားကို ကြေညာခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဂျပန်နိုင်ငံတစ်လွှားတွင် အသက် ၁၂ နှစ်မှ ၁၇ နှစ်အထိ ကလေးများကို မော်ဒါနာကာကွယ်ဆေး ထိုးပေးခွင့်ရပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# မီဒီယာများအပေါ်တွင် တာလီဘန်များ ဖိအားပေးမည်ကို အမေရိကန်စိုးရိမ်

**ဝါရှင်တန် ဩဂုတ် ၂၁**

အာဖဂန်နစ္စတန်နိုင်ငံကို တာလီဘန်များကထိန်းချုပ်ပြီးသည့်နောက် ဂျာနယ်လစ်များအပေါ်တွင် တာလီဘန်များ၏ ဖိအားများ တိုးလာသည့်အပေါ် စိုးရိမ်မိသည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူကပြောသည်။ မူဘောင်အတွင်းမှသာ မီဒီယာများကို လွတ်လပ်ခွင့်ပေးမည်ဟု တာလီဘန်များက ပြောထားသော်လည်း တာလီဘန်များသည် ဂျာနယ်လစ်အချို့အပေါ်တွင် ပစ်မှတ်ထားနေဆဲဖြစ်သည်။

အာဖဂန်နိုင်ငံပိုင် ရုပ်သံလွှင့်ဌာနတွင် အလုပ်လုပ်ကိုင်နေသူ အမျိုးသမီးသတင်းကြေညာသူတစ်ဦးကို ပိတ်ဆို့ထားခြင်းအပါအဝင် အခြားသောကိစ္စရပ်များကို ယခုသီတင်းပတ်အတွင်း တာလီဘန်တို့က ပြုလုပ်ခဲ့ကြသည်။ အဆိုပါဖြစ်ရပ်များကိုအမေရိကန်တို့က အထူးအလေးအနက်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ နက်ပရိုက်စ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖိလစ်ပိုင်နိုင်ငံမှ လက်ခံရရှိ

**မနီလာ ဩဂုတ် ၂၁**

တရုတ်နိုင်ငံမှပေးပို့သည့် ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဩဂုတ် ၂၁ ရက်တွင် ဖိလစ်ပိုင်နိုင်ငံက လက်ခံရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ပေးပို့သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ၅၀ ရာခိုင်နှုန်းကျော်မှာ တရုတ်နိုင်ငံမှ ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင် မတ်လ ၁ ရက်မှ စတင်ကာ ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် ပထမဆုံး အကြိမ် ကာကွယ်ဆေးများ ပေးပို့ခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသည် လူပေါင်း ၂၉သန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။ ယခုအချိန်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူ အရေအတွက်မှာ ၁၃ သန်းရှိပြီး ယခုနှစ်အတွင်း လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးသွားရန် အစိုးရက ရည်မှန်းထားသည်။




ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖိလစ်ပိုင်နိုင်ငံမှ လက်ခံရရှိစဉ်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁ ဒသမ ၈ သန်းရှိပြီး သေဆုံးသူ ၃၁၁၉၈ ဦး ရှိသည်။ ဩဂုတ် ၂၀ ရက်တွင်လည်း နောက်ထပ် ကူးစက်ခံရသူ ၁၇၂၃၁ ဦးတွေ့ရှိခဲ့ပြီး ပြီးခဲ့သည့်နှစ် ဇန်နဝါရီလမှစတင်ကာ ကူးစက်မှုအများဆုံးပမာဏ ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

❂ *ကျောဖုံးမှ*

- လက်ကိုမကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၀-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၁-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၈၅၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၇၄၄) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၄၁၇,၂၁၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၇၁,၅၁၂) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄,၅၁၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၉၅,၃၃၈)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၄၀) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၄,၂၃၆) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၈၂၇)ခု | (၂၄၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၃)ခု | (၁၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၀၈)ခု | (၁၁၇)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁၆)ခု | (၁၃၉)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ(ခုတင် ၇၀၀) | (၄၆)ခု | (၃)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၄၇)ခု | (၅၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၇၉)ခု | (၄၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၀၉)ခု | (၄၉၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၅၉၀)ခု | (၁,၆၃၉)ဦး |
| **စုစုပေါင်း** | (၁၀,၈၅၅)ခု | (၂,၇၄၄)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူသို့ အသိပေးပန်ကြားချက်

ပြည်သူတို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်မှသာ လုပ်ငန်းများအချိန်တိုအတွင်း အောင်မြင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ အချက်များကို အားလုံးကိုယ်စီလိုက်နာကြပါရန် အသိပေးပန်ကြားအပ်ပါသည်-

၁။ တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ပါ၊

၂။ အိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်၊ မိမိကိုယ်တိုင်လည်း ဧည့်သည်အဖြစ် သွားရောက်ခြင်း လုံးဝမပြုပါနှင့်၊

၃။ အိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ (သို့မဟုတ်) ဆီးချို၊ သွေးတိုး၊ နှလုံး..စသည့် နာတာရှည်ရောဂါ တစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ထားစေပါ၊ လေဝင်လေထွက်ကောင်းသည့်နေရာတွင် နေစေပါ၊

၄။ မဖြစ်မနေအပြင်ထွက်ရပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေတပ်ဆင်ပါ၊ လက်ကိုစနစ်တကျဆေးကြောပါ၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေပါ၊ လေဝင်လေထွက် မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ၊

၅။ လူစုလူဝေး လုံးဝရှောင်ကြဉ်ပါ၊

၆။ ဖြစ်နိုင်ပါက တစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ ဈေးဝယ်ယူပါ၊ ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်ထားခြင်းမရှိသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

၇။ အပြင်ထွက်ရာမှ အိမ်ပြန်ရောက်သောအခါတွင် အိမ်သို့ရောဂါပိုးများ သယ်ဆောင်လာခြင်းမရှိစေရန် သတိပြုပါ၊ အသုံးပြုပြီးသော ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးပစ္စည်းများကို အိမ်အပြင်တွင် စနစ်တကျစွန့်ပစ်ပါ၊ အဝတ်အစားမလဲမီ/ ကိုယ်လက်သန့်စင်ခြင်းမပြုမီ အိမ်သားများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊

၈။ အလှည့်ကျရရှိသော ကာကွယ်ဆေးသည် မိမိအတွက်အကောင်းဆုံးဖြစ်၍ ကာကွယ်ဆေးထိုးနှံခြင်းကိုအကြိမ် ပြည့်ခံယူပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

၉။ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ လူအင်အား၊ ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်မှုပညာရပ်များဖြင့် စနစ်တကျပါဝင် ပူးပေါင်းပံ့ပိုးပေးကြပါရန် ဖြစ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန (၂ – ၈ – ၂၀၂၁)**

## ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
## ကျန်းမာရေးဝန်ကြီးဌာန

## ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉) ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉)ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့်လူနာ (၂၀%) ခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန်လိုအပ်ပြီး အဆိုပါ (၂၀%)တွင် (၅%) ခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**နောက်ဆက်တွဲ ရေရှည်ဆိုးကျိုးများအနေဖြင့် –**

- နှလုံးကြွက်သားများထိခိုက်ပျက်စီးပြီး နှလုံးကောင်းစွာအလုပ်မလုပ်နိုင်တော့ခြင်းနှင့် အခြားနှလုံးရောဂါများ ခံစားလာရနိုင်ခြင်း၊
- အဆုတ်အတွင်းရှိ လေအိတ်ငယ်များကိုပျက်စီးစေပြီး အဆုတ်တွင် အမာရွတ်များကျန်ခဲ့၍ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြင်း၊
- ဦးနှောက်နှင့် အာရုံကြောရောဂါများဖြစ်သော လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ ယာယီအကြောသေရောဂါ(Guillain-Barre syndrome) များ ဖြစ်ပွားခြင်းနှင့် ပါကင်စန်ရောဂါ (Parkinson )နှင့် အယ်ဇိုင်းမား (Alzheimer) ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်ခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့် ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ရောဂါများပြန်လည်သက်သာလာသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။
- သက်ကြီးဘိုးဘွားများနှင့် နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်းမောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း စသည့်ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရနိုင်ပါသည်။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၁**

မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မြစေတီစာသင်တိုက်သို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များကသွားရောက်၍ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အထောက်အကူပြုဆေးဝါးများကို ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မဟာဗောဓိဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက်ရှိ ကံသုံးဆင့်ပရိယတ္တိစာသင်တိုက်၊ ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာရှိအာသောကာရုံကျောင်းတိုက်၊ ဒလမြို့နယ် ဗညားဒလရပ်ကွက်ရှိ နန်းဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဓမ္မရိပ်သာကျောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက်၊ ကျားရုပ်ပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ဝါကပ်သီတင်းသုံးတော်မူကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင် ၆၄၄ ပါး၊ ပြင်ဦးလွင်မြို့နယ် ရွှေမြင်တင်ဘုန်းတော်ကြီးကျောင်း၊ မဟာဂန္ဓာရုံကျောင်းနှင့် အေးမြချမ်းသာ သီလရှင်စာသင်တိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး မွန်ပြည်နယ် မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။

**သတင်းစဉ်**

# အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၁**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ လှူဒါန်းမည့် မုံရွာမြို့ မိဘဂုဏ်အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်အိုးများကို သယ်ဆောင်ပေးအပ်လှူဒါန်းစဉ်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ၂၈ လုံးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သား၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အထောက်အကူပြုစေရန်အတွက် စေတနာရှင် အလှူရှင်များက Oxygen Concentrator ၁၃ လုံး၊ အောက်ဆီဂျင်အိုး ၃၀ နှင့် အလှူငွေကျပ် ၅၂၉ သိန်းကျော်တို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တိုက်နယ်ပြည်သူ့ဆေးရုံများသို့အောင်သပြေကုမ္ပဏီမိသားစုမှ လှူဒါန်းသည့် ပန်းတနော်မြို့နယ်ရှိ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်အိုး ၁၂ လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် ဆေးရုံတက် လူနာများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး (၉) ထပ်တိုးချဲ့ဆောင် ဆောက်လုပ်နေမှုနှင့် အောင်သပြေကုမ္ပဏီမိသားစုက လှူဒါန်းသည့် ပန်းတနော်မြို့နယ်ရှိ အောက်ဆီဂျင်စက်ရုံ စတင်ဖွင့်လှစ်လည်ပတ်နေမှုကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ အမှတ်(၁)သီရိမင်္ဂလာရပ်ကွက် ကြာကန်ဘုန်းကြီးကျောင်းတွင် Oxygen Plant အသစ်တည်ဆောက်မည့် နေရာကိုလည်းကောင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့မှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မဟာဗောဓိဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၄၅၀ တို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၂၂၉၇ ဦးတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ စုစုပေါင်း ၆၂၇ ဦးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၆၂၀၇ ဦးတို့ကို လည်းကောင်း တပ်မတော် ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စစ်တွေမြို့နယ်ရှိ ဘုန်းကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆန်အိတ် ၁၀၀၀ လှူဒါန်း

**စစ်တွေ ဩဂုတ် ၂၁**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်ရှိ ကျားရုပ်ပရိယတ္တိစာသင်တိုက်နှင့် ဘောက်သီးစုရပ်ကွက်ရှိ မြို့မပရိယတ္တိစာသင်တိုက်များသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော် သံဃာတော်များကို ဖူးမြော်ကာ ကျောင်းထိုင်ဆရာတော်ထံမှ ငါးပါးသီလ ခံယူပြီး ဆရာတော်သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ပြည်နယ် အစိုးရအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေကြောင့် ဝါတွင်းကာလအတွင်း ဆရာတော် သံဃာတော်များ ဆွမ်းခံမကြွရောက်နိုင်သည့်အတွက် ပြည်နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်များလှူဒါန်းခြင်း စသော သာသနာ့နုဂ္ဂဟကုသိုလ်များကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဝါဆိုသံဃာများအတွက် လိုအပ်သောဆွမ်းများ ဆက်ကပ်နိုင်ရေး စစ်တွေမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအတွက် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပေါ်ဆန်းမွှေးဆန်အိတ် ၁၀၀၀ ကို လှူဒါန်းလျက်ရှိရာ ယနေ့တွင် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများက ဆရာတော် သံဃာတော်များအား သွားရောက်ဆက်ကပ်ခြင်းဖြစ်ပြီး စစ်တွေမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများနှင့် သီလရှင်ကျောင်းများကို ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာ ဘုန်းကြီးကျောင်းများသို့ သွားရောက်ဆက်ကပ်လှူဒါန်းလျက်ရှိကြသည်။

အလားတူ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များအတွက် ပြည်နယ်အစိုးရအဖွဲ့မှ တစ်မြို့နယ်လျှင် ငွေကျပ် သိန်း ၂၀ စီ မတည်လှူဒါန်းပေးပြီး သက်ဆိုင်ရာ မြို့နယ်များအလိုက် လှူဒါန်းနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် အလှူရှင်များ ပူးပေါင်း၍ လှူဒါန်းလျက်ရှိသည်။

၂၀၂၁ ခုနှစ်တွင် စစ်တွေမြို့နယ်ရှိ ဘုန်းကြီးကျောင်း ၃၂၄ ကျောင်း၌ ရဟန်း၊ သာမဏေ ၂၃၃၆ ပါးနှင့် သီလရှင်ကျောင်း ၃၈ ကျောင်း၌ သီလရှင် ၂၉၉ ပါး ဝါဆိုလျက်ရှိရာ ပြည်နယ်အစိုးရအဖွဲ့မှ အဆိုပါ သံဃာတော်များနှင့် သီလရှင်များအတွက် ပေါ်ဆန်းမွှေးဆန်အိတ် ၁၀၀၀ ကို ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# အပတ်စဉ် စနေနေ့တိုင်း ဆေးရုံများ၊ စာသင်ကျောင်းများနှင့်ဈေးများတွင် အလှည့်ကျ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မည်

**မကွေး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာလှပရေးအတွက် ယနေ့ နံနက် ၈ နာရီက မကွေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် ကြည့်ရှုအားပေးသည်။

မကွေးမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ ဆေးရုံဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ဆေးရုံဝင်းအတွင်း ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ လူမှုရေးဝန်ကြီး ဦးစိုးပိုင်မြင့်၊ အတွင်းရေးမှူး ဦးဝင်းရှိန်တို့က လှည့်လည်ကြည့်ရှုအားပေးကာ အဆိုပါသန့်ရှင်းရေးစုပေါင်းဆောင်ရွက်နေသည့်အဖွဲ့များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ငွေကျပ် ၁၅၀၀၀၀ ထောက်ပံ့သည်။

ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ပြည်သူ့ဆေးရုံများတွင် အသီးသီး ဆောင်ရွက်လျက်ရှိပြီး အပတ်စဉ် စနေနေ့တိုင်း ဆေးရုံများ၊ စာသင်ကျောင်းများနှင့် ဈေးများတွင် အလှည့်ကျ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေးမြို့ ကမ်းနားလမ်းတွင် တည်ဆောက်လျက်ရှိသည့် ညဈေးတည်ဆောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလ ပြီးစီးရေးနှင့် တည်ဆောက်ရေးတာဝန်ခံ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

မကွေးမြို့ ကမ်းနားလမ်းတွင် ပြည်သူများ အေးချမ်းစွာ အပန်းဖြေ နားနေ၊ စားသောက်နိုင်ရန် မြို့အင်္ဂါရပ်နှင့်အညီ ကမ်းနားလမ်းညဈေးကို တည်ဆောက်လျက်ရှိပြီး ညဈေးတည်ဆောက်ခြင်းကို ဇွန် ၂၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက်တွင် ပြီးစီးတည်ဆောက်သွားမည်ဖြစ်ကာ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၂၀၀ ဖြင့် လုပ်ငန်းစတင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ညီညာ(မကွေး)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ် ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၂၁ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၁၉ ခုမှ Dexa Methazone Injection ၄၁၃၇၅ ခု၊ Humidifier Bottle တစ်ခု၊ Medical Goggles အခု ၃၀၀၊ Mist Sprayer အခု ၂၈၀၀၀၊ Filter For Oxygen Plant ၁၅၀၀၊ Oximeter ၁၀ ခု၊ Oxygen Concentrator ၆၀၆ ခု၊ Oxygen Mask အခု ၁၁၀၊ Oxygen Regulator ၁၀၄၀၊ PPE ၅၀၀၊ Oxygen Concentrator Spare Parts ခုနစ်ခု၊ Thermometer ၁၀၄၀၊ ရန်ကုန်ဆိပ်ကမ်းများမှ X-Ray Machine တစ်ခု၊ Oxygen Generator တစ်ခု၊ Oxygen Tank တစ်ခု၊ Oxygen Cylinder ၂၃၉၂ ခု၊ ကိုဗစ်-၁၉ ကာကွယ် ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၁၂၂၈၇၂ ဒသမ ၁၃ kg၊ နယ်စပ်(ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မူဆယ်၊ မြဝတီ) တွင် ကုမ္ပဏီ ၅၀ မှ Oxygen Cylinder ၉၀၁၃ ခု၊ Oxygen Concentrator ၅၇၈ ခု၊ Mask ၇၈၇၂၀ kg၊ Liquid Oxygen ၁၅၃၃၈ $m^3$၊ Flow Meter ၁၁၄၈၃ ခု၊ PPE ၁၂၉၂၅၀ ခု၊ Oxygen Plant ၁၂ ခု၊ Oxygen Mask ၁၉၅၀၀၊ Disposable Cap ၁၁၈၅၀၊ Air Tank တစ်ခု၊ Oximeter ၂၅၀၊ Patient Bed ခြောက်ခု၊ Strilization Gun ၂၀၊ Water Tap ၁၂၀၀ kg၊ Oxygen Bag ၅၀၀၀၊ Oxygen Compressor သုံးခု၊ Goggle ၅၀၀၊ Cannula ၁၈၀၀၊ Face Shield ၂၉၀၀၊ Gloves ၁၃၃၂၁ ဒသမ ၈ ခု၊ Test Kit အခု ၂၄၀၀၀၊ Spirometer ၂၅၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

## မြစ်ရေကြီးခြင်း ဖြစ်ပွားသည့်အခါတွင် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးဆောင်ရွက်ရန်အချက်များ

**မြစ်ရေကြီးခြင်း မကြာခဏ ဖြစ်ပွားတတ်သည့်ဒေသများတွင် မြစ်ရေမကြီးမီ ကြိုတင်ဆောင်ရွက်ရန်**

- နေအိမ်အဆောက်အဦများကို ရေမနစ်မြုပ်နိုင်သည့် ကုန်းမြင့်ဒေသ၌ ဆောက်လုပ်နေထိုင်ရန်၊
- လှေ၊ ပွဲ့ထောင်၊ အသက်ကယ်အင်္ကျီ၊ ဝါး/ ၄က်ပျောတုံး/ သစ်တုံးဆောင်ထားရန်၊
- လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ ရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းနိုင်မည့်လမ်းကို ကြိုတင်သတ်မှတ်ထားရန်၊
- မိမိတို့မိသားစုအား ရေကူးသင်ပေးရန်၊ အရေးကြီး သယ်ဆောင်ရမည့် ပစ္စည်းများကို ပြောပြထားရန်၊
- လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲသုံးရေဒီယို၊ သောက်ရေ၊ အစားအစာများ ကြိုတင်စုဆောင်းထားရန်။

**မြစ်ရေကြီးမည့် သတိပေးချက်ရရှိပါက-**

- မိမိတို့ မိသားစု ပိုမိုလုံခြုံစိတ်ချရသောနေရာသို့ ပြောင်းရွှေ့နေထိုင်ရန်၊ အန္တရာယ်ရှိမည့်နေရာများသို့ သွားခြင်းမပြုရန်၊
- ကျွဲ၊ နွား တိရစ္ဆာန်များရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းရန်၊
- ရေဒီယိုမှ သတိပေးချက်/ထုတ်လွှင့်ချက်ကို နားထောင်ရန်၊
- သောက်ရေကို ပုံး(သို့မဟုတ်) သန့်ပြန့်သော ဘူးများတွင် သိုလှောင်ရန်၊
- အရေးကြီးသော ကိုယ်ပိုင်ပစ္စည်းများကို လုံခြုံသောနေရာသို့ ပြောင်းရွှေ့ထားရန်၊

**မြစ်ရေကြီးနေစဉ်**

- ရေနစ်မြုပ်သည့်နေရာများသို့ လမ်းလျှောက်သွားခြင်း မပြုရန်၊
- မိမိဒူးထက်မြင့်သော ရေစီးကြောင်းကို ဖြတ်ကူးရန် မကြိုးစားပါနှင့်၊
- မြွေ၊ အဆိပ်ရှိသည့် သတ္တဝါများကို သတိထားရန်၊

**မြစ်ရေကြီးပြီးနောက်**

- ရေကို ကြိုချက်သောက်ပါ၊
- အန္တရာယ်ကျရောက်သောနေရာသို့ မသွားပါနှင့်၊
- လက်နှိပ်ဓာတ်မီးကိုသာ အသုံးပြု၍ သွားလာပါ၊
- နီးစပ်ရာ ဆေးရုံ/ဆေးခန်းမှ လိုအပ်သော ကျန်းမာရေး အကူအညီ တောင်းခံပါ၊

မြစ်ရေကြီးသည့် အန္တရာယ်ကို မြစ်၊ ချောင်းများအနီး နေထိုင်သူများအနေဖြင့် အထူးသတိပြုရန် လိုအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက လျင်မြန်စွာ ကူညီဆောင်ရွက်နိုင်ရန် လေ့ကျင့်မှုများ ဆောင်ရွက်



**မန္တလေး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေး အန္တရာယ်များ ကျရောက်လာပါက အချိန်နှင့် တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန် ကူညီကယ်ဆယ်နိုင်ရန်အတွက် လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မီးသတ်တပ်ဖွဲ့ဝင်များက အစုအဖွဲ့အလိုက် ဆောင်ရွက်ခဲ့ကြကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်း ဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေး အန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း ရေကြီးရေလျှံမှု ဖြစ်စဉ်များအတွက် ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်ဆောင်ရွက်ခြင်း(**အပေါ်ယာပုံ**)၊ လျှင်အန္တရာယ်ဖြစ်ပေါ်လာပါက ကူညီကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် လေ့ကျင့်ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအား သဘာဝဘေးအန္တရာယ် လွတ်မြောက်ရာ နေရာများသို့ အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းပေးနိုင်ရန် လေ့ကျင့်ဆောင်ရွက်ခြင်းနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါကလည်း ကူညီကယ်ဆယ်နိုင်ရန် လေ့ကျင့်ခြင်းများကို သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း ၂၃၆ ဦးဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

မန္တလေးတိုင်း ဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေး အန္တရာယ်များအတွက် လိုအပ်သည်များကို ကူညီကယ်ဆယ်နိုင်ရန် ရှာဖွေကယ်ဆယ်ရေး တပ်ခွဲတစ်ခွဲကို တပ်ဖွဲ့ဝင် ၁၁၆ ဦးဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်သည့်အပြင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင်လည်း ရှာဖွေကယ်ဆယ်ရေး တပ်စုတစ်စုဆီကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း သိရသည်။ **မောင်အေးချမ်း**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေမှတ် စိုးရိမ်ရေမှတ်ရောက်ရှိရန် တဖြည်းဖြည်းတိုးလာ

**ညောင်ဦး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဩဂုတ်၂၁ ရက် မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေအမှတ်သည် ၁၉၆၆ စင်တီမီတာသို့ရောက်ရှိနေပြီး ညောင်ဦးမြို့ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာသို့ ရောက်ရှိရန် ၁၅၄ စင်တီမီတာလိုသေးကြောင်း ညောင်ဦးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင် ယနေ့နံနက် ၆ နာရီ တိုင်းတာချက်အရ ဧရာဝတီမြစ်ရေအမှတ်သည် ၁၉၅၆ စင်တီမီတာနှင့် ယနေ့မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၁၉၆၆ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာသို့ရောက်ရှိရန် ၁၅၄ စင်တီမီတာ လိုသေးကြောင်း၊ ညောင်ဦးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းကာ ဧရာဝတီမြစ်ရေကြီးမှုအခြေအနေ၊ မြစ်ရေကျမှုအခြေအနေများကို နေ့စဉ်သတင်းထုတ်ပြန်ပေးနေကြောင်း ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မေသန္တာအောင်ထံမှ သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ဟုမ္မလင်းမြို့၌ ရေကြီးရေလျှံမှု သတိပေးနှိုးဆော်

**ဟုမ္မလင်း ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ဟုမ္မလင်းမြို့နယ်တွင် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေမှုကြောင့် ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း သိရသည်။

ဟုမ္မလင်းမြို့တွင် ဩဂုတ် ၂၁ ရက် မွန်းတည့် ၁၂ နာရီခွဲ တိုင်းတာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာအောက်၊ ၂၈၉၂ စင်တီမီတာသို့ ရောက်ရှိနေပြီး ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိရန် ၈ စင်တီမီတာသာကျန်ရှိပြီး နောက်တစ်ရက်အတွင်း ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ချင်းတွင်းမြစ်ကမ်းအနီးရှိကျေးရွာများနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **ချန်လော (ဟုမ္မလင်း)**

*○ကျောဖုံးမှ*

ပွဲစသည်နှင့် လီဗာပူးအသင်းက ဘန်လေအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲချိန် ၁၈ မိနစ်တွင် လီဗာပူးအသင်း အဖွင့်ဂိုးရရှိခဲ့ရာ ဆီမီကပ်စ်၏ ဖန်တီးမှုမှတစ်ဆင့် ဂျိုတာက သွင်းယူ ပေးခဲ့သည်။ ဘန်လေအသင်းသည် အဖွင့်ဂိုးခွင့်ပြုပေးခဲ့ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း လီဗာပူးအသင်း၏ ဖိအားပေးမှုကိုသာ ခံခဲ့ရသည်။ ပွဲချိန် ၂၇ မိနစ်တွင် လီဗာပူးအသင်းအတွက် ဒုတိယဂိုးကို ဆာလာက သွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း ဗီအေအာရ်ဖြင့် ကြည့်ရှုပြီး ပယ်ဖျက်ခဲ့သည့်အတွက် လီဗာပူးအသင်း နစ်နာခဲ့ရသည်။

ဒုတိယပိုင်းတွင်လည်း ဘန်လေအသင်း၏ကစားအား တက်လာခြင်းမရှိဘဲ လီဗာပူးအသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုကိုသာ ခံခဲ့ရသည်။ ပွဲချိန် ၆၉ မိနစ်တွင် လီဗာပူးအသင်းက ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို မာနေးက အာနိုး၏ ဖန်တီးမှုမှတစ်ဆင့် သွင်းယူနိုင်ခဲ့သည်။ ဗန်ဒိုက်ပါဝင်သည့် လီဗာပူးအသင်း ခံစစ်ပိုင်း ပိုမိုကျစ်လျစ်လာခဲ့ကာ ဘန်လေအသင်း၏ ကန်သွင်းချက်များကို ကောင်းစွာရှင်းထုတ်နိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံးလူစားလဲမှုများ ပြုလုပ်လာခဲ့သော်လည်း ပွဲပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် လီဗာပူးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မန်စီးတီးနှင့် နေ့ဝှစ်ချ်တို့ပွဲတွင် မန်စီးတီးက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ်နှစ်ပွဲကစားပြီးချိန်တွင် နှစ်ပွဲစလုံးအနိုင်ရရှိထားကာ ရမှတ်ခြောက်မှတ် ရရှိထားသည်။ ဘန်လေအသင်းက နှစ်ပွဲကစား နှစ်ပွဲရှုံးဖြင့် ရမှတ်မရရှိသေးပေ။

**အောင်ဇော်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၈-၂၀၂၁ တနင်္ဂနွေနေ့

### MRTV HD

**၀၆:၀၀** မေတ္တသုတ်၊ရတနသုတ်၊မောရ်ှဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** **'စိတ်ကောင်းရှိပါ'** တရားတော်
**၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
**၀၉:၂၀** နဝင်္ဂဥပေါသထသီလ
**၁၀:၀၀** ကိုဗစ်ပိုးကိုတိုက်ထုတ်ဖို့ ကာကွယ်ဆေးထိုးကြစို့
**၁၀:၃၅** **'ဝသန်မိုးရာသီ'** တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၁၁:၄၅** အသိပညာနှင့်အမှန်တရား 'Facebok **က ဘဝမဟုတ်ဘူး**'
**၁၂:၃၀** **'မေတ္တာသုတ္တန်'** တရားတော်
**၁၃:၁၀** MRTV National News
**၁၃:၃၅** မြန်မာ့ဂန္ထဝင်ရုပ်ရှင် **'အားနဲ့သူပါရှင်'** (ကောလိပ်ဂျင်နေဝင်း၊ဒေစီကျော်ဝင်း)
**၁၇:၃၅** ထူးခြားစုံလင် အာရုပစီပိတ်အစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာသိရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့ရှုံ့ခွက်ချက်'** (အပိုင်း-၁၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
**၂၁:၂၅** ဟိုတုန်းကကာက်ဆက်ဇာတ်လမ်းများ **'လင်မယားဆိုတာ'**

### mitv

**07:01** News
**07:27** The Caves
**07:43** Taung Byone Nat Festival (Ep-5)
**07:56** The Art of Making Paper Toys
**08:00** Kayah Traditional Dance
**08:13** International Dances in Myanmar
**08:47** Today Myanmar
**08:54** Scented Buddha Images
**09:01** Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato
**09:20** Handmade Artisan Ye`Linn Oo
**09:35** Kyaikkale pagoda
**09:48** Betel Nut Farmer
**11:00** Myanmar Family Life

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၉)
**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၂)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ ကျောက်ပုထိုးစေတီတော်
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
မွန်မြတ်သဒ္ဓါကျောက်ကာလပ်စေတီသာ
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မျောက်ငိုသီး
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ဘုံတလာရေတံခွန်အကြောင်း
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရွှေတံခါးမြို့သို့အလည်တစ်ခေါက်
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှေးဟောင်းဗိသုကာလက်ရာစုံလင်ရာ ရွှေအင်းတိန်ဘုရား
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကျိုင်းတုံဆန်ပြုတ်ချက်စားကြရအောင်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME
MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews


# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၁



နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းသို့ ဆွမ်းဆန်တော် ၁၀၁ အိတ်၊ ဆီ ပိဿာ ၁၀၀၊ ဆား ပိဿာ ၂၁၀၊ ကုလားပဲ ၂၄၅ ပိဿာနှင့် အခြားလှူဖွယ်ပစ္စည်းတို့ကို သွားရောက်ဆက်ကပ်လှူဒါန်းသည်။ **(ဓာတ်ပုံ)**

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် လတ်တလော ဖြစ်ပွားလျက်ရှိသည့် ကိုဗစ် - ၁၉ ရောဂါကြောင့် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးရှိ ဝါဆိုသံဃာတော်များနှင့် သီလရှင်များ ဆွမ်းအခက်အခဲ မရှိစေရေးအတွက် စာသင်တိုက်များနှင့် ပရဟိတကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ် လှူဒါန်းလျက်ရှိသည့်အပြင် ဒေသအသီးသီးရှိ ကိုဗစ်-၁၉ စင်တာများသို့လည်းအာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ကိုဗစ် အကာအကွယ်ပစ္စည်းများ ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၂၁

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ပေါက်မြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ မိုင်းဆတ်မြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ အမ်းမြို့တွင် ၀ ဒသမ ၉၁ လက်မ၊ ဆောမြို့တွင် ၀ ဒသမ ၉၀ လက်မနှင့် ကျောက်မဲမြို့နှင့် မာန်အောင်မြို့တို့တွင် ၀ ဒသမ ၇၉ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၈ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၄၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၄၈၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၀ | ကျပ် | ၉၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၀ | ကျပ် | ၉၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၀ | ကျပ် | ၁၀၈၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၄ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၄၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၄ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၄ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၂၀၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃ | ၂၇၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၂၅၁၂ | ၈၂၈၉၆၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၈ | ၆၃၂၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၄ | ၂၀၈၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၀၅၀၆ | ၁၃၆၆၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၆ | ၇၉၉၀၀ |

ညီညီ - စုစည်းသည်


## မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီဇွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# ဝိဓုရဇာတ်တော်

မြတ်မင်းလှိုင်

**လွန်လေပြီးသောအခါ ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်ပြည်၌ ဓနဉ္စယကောရဗျ မင်းသည် စိုးစံသည်။ ထိုမင်း၏ ပညာရှိအမတ်သည် ဘုရားလောင်း ဝိဓုရဖြစ်သည်။ ထိုဝိဓုရအမတ်သည် သာယာစွာသောစကားဖြင့် လူအပေါင်းတို့အား တရားဟောလေ့ရှိသည်။ ဇမ္ဗူဒီပါကျွန်းအပြင်၌ ရှိကြသော မင်းအပေါင်းတို့သည် မိမိတို့ပြည်သို့ပင် မပြန်ဘဲ ဝိဓုရသုခမိန်၏ သာယာလှစွာသော တရားသံကို ကြည်ညိုတပ်မက်စွာ နာကြားကြသည်။**

ထိုအချိန်တွင် ဗာရာဏသီပြည်၌ ပုဏ္ဏားသူကြွယ်လေးဦးတို့ ရှိကြသည်။ ထိုပုဏ္ဏားသူကြွယ် လေးဦးသည် အဆွေခင်ပွန်းများ ဖြစ်ကြသည်။ ပုဏ္ဏားသူကြွယ်လေးဦးတို့သည် ကာမဂုဏ်၏ အပြစ်ကို မြင်ပြီး များစွာသောစည်းစိမ်ကိုစွန့်လွှတ်ကာ ဟိမဝန္တာသို့သွား၍ ရသေ့ရဟန်းပြုကြလေသည်။ ပုဏ္ဏား သူကြွယ် ရသေ့ ရဟန်း လေးပါးတို့သည် ဟိမဝန္တာ၌ ကာလရှည်စွာနေပြီးနောက် မြို့ရွာဇနပုဒ်များသို့ လှည့်လည်သွားလာကြရာ အင်္ဂတိုင်း စမ္ပာနဂိုရ်ပြည်မင်း၏ ဥယျာဉ်သို့ ရောက်ရှိကြလေသည်။ ထိုမြို့တွင်ရှိသော သူကြွယ်မိတ်ဆွေလေးဦး တို့သည် ထိုရသေ့တို့အား တွေ့မြင်ကာ ကြည်ညိုသဒ္ဓါစိတ်ဖြစ်ပေါ် လာကြသည်။ ထို့ကြောင့် သူကြွယ်လေးဦးတို့သည် ရသေ့တို့ထံမှ သပိတ်ကိုယူပြီး မိမိတို့အိမ်သို့ပင့်ဆောင်ကာ ကိုးကွယ်ကြလေသည်။

ရသေ့တို့လည်း နေ့အခါတွင် တစ်ပါးသည်နတ်ပြည်၊ တစ်ပါးကား ဂဠုန်ပြည်၊ တစ်ပါးကားနဂါးပြည်နှင့် ကျန်တစ်ပါးသည် ဣန္ဒပတ္ထနဂိုရ်ပြည် ဓနဉ္စယကောရဗျမင်း၏ မိဂါဇိန်အမည်ရှိသော ဥယျာဉ်သို့ အသီးသီးသွားရောက်အနားယူကြ၏။ ထိုရသေ့လေးပါးတို့သည် မိမိ၏ ဒကာနေအိမ်သို့ ပြန်ရောက်သောအခါ မိမိမြင်တွေ့ခဲ့သော စည်းစိမ်ချမ်းသာကို အသီးသီးချီးမွမ်း၍ ပြောဟောကြ၏။ သူကြွယ်လေးဦး တို့သည် မိမိတို့၏ဆရာရသေ့ချီးမွမ်းသော စည်းစိမ်ကို အသီးသီး အလိုရှိကြလေသည်။ ထို့ကြောင့် သူကြွယ်လေးဦးတို့သည် အလှူပေး ခြင်း၊ သီလဆောက်တည်ခြင်း အစရှိသော ကောင်းမှုကုသိုလ်များ ပြုကြ၏။ သူကြွယ်လေးဦးကွယ်လွန်ကြသောအခါ သိကြားအဖြစ်ကို တောင့်တသောသူကြွယ်သည် သိကြားဖြစ်၏။ နဂါးအဖြစ်ကိုတောင့်တ သော သူကြွယ်သည် သားမယားနှင့်တကွ နဂါးဖြစ်လေသည်။ ဂဠုန် မင်းစည်းစိမ်ကို တောင့်တသော သူကြွယ်သည် လက်ပံတောင်ဗိမာန် ၌ ဂဠုန်မင်းဖြစ်လေ၏။ ကောရဗျမင်းစည်းစိမ်ကို တောင့်တသော သူကြွယ်သည် ဓနဉ္စယကောရဗျမင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေ နေလေသည်။ ရသေ့လေးပါးတို့သည် ဗြဟ္မာပြည်၌တည်လေသည်။ ကောရဗျမင်းသားအရွယ်ရောက်ချိန်တွင် ခမည်းတော်နတ်ရွာစံသဖြင့် မင်းကျင့်တရားနှင့်အညီ မင်းပြုလေသည်။

ဥပုသ်နေ့တစ်နေ့၌ ကောရဗျမင်းကြီးသည် ဥပုသ်ဆောက်တည်ပြီး ရဟန်းတရားပွားရန်အတွက် မိဂါဇိန်ဥယျာဉ်သို့သွား၏။ သိကြားမင်း၊ နဂါးမင်းနှင့် ဂဠုန်မင်းတို့သည်လည်း ဥပုသ်သီလဆောက်တည်ကာ ရဟန်းတရားပွားများရန်အတွက် ထိုဥယျာဉ်သို့ ရောက်ရှိလာကာ သင့်ရာအရပ်၌ နေရာယူကြသည်။ ထိုမင်းလေးပါးတို့သည် ညနေချမ်း အခါတွေ့ကြုံကြလေသည်။ ရှေးက သူကြွယ်လေးဦးဘဝ အဆွေ ခင်ပွန်းဖြစ်ဖူးသောကြောင့် ချစ်ခင်ကြင်နာ ဝမ်းမြောက်စွာ သာယာ စကားဆိုကြသည်။ သိကြားမင်းသည် မင်္ဂလာရှိသော ကျောက်ဖျာထက် ၌နေ၏။ ကျန်မင်းသုံးပါးတို့သည် သင့်ရာအရပ်၌နေကြ၏။




ထို့နောက် သိကြားမင်းက မင်းသုံးပါးတို့အား မိမိတို့လေးဦးဆောက် တည်ခဲ့ကြသော သီလများအနက် မည်သူ၏သီလသည်မြတ်သည်ဟု ထင်ကြသနည်းဟု မေးလေသည်။ နဂါမင်း၊ ဂဠုန်မင်းနှင့် ကောရဗျမင်း တို့သည် မိမိတို့ဆောက်တည်ခဲ့သော သီလသာလျှင် အမြတ်ဆုံးဖြစ် ကြောင်း ဥပမာများဖြင့် အသီးသီးဆိုကြလေသည်။ ထိုအခါ သိကြားမင်း ကလည်း မိမိ၏သီလသည်သာလျှင် အမြတ်ဆုံးဖြစ်သည်ဟု ဆိုကာ ငြင်းခုံကြလေသည်။ ကောရဗျမင်းကြီးက ငြင်းခုံကြခြင်းမပြုဘဲ မိမိ၏ ပညာရှိသုခမိန် ဝိဓုရ၏ အဆုံးအဖြတ်ယူရန် အကြံပေးသည်ကို အားလုံး သဘောတူကြသဖြင့် ဥယျာဉ်တော်မှ ထွက်ခဲ့၍ ဝိဓုရတရား စီရင် ဆုံးဖြတ်ရာ သဘင်သို့သွားကြလေသည်။ မြတ်သောပလ္လင်ကို တန်ဆာ ဆင်၍ ဝိဓုရအမတ်သုခမိန်ကို ပလ္လင်ထက်၌နေစေပြီး မိမိတို့ယုံမှားသော ပြဿနာကို မေးကြလေသည်။

နဂါးမင်းသည် အမျက်ထွက်သင့်သောသူကို အမျက်မထွက်ဘဲ သည်းခံခြင်းကို ချီးမွမ်း၏။ ဂဠုန်မင်းသည် အစာဆာလောင်မွတ်သိပ်သော် လည်း အစာကိုအကြောင်းပြု၍ မကောင်းမှုကို မပြုဘဲ ရှောင်ခြင်းကို ချီးမွမ်း၏။ သိကြားမင်းသည် ကာမဂုဏ်ငါးပါးတို့၌ မွေ့လျော်ခြင်း၊ ပျော်ပါးခြင်းမှ ဖယ်ကြဉ်ခြင်းကို ချီးမွမ်း၏။ ကောရဗျမင်းသည် ကြောင့်ကြမှုမရှိသောအဖြစ်ကို ချီးမွမ်း၏။ ထိုသီလတို့အနက် အမြတ်ဆုံးကို ဝိဓုရအမတ်အား ဟုတ်မှန်သည့်အတိုင်း ဆုံးဖြတ်စေလေသည်။

ဝိဓုရသုခမိန်သည် စကားလေးခွန်းကိုကြားလျှင် သည်းခံခြင်း၊ အစာကြောင့်မကောင်းမှုကို မပြုခြင်း၊ ကာမဂုဏ်၌ မွေ့လျော်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကြောင့်ကြမှုမရှိခြင်း စသည့်ဂုဏ်လေးပါးနှင့် ပြည့်စုံသူကို ဤလူ့ပြည်၌ ငြိမ်းချမ်းသောသူဟူ၍ ပညာရှိတို့က ဆိုကြကုန်၏။ ထို့ကြောင့်မင်းလေးပါး၏ သီလသည် ထပ်တူပင်ဖြစ်ကြောင်း ရှင်းလင်း ဟောကြား ဆုံးဖြတ်ပေးလေသည်။ ထိုစကားကိုကြားလျှင် မင်းလေးပါး တို့သည် များစွာနှစ်သက်ဝမ်းမြောက်ကြသဖြင့် ဝိဓုရသုခမိန်အမတ်အား အသီးသီးချီးမြှောက်ကြလေသည်။ သိကြားမင်းသည် ဝိဓုရသုခမိန်အား ဘွဲ့ဖြူပုဆိုး၊ ဂဠုန်မင်းသည် ရွှေပန်း၊ နဂါးမင်းသည် ပတ္တမြား၊ ကောရဗျ မင်းသည် နို့ညှစ်နွားမတစ်ထောင်၊ နွားလားဥသဘ၊ ဆင်၊ မြင်း၊ သိန္ဓော မြင်းကသော ရထားဆယ်စီး၊ ရွာကြီး တစ်ဆယ့်ခြောက်ရွာတို့ကို အသီးသီး ပူဇော်ကြလေသည်။ ထို့နောက် မင်းလေးပါးတို့သည် မိမိတို့ နေရာ ပြည်အသီးသီးသို့ ပြန်ကြလေသည်။

ထိုမင်းလေးပါးတို့တွင် ဝရုဏနဂါးမင်း၏ မိဖုရားကြီးသည် နဂါးမ ဝိမလာဒေဝီဖြစ်သည်။ နဂါးမင်းသည် လူ့ပြည်မှ ပြန်ရောက်သောအခါ လည်၌ဆင်သော ပတ္တမြားကို မတွေ့၍ ဝိမလာဒေဝီက မေး၏။ ဝိဓုရ၏ တရားစကားကိုကြားနာ၍ အလွန်ကြည်ညိုသဒ္ဓါစိတ် ဖြစ်ပေါ်ကာ ပတ္တမြားဖြင့် ပူဇော်ခဲ့ကြောင်း၊ မိမိသာမက သိကြားမင်း၊ ဂဠုန်မင်းနှင့် ကောရဗျမင်းတို့လည်း အသီးသီး ပူဇော်ခဲ့ကြကြောင်းနှင့် ဝိဓုရသုခမိန်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏။

ဝိမလာဒေဝီ မိဖုရားလည်း ဝိဓုရသုခမိန်ကို အလွန်ကြည်ညိုကာ သုခမိန်၏တရားကို နာယူလိုစိတ် ပြင်းပြခဲ့လေသည်။ ထို့ကြောင့် မင်းကြီးအား ပင့်ခေါ်ပေးတော်မူပါဟုဆိုရာ ပင့်ဆောင်ခြင်း မပြု၍ နာမကျန်းဟန်ပြုလေသည်။ နဂါးမင်းကြီးက စိုးရိမ်စိတ်ဖြင့် မေးမြန်း သော် ဝိဓုရသုခမိန်၏ နှလုံးသားကိုရမှ အသက်ရှင်မည်ဖြစ်ကြောင်း စကားဆိုလေသည်။ နဂါးမင်းကြီးသည် ကြံရာမရ ဖြစ်နေချိန်တွင် သမီးတော် ဣရန္ဒတီသည် အခစားဝင်လာလေသည်။ သမီးတော်က ခမည်းတော်၏ အခက်အခဲကို မေးမြန်းလေသည်။ ထိုအခါ နဂါးမင်းက အကြောင်းစုံကို ပြောပြပြီး ဝိဓုရသုခမိန်အား ခေါ်ဆောင်နိုင်မည့် လင် ယောကျ်ားကို ရှာဖွေခိုင်းလေသည်။ ဣရန္ဒတီမင်းသမီးသည် ခမည်းတော် အား နှစ်သိမ့်ပြီး မယ်တော်အား သွားရောက်တွေ့ဆုံ နှစ်သိမ့်ပြန်သည်။

## ပုသိမ်ကြီးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ကြက်သွန်တို့ လှူဒါန်း



ပုသိမ်ကြီး ဩဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပုသိမ်ကြီးမြို့နယ်ရှိ ဝါတွင်းသီတင်းသုံးတော်မူကြသော ဆရာတော်သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ကြက်သွန်တို့ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကင်းတောင်ခြေရှိ သီရိမင်္ဂလာ သရက်တောကျောင်းတိုက်၌ ကျင်းပသည်။

ထိုသို့လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးနှင့် ဌာနဆိုင်ရာများက သက်နီးပရိက္ခရာအစုံနှင့် လှူဖွယ်ဝတ္ထုများ၊ ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ကြက်သွန်တို့အား လှူဒါန်းသည်။ ထိုသို့ လှူဒါန်းရာတွင် မြို့နယ်ရှိရဟန်း/သာမဏေ၊ သီလရှင် စုစုပေါင်း ၁၅၂၄ ပါးအတွက် ဆွမ်းဆန်တော် ၃၈၁ အိတ်၊ ဆီ ၇၆၂ ပိဿာ၊ ပဲ ၇၆၂ ပိဿာ၊ ကြက်သွန် ၇၆၂ ပိဿာ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄၅၀၀၈၆၀ ကို လှူဒါန်းသည်။

ဆက်လက်၍ မြို့နယ်သံဃနာယက အဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ ဥတ္တမထံမှ အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**“ ဝိဓုရသုခမိန်သည် စကားလေးခွန်းကိုကြားလျှင် သည်းခံခြင်း၊ အစာကြောင့်မကောင်းမှုကို မပြုခြင်း၊ ကာမဂုဏ်၌ မွေ့လျော်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကြောင့်ကြမှုမရှိခြင်း စသည့်ဂုဏ်လေးပါးနှင့် ပြည့်စုံသူကို ဤလူ့ပြည်၌ ငြိမ်းချမ်းသောသူဟူ၍ ပညာရှိတို့က ဆိုကြကုန်၏။ ထို့ကြောင့် မင်းလေးပါး၏ သီလသည် ထပ်တူပင်ဖြစ်ကြောင်း ရှင်းလင်းဟောကြား ဆုံးဖြတ်ပေးလေသည်။ ထိုစကားကိုကြားလျှင် မင်းလေးပါးတို့သည် များစွာနှစ်သက်ဝမ်းမြောက်ကြသဖြင့် ဝိဓုရသုခမိန်အမတ်အား အသီးသီးချီးမြှောက်ကြလေသည် ”**

ထို့နောက် ပန်းအထည်ကိုဝတ်လျက် ပန်းတဘက်ကို ပခုံး တစ်ဖက်၌ တင်၍ ဟိမဝန္တာရပ်၊ သမုဒ္ဒရာနားရှိကာဠအမည်ရှိ မျက်စဉ်း တောင်သို့ သွားလေသည်။ တစ်တောင်လုံးကို ပတ္တမြားစုကဲ့သို့ ရှုချင်စဖွယ် တန်ဆာဆင်ပြီး တောင်ထွတ်၌ ပန်းအခင်းကိုခင်း၍ နှစ်လိုဖွယ် သာယာစွာသော သီချင်းကို ဆိုလေသည်။ သီချင်း၏အဓိပ္ပာယ်မှာ “ဝိဓုရသုခမိန်၏ နှလုံးသားကို တရားသဖြင့်ရရှိအောင် ယူဆောင်ပေးနိုင်သူအား လင်ယောကျာ်းအဖြစ် လက်ထပ်မည်” ဟူ၍ ဖြစ်ပေသည်။

ထိုအခါ ဘီလူးတို့အစည်းအဝေးသို့ သွားသောဝေဿဝဏ် နတ်မင်းကြီး၏တူ ဘီလူးစစ်သူကြီး ပုဏ္ဏကသည် မင်းသမီး၏ သီချင်းသံကို ကြားလေသည်။ ပုဏ္ဏကဘီလူးသည် ဣရန္ဓတီ၏ သီချင်းသံကိုကြားရသောအခါ မင်းသမီးအား နှစ်သက်တပ်မက်ခြင်း ဖြစ်ပေါ်ကာ မြင်းကို ရပ်လေသည်။ မိမိ၏ပညာစွမ်းဖြင့် ဝိဓုရနှလုံးသားကို ရစေမည်ဖြစ်ကြောင်း ပြောဆိုလေသည်။ ထိုအခါမင်းသမီးသည် ဖခင်နဂါးမင်းကြီးထံသို့ ပုဏ္ဏကအား ခေါ်သွားလေသည်။ ဝရုဏနဂါးမင်းနှင့် ဝိမလာဒေဝီတို့၏ ရှေ့မှောက်သို့ ရောက်သောအခါ ဝိဓုရသုခမိန်၏ နှလုံးသားကို ယူဆောင်ပေးပါမည်၊ ဣရန္ဓတီနှင့် ထိမ်းမြားပေးရန် ပုဏ္ဏကနတ်ဘီလူးက တောင်းဆိုလေသည်။ နဂါးမင်းက ဝိဓုရနှလုံးသားကို ယူဆောင်ပေးနိုင်က ကတိအတိုင်း ပြုမည်ဖြစ်ကြောင်း ဝန်ခံကာ ပုဏ္ဏကနတ်ဘီလူးအား ဝိဓုရသုခမိန်ရှိရာအရပ်ကို ညွှန်ပြလေသည်။

ထို့နောက် ပုဏ္ဏကနတ်ဘီလူးသည် ဦးရီးတော် ဝေဿဝဏ် နတ်မင်းကြီးထံ ခစားဝင်ရောက်၍ခွင့်ပန်လေသည်။ ဝေဿဝဏ်နတ်မင်းကြီးသည် နတ်နှစ်ပါးတို့၏ ဗိမာန်အလုအယက်တရားကို စီရင်ဆုံးဖြတ်နေဆဲဖြစ်၍ ပုဏ္ဏက၏ တင်လျှောက်ချက်များကို မကြားပေ။ ပုဏ္ဏကသည် မိမိစကားကို ဦးရီးတော် မကြားမှန်းသိသဖြင့် တရားနိုင်သော နတ်၏အနီးသို့ ချဉ်းကပ်၍နေ၏။ ဝေဿဝဏ်နတ်မင်းသည် တရားနိုင်သော နတ်ကို သင်ယခုသွားလေတော့ဟု ဆိုသောအခါ ပုဏ္ဏကသည် အချို့သောနတ်တို့အား ဦးရီးတော် ငါ့အားသွားခွင့်ပြုသည်ကို ကြားကုန်လော့ဟု သက်သေပြုလေသည်။ ထို့နောက် ပုဏ္ဏကနတ်ဘီလူးသည် မနောမယ သိန္ဓောမြင်းယာဉ်ဖြင့် ကောင်းကင်ခရီးမှ နှင်လေသည်။

ထိုသို့သွားနေစဉ် ပုဏ္ဏကသည် ဝိဓုရသုခမိန်၏ နှလုံးသားကို ရယူနိုင်ရန်အတွက် ကြွေအန်ကစား ဝါသနာကြီးသော ကောရဗျမင်းနှင့် လောင်းကစားခြင်းဖြင့် ရယူနိုင်ရန် အကြံရရှိလေသည်။ ထိုသို့ ကြွေအန်အလောင်းအစား ပြုရာတွင် မင်းကြီးသည် ရွှေငွေအစရှိသော ရတနာတို့ဖြင့် ပြည့်စုံနေပြီဖြစ်၍ ဝေပုလ္လတောင်ထိပ်ရှိ မနောမယပတ္တမြားကို လောင်းကြေးထပ်ရန် ဆုံးဖြတ်လိုက်သည်။ ထိုပတ္တမြားကို ကုမ္ဘဏ္ဍဘီလူးတစ်သိန်းတို့က စောင့်ရှောက်ကြလျက်ရှိသည်။ ပုဏ္ဏကသည် ထိုကုမ္ဘဏ်ဘီလူးတစ်သိန်းတို့ကို အမျက်ထွက်၍ မျက်စောင်းထိုးလိုက်ဟန်ပြုကာမျှနှင့် ထိုဘီလူးတို့ကြောက်လန့်ကာ ပြေးကြကုန်၏။ ပုဏ္ဏကသည် မနောမယပတ္တမြားကို ယူဆောင်၍ ကောင်းကင်ခရီးဖြင့် ကောရဗျမင်းကြီး စိုးစံရာဣန္ဒပတ္ထနဂိုရ်ပြည်သို့ ခရီးဆက်လေသည်။

ဣန္ဒပတ္ထနဂိုရ်ပြည်သို့ ရောက်သောအခါ ကစ္စည်းအမည်ရှိ လုလင်အသွင်ဖြင့် ကောရဗျမင်းထံ ဝင်ရောက်လေသည်။ မင်းကြီးအား ကြွေအန်ကစားရန် တောင်းဆိုသောအခါ မင်းကြီးက လောင်းကြေးကို မေးလေသည်။ ပုဏ္ဏကသည် မိမိ၌ပါလာသော ပတ္တမြားနှင့် သိန္ဓောမြင်းတို့ကို လောင်းကြေးတင်ပါမည်ဟု ဖြေကြားလေသည်။ ထိုအခါမင်းကြီးက မိမိ၌ဤသို့ပတ္တမြားနှင့် သိန္ဓောမြင်းတို့ များစွာရှိကြောင်း ဆိုလေသည်။

ကစ္စည်းလုလင်အသွင်ဆောင် ပုဏ္ဏကသည် မနောမယမြင်းကိုစီးပြီး မြို့ရိုးပေါ်စိုင်းနှင်လေသည်။ ခုနစ်ယူဇနာအကျယ်အဝန်းရှိသော ဣန္ဒပတ္ထနဂိုရ်မြို့ကို ပတ်၍စိုင်းရာမြန်လွန်းသဖြင့် မြို့တစ်ဝက်မှာ မြင်းများဆက်၍ စီးနေသကဲ့သို့ထင်ရပြီး ကစ္စည်းလုလင်၏ ခါးကြိုးအနီကို သာလျှင် မီးစကိုကိုင်၍ လှည့်သကဲ့သို့ ထင်မြင်နေရသည်။ တစ်ဖန်မြို့တွင်း ဥယျာဉ်တစ်ခုရှိ ရေကန်ပေါ်၌ ခွာကိုရေမစွတ်စေဘဲ ဘယ်ညာခေါက်တုံ့ခေါက်ပြန် စီးပြ၏။ ထို့နောက်ကြာပဒုမ္မာရွက်ပေါ်၌ သွားစေပြီးသော် လက်ခုပ်တီး၍ လက်ဝါးခင်းထားရာ မြင်းသည်လက်ဝါးပြင်ပေါ်၌ ရပ်နေလေသည်။ ပတ္တမြား၏ အစွမ်းကို ဆက်၍ပြသပြန်သည်။ ပတ္တမြား၏ အရောင်တွင်း၌ မိန်းမ၊ ယောကျာ်း၊ ပျံ့ဝဲမြူးထူးသွားလာကြသော သားငှက်အပေါင်း၊ စစ်အင်္ဂါလေးပါး စစ်ထွက်စစ်ခင်းကျင်းပဟန်၊ မြို့အင်္ဂါအဆောက်အအုံများ၊ ရဟန်းရှင်လူအစုံ၊ တူရိယာများ၊ ငါးလိပ်စသည်ဖြင့် တန်ဆာဆင်သော ရေကန်၊ တောတောင် ရေမြေသမုဒ္ဒရာ၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ နတ်ပြည်နှင့်တကွ ရှုခင်းအစုံတို့ ထင်ဟပ်နေသည်ကို တွေ့မြင်ရလေသည်။

မင်းကြီးသည် ထိုသို့သိန္ဓောမြင်းနှင့် ပတ္တမြားတို့၏ ထူးဆန်းအံ့ဩဖွယ်ရာများကို တွေ့မြင်သောအခါ သဘောတူလေသည်။ ထိုအခါ ပုဏ္ဏက က မင်းကြီး၏ လောင်းကြေးကို မေးလေသည်။ မင်းကြီးက မိမိကိုယ်၊ မိဖုရားကြီးနှင့် ထီးနန်းမှအပ ကျန်လိုသမျှကို ပေးမည်ဟု သဘောတူညီလိုက်လေသည်။ နှစ်ဦးသဘောတူညီချက် ရပြီးသောအခါ မဇ္ဈမင်း၊ သုရာသေနမင်း၊ မဒ္ဒရာဇ်မင်း၊ ကေကကေဘိမင်း စသောမင်းအပေါင်းတို့အား သက်သေထား၍ ကြွေအန်ကစားကြလေသည်။

မင်းကြီးသည် အန်သီချင်းကို သီဆိုလျက် အန်ရွဲတို့ကို လက်ဖြင့်ပြောင်းပြန်သွန်၍ ကောင်းကင်သို့ ပစ်လိုက်၏။ ပုဏ္ဏက၏ အာနုဘော်ကြောင့် မင်းကိုရှုံးစေလျက် ကျလာသည်။ သို့သော်မင်းကြီးသည် အန်အတတ်၌ လိမ္မာသဖြင့် အန်ရွဲအကျသည် မိမိရှုံးမည်ကို သိ၍ ငွေအင်းပျဉ်ပေါ်သို့မကျမီ ကောင်းကင်၌ပင် အန်များကို ဖမ်းယူလေသည်။ ထိုသို့အကြိမ်ကြိမ်ပြုနေသည်ကို အကြောင်းကို ပုဏ္ဏကသည်ကြည့်သော် မင်းကြီး၏ ကိုယ်စောင့်နတ်သမီး၏တန်ခိုးဖြစ်သည်ကို သိရှိရလေသည်။ ပုဏ္ဏကလည်း နတ်သမီးကို အမျက်ထွက်သကဲ့သို့ ပြု၍မျက်စောင်းထိုးလိုက်ရာ နတ်သမီးသည် ကြောက်လန့်၍ ပြေးလေသည်။ ဤသို့ဖြင့် ကြွေအန်ကို ဆက်လက်ကစားကြရာ မင်းကြီးရှုံးလေသည်။ ထိုအခါ ပုဏ္ဏကသည် မင်းကြီးထံမှ လောင်းကြေးအဖြစ် ဘုရားလောင်းဝိဓုရသုခမိန်ကို တောင်းလေသည်။ *(ဆက်လက်ဖော်ပြပါမည်)*

## နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်

ပါဠိစကား ‘ဇာတက’ကို ‘ဇာတ်’ ဟူ၍ မြန်မာမှုပြုကြသည်။ ‘ဇာတ်’၏ အနက်အဓိပ္ပာယ်မှာ ‘အဖြစ်’ ‘ဘဝ’ဟူ၍ ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်သည် ပါရမီဖြည့်စဉ်ကာလ မိမိ၏ အတိတ်ဘဝဇာတ်ကြောင်းများကို ပါဠိဂါထာများဖြင့် ဟောကြားခဲ့ရာ ဂါထာတစ်ရာကျော်မှ တစ်ထောင်ကျော်အထိ ဟောကြားခဲ့သော မဟာနိပါတ်ဟု ခေါ်သည့် ဇာတ်ကြီးဆယ်ဘွဲ့ရှိသည်။ ဇာတ်ကြီးဆယ်ဘွဲ့သည် ဗုဒ္ဓအလောင်းတော် ဘုရားဖြစ်ခါနီး ပါရမီရင့်ကျက်လာပြီဖြစ်သည့် နောက်ဆုံးဘဝများဖြစ်သည်။ ဗုဒ္ဓအလောင်းတော်ဖြည့်ကျင့်ခဲ့သည့် ပါရမီများကို ပြဆိုသော တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟောသဓ၊ ဘူရိဒတ်၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာ ဇာတ်တော်ကြီးများကို ‘တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ’ ဟု မြန်မာတို့က အတိုမှတ်ကြသည်။

ဗုဒ္ဓကျမ်းစာများတွင် နိကာယ်ငါးရပ်ဝင် ခုဒ္ဒကနိကာယ်၌ ပါဝင်သည့် ဇာတ်ဝတ္ထုပေါင်း ၅၄၇ ဇာတ်ရှိရာ အလွယ်တကူအားဖြင့် ၅၅၀ ဇာတ်တော်များဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့မှ လွဲ၍ ကျန်ဇာတ်တော်များမှာ ပါရမီနုစဉ်က အကြောင်းအရာများဖြစ်ပြီး ပါဠိဂါထာ တစ်ဂါထာ၊ နှစ်ဂါထာတို့ဖြင့် ဟောကြားခဲ့ခြင်းဖြစ်သည်။ ‘နုမှာငါးရာ၊ ရင့်မှာတစ်ကျိပ်’ ဆိုသည်မှာ ဗုဒ္ဓအလောင်းတော်ပါရမီဖြည့်ကျင့်ခဲ့စဉ်က ဇာတ်ဝတ္ထုအကြောင်းများပင်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အတွေးအမြင်တို့တွင် တစ်သားတည်း ပျော်ဝင်နေသည့် ဩဇာကြီးမားသော စာပေများလည်းဖြစ်သည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ်ဇာတက ဝတ္ထု အကျဉ်းချုပ်များကို ရှေးကရဟန်းပညာရှိ ဆရာတော်ကြီးများရေးသားတော်မူခဲ့သည့် မူရင်းစာအုပ်များကိုမှီငြမ်း၍ ဆရာမြတ်မင်းလှိုင်က ရေးသားခဲ့ပြီး လွန်ခဲ့သည့်နှစ် ၂၀ ကာလက နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်မှ အပတ်စဉ်ထုတ်ဝေသည့် Junior Leader စာစောင်တွင် ဖော်ပြခဲ့ဖူးရာ အဆိုပါ ဇာတ်ဝတ္ထုများအား အပတ်စဉ် လပြည့်၊ လကွယ်၊ ဥပုသ်စသည့် နေ့ရက်များတွင် ဖော်ပြသွားပါမည်ဟု စာဖတ်ပရိသတ်အား အစီရင်ခံအပ်ပါကြောင်း။ ။

## ကျုံပျော်မြို့ရှိ အိမ်ထောင်စု ၁၇၄၀ ကို ဆန်အိတ် ၂၂၀ ထောက်ပံ့လှူဒါန်း




ကျုံပျော် ဩဂုတ် ၂၁

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ် ကာလအတွင်း အခြေခံလူတန်းစား အိမ်ထောင်စုများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ရှိ အိမ်ထောင်စု ၁၇၄၀ ထံသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အလှူရှင်များက ဆန်အိတ်ပေါင်း ၂၂၀ ထောက်ပံ့လှူဒါန်းခြင်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့လှူဒါန်းရာတွင် မြို့ပေါ်(၄)ရပ်ကွက်ရှိ လတ်တလော စားဝတ်နေရေးခက်ခဲသော အိမ်ထောင်စုများထံသို့ တစ်အိမ်ထောင်လျှင် ဆန်သုံးပြည်နှုန်းဖြင့် ခွဲဝေလှူဒါန်းခြင်းဖြစ်ပြီး အောင်ဆန်းရပ်ကွက်တွင် အိမ်ထောင်စု ၁၀၀၀၊ ပင်လုံရပ်ကွက်တွင် အိမ်ထောင်စု ၄၄၀၊ တေဇရပ်ကွက်တွင် အိမ်ထောင်စု ၁၅၀နှင့် မြဝတီရပ်ကွက်တွင် အိမ်ထောင်စု ၁၅၀၊ စုစုပေါင်း အိမ်ထောင်စု ၁၇၄၀ ထံသို့ ခွဲဝေလှူဒါန်းကြကြောင်း သိရသည်။

ထိုသို့ လှူဒါန်းမှုကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန့်ဇော်ဦး မိသားစုနှင့် မူဆယ်မြို့နေ မိတ်ဆွေ ၁၀ ဦးတို့က စုပေါင်းလှူဒါန်းခြင်းဖြစ်ပြီး၊ လှူဒါန်းမှု စုစုပေါင်းမှာ ဆန်အိတ် ၂၂၀၊ တန်ဖိုးငွေကျပ် ၇၅ သိန်းဖြစ်ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# ပုတ္တဒါရဿသင်္ဂဟော

## သားမယားတို့ကို ကျွေးမွေးပြုစုထောက်ပံ့ခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

**ပါဠိလို “ပုတ္တဒါရဿသင်္ဂဟော”၊ မြန်မာလို သားမယားတို့ကို ကျွေးမွေးပြုစုထောက်ပံ့ခြင်းသည် မင်္ဂလာမည်၏ဟု ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူပါသည်။ သားသမီးများကို ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းကို ကြွေးသစ်ချသည်ဟုရှေးလူကြီးများပြောဆိုလေ့ရှိပါသည်။ အကြွေးဆိုသည်မှာ ပြန်ရသည့်အခါမှလည်း ရပါသည်။ သားသမီးများက မိဘကျေးဇူး သိတတ်သူများဖြစ်ပြီး မိဘကို ပြန်လည် ကျွေးမွေးပြုစုစောင့်ရှောက်လျှင် အကြွေးသာမက အတိုးပါ ပြန်ရသည်ဟု ဆိုရပါမည်။ ကျေးဇူးမသိတတ်သည့် သားသမီးများနှင့်တွေ့လျှင် အကြွေးဆုံးပါသည်။**

မိမိ၏ သားမယားကို ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းသည် မင်္ဂလာဖြစ်သော်လည်း မိမိသားမယားကို ကျွေးမွေးစောင့်ရှောက်ခြင်း ပျက်ကွက်သည့်အပြင် ကိုယ်ထိလက်ရောက် ရိုက်နှက်လျှင် အမင်္ဂလာဟု ဆိုရပါမည်။ မိမိသားမယားကို ကိုယ်ထိလက်ရောက် ရိုက်နှက်သူများကို လူ့အဖွဲ့အစည်းတွင် မကြာခဏတွေ့မြင် ကြားသိရပါသည်။ လူမပီသသူများဟု ဆိုချင်ပါသည်။ တချို့က မိမိသားမယားကို ကျွေးမွေးသော်လည်း စိတ်အလိုမကျသည့်အခါ ကိုယ်ထိလက်ရောက် ရိုက်နှက်သူများလည်း ရှိပါသည်။ မိမိသားမယားကို ရှာဖွေမကျွေးနိုင်သော်လည်း မိမိသားမယားကို ကြင်ကြင်နာနာ ဆက်ဆံသူကို ရှာဖွေကျွေးပြီး ရိုက်နှက်သူထက် ပိုအမှတ်ပေးလိုပါသည်။ ရှာဖွေကျွေးသော်လည်း စိတ်မထင်တိုင်း ကိုယ်ထိလက်ရောက် ရိုက်နှက်နေသည့် “ထမင်းတစ်လုတ်၊ တုတ်တစ်ချက်ဘဝ” ကို မည်သည့် ဇနီး၊ သားမယားမှ မလိုချင်ပါ။ အိမ်ထောင်ဦးစီးသည် ငွေကြေးရှာပေးရန် လိုသလို မိမိသားမယားအတွက် အချိန်ပေးရန်လည်း လိုပါသည်။ ဇနီးအတွက် အချိန်ပေးရန်လိုသလို၊ သားသမီးအတွက်လည်း အချိန်ပေးရန် လိုပါသည်။ အချိန်ပေးသည့်အခါလည်း တာဝန်အရ အချိန်ပေးသည့်ထက် ချစ်ခြင်းမေတ္တာထား၍ အချိန်ပေးရပါမည်။ တာဝန်အရ အချိန်ပေးသည့်အခါ မေတ္တာကင်းမဲ့နေ၍ မျက်နှာထားတွင် ပေါ်လွင်နေတတ်ပါသည်။ မိသားစုကလည်း ပျော်ရွှင်မှု အပြည့်အဝ မရနိုင်ပါ။ ချစ်ခြင်းမေတ္တာထား၍ အချိန်ပေးသည့်အခါ ကြည်လင်သော မျက်နှာထား၊ တက်ကြွသော အပြုံးတို့ကြောင့် မိသားစုအားလုံးပျော်ရွှင်ကြည်နူးကြရပါမည်။ ဇနီး၊ သားမယားကို အသိပညာတိုးပွားအောင်လည်း ကူညီဆောင်ရွက်ပေးရပါမည်။ အိမ်ထောင်ဦးစီးအဖြစ် ကိုယ်ကျင့်တရားကို စံပြဖြစ်အောင် ပြုမူနေထိုင်ရန်လိုသလို မိမိသားမယားကိုလည်း ကိုယ်ကျင့်တရားကောင်းအောင် ပြုစုပျိုးထောင်ရပါမည်။

### မိဘဝတ္တရား ၅ ပါး

နီတိများတွင် “မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာ” ဟု မိဘဝတ္တရား ငါးပါးကို ပြောထားပါသည်။ မိဘဆိုသည့် နေရာတွင် အိမ်ထောင်ဦးစီးဖြစ်သည့် ဖခင်၏ တာဝန်သည် ပိုကြီးပါသည်။

**“မကောင်းမြစ်တာ”** – မကောင်းတာကို သားသမီးများ မလုပ်ရန် တားရပါမည်။

**“ကောင်းရာညွှန်လတ်”** – ကောင်းသည့် အလုပ်ကို သားသမီးများကို ညွှန်ပြရပါမည်။

**“အတတ်သင်စေ”** – အသိပညာ၊ အတတ်ပညာတတ်အောင် သင်ပေးရပါမည်။ ကောင်းသည့် အမူအကျင့်များကို သင်ပေးရပါမည်။

**“ပေးဝေနှီးရင်း”** – ရင်းနှီးလုပ်စားရန် ငွေကြေးလည်းထုတ်ပေးရန်လိုပါသည်။

> **❊ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ (Kolkata) ရှိ ဆင်းရဲသားများ၊ သေလုဆဲဆဲဖြစ်နေသည့် လမ်းပေါ်မှ ဆင်းရဲသားများကို လူတန်းစားမရွေး ပြုစုစောင့်ရှောက်ခဲ့သည့် သီလရှင်ကြီး မာသာထရီဇာ နိုဗယ်ဆုရသည့်အခါ သတင်းထောက်များက “ကမ္ဘာ့ငြိမ်းချမ်းရေးရအောင် ဘာလုပ်သင့်ပါသလဲ” ဟု သီလရှင်ကြီးကို မေးပါသည်။ သီလရှင်ကြီးက “အိမ်ပြန်ပြီး ကိုယ့်မိသားစုကို ချစ်ပါ” ဟု ပြောခဲ့ပါသည်။ အလွန်ကောင်းသည့် စကားဖြစ်ပါသည်။ အတွေးများကိုလည်း ရစေပါသည်။ ခင်ပွန်းဖြစ်သူက ဇနီးသားမယားအပေါ် ချစ်ခြင်းမေတ္တာထားပြီး ပြုစုစောင့်ရှောက်မှအောင်မြင်သောမိသားစုများ ဖြစ်လာမည်ကို သီလရှင်ကြီး၏ စကားများက ဖော်ညွှန်း**

**“ထိမ်းမြားခြင်းလျှင်”** – သင့်တော်သူနှင့် အိမ်ထောင်ချထားပေးရန်လည်း တာဝန်ရှိပါသည်။

မိဘဝတ္တရားငါးပါး ပြည့်စုံအောင် စောင့်ထိန်းခြင်းသည် သားမယားတို့ကို ကောင်းစွာ ပြုစုစောင့်ရှောက်ခြင်းလည်း မည်ပါသည်။ မိဘဖြစ်သူ နှစ်ဦးစလုံးကလည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်လေးစားပြီး လင်နှင့်မယား ကျင့်ဝတ်များကို စောင့်ထိန်းမှသာ မိမိတို့သားသမီးများကို ကောင်းစွာ ပြုစုစောင့်ရှောက်နိုင်ပါမည်။

### လင့်ဝတ္တရားငါးပါး

လင့်ဝတ္တရားငါးပါးမှာ “မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင် ငါးအင် လင်ကျင့်ရာ” ဟု ဆိုပါသည်။

**“မထီမဲ့ကင်း”** – ဇနီးသားမယားအပေါ် မထီမဲ့မြင်ပြုခြင်းကို ရှောင်ရပါမည်။ ရိုက်နှက်ခြင်း၊ လူအများရှေ့တွင် နိုင်ထက်စီးနင်း ပြောခြင်းတို့သည် မထီမဲ့မြင်ပြုခြင်း မြောက်ပါသည်။

**“အပ်နှင်းဥစ္စာ”** – မိမိရှာဖွေရရှိသည့် ပစ္စည်းဥစ္စာကို မိမိဇနီးသားမယားကို အပ်နှင်းရပါမည်။

**“မိစ္ဆာမမှား”** – မိစ္ဆာဆိုသည့် မကောင်းသည့် အလုပ်များကို ရှောင်ရှားခြင်း။ အထူးသဖြင့် မိမိဇနီး သားမယားပေါ်တွင် သစ္စာရှိခြင်း။ အိမ်ထောင်ရေး မဖောက်ပြန်ခြင်း။

**“ဝတ်စားဆင်ယင်”** – မိမိဇနီးကို အဝတ်အစား၊ လက်ဝတ်ရတနာများ ဆင်ယင်ရပါမည်။ လူပုံအလယ်တွင် ပွဲလယ်တင့်အောင် အသိပညာ၊ အတတ်ပညာများလည်း ဖြည့်ဆည်း ဆင်ယင်ရပါမည်။

**“မြတ်နိုးကြင်”** – အရေးကြီးသော အချက်ဖြစ်ပါသည်။ လင်သားများက အလွယ်တကူ လုပ်နိုင်သော်လည်း အချို့ယွင်းဆုံး ဖြစ်ပါသည်။ ဇနီးမယားအပေါ်တွင် ချစ်ခင်မြတ်နိုးကြင်နာစွာ မေတ္တာထားရပါမည်။

### မယားဝတ္တရားငါးပါး

မယားဝတ္တရားငါးပါးကို “အိမ်တွင်းမှုလုပ်၊ သိမ်းထုပ် သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ”ဟု ဆိုပါသည်။

**“အိမ်တွင်းမှုလုပ်”** – အိမ်တွင်းမှာရှိသည့် အလုပ်များကို ဇနီးက ဦးစီး၍ စီမံခန့်ခွဲရပါမည်။ ယနေ့ခေတ်တွင် အမျိုးသမီးအများစုသည် အလုပ်လုပ်၍ ဝင်ငွေရှာနေသူ ဖြစ်ပါသည်။ ယောကျ်ားနှင့် တန်းတူရင်ပေါင်တန်း၍ ဝင်ငွေရှာနေသော်လည်း အိမ်တွင်းမှုကိစ္စများကို နိုင်နင်းစွာ စီမံခန့်ခွဲနိုင်မှသာ မယားဝတ္တရားငါးပါးကျေပွန်ပါမည်။

**“သိမ်းထုပ်သေချာ”** – လင်ယောကျ်ား အပ်လိုက်သည့် စီးပွားဥစ္စာကို သေသေချာချာသိမ်းဆည်းရပါမည်။ စောင့်ထိန်းရပါမည်။

**“မိစ္ဆာကြဉ်ရှောင်”** – လင်ယောကျ်ားအပေါ်တွင် သစ္စာရှိရပါမည်။

**“လျော်အောင်ဖြန့်ချိ”** – မိမိပတ်ဝန်းကျင်မှာရှိသည့် မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးများကို ပေးသင့်ပေးထိုက်သည်များကို ပေးခြင်း၊ ထောက်ပံ့ခြင်းများ ပြုလုပ်ရပါမည်။

**“ပျင်းရိမမှု”** – ပျင်းရိခြင်းကို ရှောင်ရန် ဖြစ်ပါသည်။ ရှေးခေတ်က အမျိုးသမီးအများစုသည် အိမ်တွင်နေရ၍ ဤအချက်ကို နီတိဆရာများက ထည့်ခြင်းဖြစ်နိုင်သည်။ ယနေ့ခေတ်တွင်မူ အမျိုးသမီး အများစုသည် နေ့ဘက်အလုပ်လုပ်ပြီး အိမ်ပြန်ရောက်သည့်အခါ အိမ်မှုကိစ္စများဆောင်ရွက်ရ၍ ပျင်းရန် အချိန်ပင် မရှိနိုင်ပါ။

ဖခင်ဖြစ်သူက လင့်ဝတ္တရားငါးပါးကို စောင့်ထိန်း၊ မိခင်ဖြစ်သူက မယားဝတ္တရားငါးပါးကို စောင့်ထိန်းပြီး သားသမီးများကို ကောင်းစွာပြုစု စောင့်ထိန်းခဲ့လျှင် အောင်မြင်သည့် မိသားစုဖြစ်လာပါမည်။ လူသားများ၏ အကျိုးကို လိုလားသည့် မိသားစု၊ လူသားများကို ချစ်သည့် မိသားစုဖြစ်လာပါမည်။ သည်လိုမိသားစုများနှင့် ပြည့်နေသည့် မြို့ရွာများသည် အေးချမ်းသာယာပြီး စီးပွားဖြစ်ထွန်းသည့် မြို့ရွာများဖြစ်လာပါမည်။ ဤကဲ့သို့ မြို့ရွာများနှင့် စုစည်းထားသည့် တိုင်းပြည်သည် အေးချမ်းသာယာပြီး ချမ်းသာအောင်မြင်သည့် နိုင်ငံဖြစ်လာပါမည်။

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ (Kolkata) ရှိ ဆင်းရဲသားများ၊ သေလုဆဲဆဲဖြစ်နေသည့် လမ်းပေါ်မှ ဆင်းရဲသားများကို လူတန်းစားမရွေး ပြုစုစောင့်ရှောက်ခဲ့သည့် သီလရှင်ကြီး မာသာထရီဇာ နိုဗယ်ဆုရသည့်အခါ သတင်းထောက်များက “ကမ္ဘာ့ငြိမ်းချမ်းရေးရအောင် ဘာလုပ်သင့်ပါသလဲ” ဟု သီလရှင်ကြီးကို မေးပါသည်။ သီလရှင်ကြီးက “အိမ်ပြန်ပြီး ကိုယ့်မိသားစုကို ချစ်ပါ” ဟု ပြောခဲ့ပါသည်။ အလွန်ကောင်းသည့် စကားဖြစ်ပါသည်။ အတွေးများကိုလည်း ရစေပါသည်။ ခင်ပွန်းဖြစ်သူက ဇနီးသားမယားအပေါ် ချစ်ခြင်းမေတ္တာထားပြီး ပြုစုစောင့်ရှောက်မှ အောင်မြင်သော မိသားစုများဖြစ်လာမည်ကို သီလရှင်ကြီး၏ စကားများက ဖော်ညွှန်းပါသည်။

### အကျဉ်းသားများ၏ ဆွေစဉ်မျိုးဆက်

မိသားစုတွေကြားမှာ ချစ်ခြင်းမေတ္တာတွေ ခေါင်းပါးသည့်အခါ၊ ပြုစုစောင့်ရှောက်ခြင်းတွေ အားနည်းသည့်အခါ ဆွေစဉ်မျိုးဆက်ကျဆုံးမှုများနှင့် ရင်ဆိုင်ရသည့် အဖြစ်အပျက်တစ်ခုကို တင်ပြပါမည်။ အမေရိကန်နိုင်ငံတွင် ၁၈၇၄ ခုနှစ်က “ရစ်ချက်တက်နေး” ဟု အမည်တွင်သည့် အကျဉ်းထောင်အရာရှိတစ်ယောက်သည် အကျဉ်းထောင်ထဲတွင် တစ်ယောက်နှင့်တစ်ယောက် ဆွေမျိုးတော်စပ်သည့် အကျဉ်းသားခြောက်ယောက်ကို တွေ့ပါသည်။ စိတ်ဝင်စားသည့်အတွက် အကျဉ်းသားခြောက်ဦး၏ ဆွေစဉ်မျိုးဆက် မိသားစုပေါင်း ၇၀၉ ယောက်ကို လေ့လာခဲ့ရာ–

- လူ ၁၈၀ က အလွန်ဆင်းရဲပါသည်။ တောင်းရမ်းစားသောက် ရပါသည်။
- လူပေါင်း ၁၄၀ က ရာဇဝတ်မှုနှင့် ထောင်ကျပါသည်။
- ၆၀ က သူခိုးများဖြစ်ပါသည်။
- ၅၀ က ပြည့်တန်ဆာများ ဖြစ်ပါသည်။

မိမိ၏မိသားစုကို ကောင်းစွာ လုပ်ကျွေးခြင်း မပြုသည့်အခါ သားသမီးများသည် ပညာမဲ့ လူဆိုးလူမိုက်များ ဖြစ်လာပြီး လူ့အသိုင်းအဝိုင်းကို ဒုက္ခပေးပါသည်။

### တရားဟောဆရာ၏ ဆွေစဉ်မျိုးဆက်

မိသားစု တစ်ဦးနှင့် တစ်ဦးကြား ချစ်ခြင်းမေတ္တာတရား ကြီးမားပြီး မိဘများက သားသမီးများကို ကောင်းစွာ ပြုစုစောင့်ရှောက်၍ ဆွေစဉ်မျိုးဆက် အောင်မြင်ခဲ့သည့် အဖြစ်အပျက်ကိုလည်း တင်ပြလိုပါသည်။ ၁၉၀၀ ပြည့်နှစ်တွင် စာရေးဆရာတစ်ယောက်က ဂျွန်နသန် မိသားစုအကြောင်းကို လေ့လာခဲ့ပါသည်။ ဂျွန်နသန်သည် တရားဟောဆရာ တစ်ယောက် ဖြစ်ပါသည်။

*စာမျက်နှာ ၂၃ သို့*

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**

## မွန်ပြည်နယ်ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးတာဝန်များ ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

မော်လမြိုင် ဩဂုတ် ၂၁

**မွန်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ရောဂါပိုးကူးစက်ခံခဲ့ရသည့် ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။**




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မွန်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး လုပ်ငန်းများကို အဓိကအခန်းကဏ္ဍမှ အနစ်နာခံ၍ ရောဂါပိုးကူးစက်ခံပြီး ကုသပေးခဲ့သည့် ကျန်းမာရေး ဝန်ထမ်းများကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်းနှင့် ဝိုင်းဝန်းကူညီကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတလူမှုအဖွဲ့အစည်းများ၊ စေတနာရှင်၊ အလှူရှင်ပြည်သူများကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအား ကုသပေးစဉ် ရောဂါပိုး ကူးစက်ခံခဲ့ရသည့် ကျန်းမာရေး ဝန်ထမ်းများကို ဂုဏ်ပြု မှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ သူနာပြုများက လက်ခံယူသည်။ (ယာပုံ)

မွန်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပိုးတွေ့လူနာများအား ကုသပေးသည့် ကျန်းမာရေးဝန်ထမ်း ၁၉၅ ဦးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် ၁၉၅ သိန်း ဂုဏ်ပြုချီးမြှင့်ပေးကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)

## ဝိုင်းမော်မြို့နယ် ပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင်စက်များ ပေးအပ်လှူဒါန်း

ဝိုင်းမော် ဩဂုတ် ၂၁

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် အတွင်း အောက်ဆီဂျင် လိုအပ်သော လူနာများအတွက် အောက်ဆီဂျင်စက်များကို ဝိုင်းမော်မြို့နယ် ပြည်သူ့ဆေးရုံသို့ ယမန်နေ့က ပေးအပ်လှူဒါန်းသည်။

မြစ်ကြီးနား အခြေစိုက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ (ICRC)မှ ဝိုင်းမော်မြို့နယ် ပြည်သူ့ဆေးရုံတွင် အောက်ဆီဂျင် လိုအပ်လျက်ရှိသော လူနာများနှင့် ကိုဗစ်-၁၉ ပိုးတွေ့လူနာများ အနက် အောက်ဆီဂျင် အရေးပေါ် လိုအပ်လာပါက ပြတ်လပ်မှုမရှိစေရေးအတွက် ၁၀ လီတာ အောက်ဆီဂျင်စက် ၁၀ လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၇၀၀၀၀၀ ကျော်ကို လာရောက်လှူဒါန်းရာ ဝိုင်းမော်မြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သိန်းမြို့က လက်ခံယူသည်။



ယခုလအတွင်း မြို့နယ် ပြည်သူ့ဆေးရုံတွင် အလှူရှင်များ လှူဒါန်းသည့် အောက်ဆီဂျင်စက် စုစုပေါင်း ၂၃ လုံးကို လက်ခံရရှိပြီး ဖြစ်ကြောင်းနှင့် ဆေးရုံတွင်ရှိသည့် ၁၄ လုံး အပါအဝင် စုစုပေါင်း ၃၇ လုံး ရှိပြီဖြစ်ကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ပြောသည်။

ဝိုင်းမော်မြို့တွင် အောက်ဆီဂျင်စက်ရုံကိုလည်း ဆောက်လုပ်လျက်ရှိပြီး စက်တင်ဘာလတွင် စတင် လည်ပတ်မည်ဖြစ်ကာ တစ်နာရီလျှင် လီတာ ၁၂၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အဆိုပါ အောက်ဆီဂျင်များကို လိုအပ်လျက်ရှိသော လူနာများနှင့် ဆဒုံး၊ ကန်ပိုက်တီးမြို့များသို့လည်း ဖြန့်ခွဲအသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## လွိုင်ဆောင်ထောက် တိုက်နယ်ပြည်သူ့ဆေးရုံသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ လှူဒါန်း

မိုင်းရှူး ဩဂုတ် ၂၁

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ် လွိုင်ဆောင်ထောက်တိုက်နယ် ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော လူနာများကုသရန်အတွက် မိုင်းရှူးမြို့နယ် ဝမ်ကန်တောင်ပေါ် ကိုးဝန်ကျောင်းသားကျောင်းသူဟောင်းများအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် တန်ဖိုးငွေကျပ် ၅၅၇၃၀၀၀ ရှိ ကိုဗစ်-၁၉ စစ်ဆေးသည့် ကိရိယာ ၁၀၀၀၊ ရောဂါ ကာကွယ်ရေးဝတ်စုံ ၁၀၀၊ နှာခေါင်းစည်း ဘူး ၂၀၀၊ လက်အိတ် ၂၀၊ ခေါင်းစွပ် ဘူး ၂၀ နှင့် ငွေကျပ် ၅၆၂၅၀၀၀ စုစုပေါင်းအလှူငွေကျပ် ၁၁၁၉၈၀၀၀ ကို လှူဒါန်းသည်။

မိုင်းရှူးမြို့နယ် လွိုင်ဆောင်ထောက်တွင် ဩဂုတ် ၂၁ ရက်အထိ ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၁၃ ဦးရှိပြီး ပျောက်ကင်းလူနာ ၉၃ ဦး၊ ကုသဆဲ ၁၂ ဦး သေဆုံးရှစ်ဦးရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

*စာမျက်နှာ ၂၂ မှ*

ဂျွန်နသန်၏ ဆွေစဉ်မျိုးဆက်ပေါင်း ၁၄၀၀ ကို လေ့လာသည့်အခါ -

- ၁၃ယောက်က တက္ကသိုလ်ကျောင်းများ၏ ကျောင်းအုပ်ဖြစ်လာပါသည်။
- ၆၅ ယောက်က ပါမောက္ခ ဖြစ်ပါသည်။
- လူ ၁၀၀ က ဥပဒေပညာရှင်တွေ ဖြစ်လာပါသည်။
- လူ ၃၀ က တရားသူကြီး ဖြစ်ပါသည်။
- ၆၆ယောက်ကအထူးကုသမားတော်ကြီးတွေ ဖြစ်ပါသည်။
- လူ ၈၀ က အစိုးရထိပ်တန်း အရာရှိကြီးတွေ ဖြစ်လာပါသည်။
- ၈၀ ထဲမှာ ၃ ယောက်က မြို့တော်ဝန်၊ ၃ ယောက်က ဆီးနိတ်အမတ်ဖြစ်ပြီး တစ်ယောက်က ဒုသမ္မတဖြစ်ပါသည်။

မိသားစုဝင် တစ်ဦးနှင့် တစ်ဦးကြား ချစ်ခြင်းမေတ္တာတရား ကြီးမားပြီး မိဘများက သားသမီးများကို ကောင်းစွာပြုစုစောင့်ရှောက်သည့်အခါ လူ့အသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းကို အကျိုးပြုသော တန်ဖိုးရှိသည့် လူသားများ ထွန်းကားလာပါသည်။

နိဂုံးချုပ်အနေဖြင့် သားမယားတို့ကို ကောင်းစွာကျွေးမွေးပြုစု စောင့်ရှောက်ခြင်းသည် အလွန်အရေးကြီးသော မင်္ဂလာတရား ဖြစ်ပါသည်။ "ပုတ္တဒါရဿသင်္ဂဟော" ကို ကောင်းစွာ လိုက်နာကျင့်ကြံသူသည် မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်ခြင်းကို ရရှိပါမည်။

**"မှတ်သားစရာ"**

**ဖခင်ဖြစ်သူက လင့်ဝတ္တရားငါးပါးကို စောင့်ထိန်း၊ မိခင်ဖြစ်သူက မယားဝတ္တရားငါးပါးကို စောင့်ထိန်းပြီး သားသမီးများကို ကောင်းစွာပြုစုစောင့်ထိန်းခဲ့လျှင် အောင်မြင်သည့် မိသားစုဖြစ်လာပါမည်။**

ကျမ်းကိုး

၁။ သုတေသန သရုပ်ပြအဘိဓာန်။ အရှင်ဩဘာသာဘိဝံသ မထေရ်မြတ်။

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ "Call Center" များ ဖွင့်လှစ်

ပင်းတယ ဩဂုတ် ၂၁

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သော ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့တွင် ဖွင့်လှစ်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးများမှ မြန်မာနိုင်ငံသားများဖြစ်ကြသော တိုင်းရင်းသားများနှင့်ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးထုတ်ပေးရန် (၃-၅- ၂၀၂၁ မှ ၃-၁၁-၂၀၂၂) ရက်အထိ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသခံပြည်သူများအနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာတွင် အဆင်မပြေမှုများရှိပါက ပင်းတယမြို့နယ်အတွက် Call Center (ဖုန်း 09-459026683 ) နှင့် ရွာငံမြို့နယ်အတွက် Call Center 09-790517527 တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

## လဲချားမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

လဲချား ဩဂုတ် ၂၁

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ နောင်လိုင်ကျေးရွာအတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးရုံး၌ ပေးအပ်သည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြား အသက်(၁၈)နှစ်ပြည့် မှတ်ပုံတင်ကတ် ၆၉ ခုကို ကျေးရွာနေပြည်သူများအား ပေးအပ်သည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ရုံးမှ ပန်းခင်းစီမံချက်ဖြင့် မေ ၃ ရက်မှစတင်၍ ယနေ့အထိ နိုင်ငံသားစိစစ်ရေးကတ် ၇၀၅ ခုကို ဆောင်ရွက်ပေးပြီးကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ချောင်းဦးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်

**ချောင်းဦး ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အဖွဲ့သည် ဩဂုတ် ၂၁ ရက်က ချောင်းဦးမြို့ ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှုအား ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ကုသရေး လုပ်ငန်းများအတွက် ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချောင်းဦးမြို့ အနော်ရထာခန်းမတွင် ကျင်းပသော မြို့နယ်အဆင့်ဌာနဆိုင်ရာများတွေ့ဆုံပွဲနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ချောင်းဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် ငွေကျပ် ၁၀ သိန်း၊ အောက်ဆီဂျင်ထုတ်စက် ငါးလုံး၊ လီတာ ၄၀ ဆံ့ အောက်ဆီဂျင် ၁၀ အိုးနှင့် ဆက်စပ်ပစ္စည်းများကို ချောင်းဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကျော်ထံသို့ လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးက ရောဂါကာကွယ်ရေး ဝတ်စုံ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများနှင့် ငွေကျပ် ငါးသိန်းကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး အောင်ကိုမင်းနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းအောင်တို့ထံသို့ လည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက မြို့နယ် ကျန်းမာရေး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများကို မြို့နယ် ကျန်းမာရေးဦးစီးဌာန ဆေးမှူး အရာရှိထံသို့ လည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က ရောဂါကာကွယ်ရေးဝတ်စုံများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးထံသို့ လည်းကောင်း ပေးအပ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချောင်းဦးမြို့နယ် နွယ်ခွေကျေးရွာတွင် စိုက်ပျိုးထားသော အောင်မြင်ဖြစ်ထွန်းနေသည့် ပိုးချည်မျှင်ရှည်ဝါစံပြစိုက်ခင်းသို့ လည်းကောင်း၊ ငါးယှန်ကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တောင်သူများအား သဘာဝပိုးသတ်ဆေး၊ သဘာဝမြေဆွေး ပြုလုပ်ပုံသရုပ်ပြသနေမှုကို လည်းကောင်း အားပေးကြည့်ရှုကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် ရွှေကူမြို့အတွင်း မြေနိမ့်ပိုင်းရပ်ကွက်ရှိ ပြည်သူများ ရေဘေးလွတ်ရာသို့ ဆက်လက်ပြောင်းရွှေ့

**ရွှေကူ ဩဂုတ် ၂၁**

ကချင်ပြည်နယ် ရွှေကူမြို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရွှေကူမြို့ အတွင်းရှိ မြေနိမ့်ပိုင်း ရပ်ကွက်များအတွင်း မြစ်ရေဆက်လက်ဝင်ရောက်မှု များ ရှိလာသည့်အတွက် ဩဂုတ် ၂၀ ရက် နေ့လယ် ၂ နာရီကစ၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးကြသည်။

ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရွှေကူမြို့ အမှတ်(၄) ရပ်ကွက်၊ ဘောဂဗလရပ်အတွင်း မြစ်ရေ တဖြည်းဖြည်း ဆက်လက် ဝင်ရောက်လျက်ရှိရာ မြို့နယ်မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲရင့်ခိုင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက အိမ်ထောင်စု ကိုးစု လူဦးရေ စုစုပေါင်း ၄၂ ဦးတို့အား ရေဘေးလွတ်ရာ သုဓမ္မာတောရ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ကယ်ဆယ် ကူညီပြောင်းရွှေ့ပေးကြောင်း သိရသည်။

ရွှေကူမြို့အတွင်း စိုးရိမ်ရေအမှတ်မှာ ၉၃၀ စင်တီမီတာဖြစ်ပြီး ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ၈၈၅ စင်တီမီတာသို့ မြင့်တက်ရောက်ရှိနေကြောင်း၊ ဧရာဝတီမြစ်ရေမှာ တဖြည်းဖြည်းချင်း ဆက်လက် မြင့်တက်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ကျောက်ပန်းတောင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်လဲကျပြီး နေအိမ်အဆောက်အအုံအချို့ ပျက်စီး

**ကျောက်ပန်းတောင်း ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ညောင်ပင်သာ ကျေးရွာအုပ်စုရှိ မြောင်းဝ ကျေးရွာတွင် ဩဂုတ် ၂၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှစ်သက်တမ်း ၅၀ ခန့်ရှိ မန်ကျည်းပင်ပြိုလဲခဲ့ရာ လူနေအိမ် နှစ်လုံး၊ နွားတင်းကုတ်တစ်လုံးနှင့် မီးဖိုဆောင် တစ်ဆောင် ပျက်စီးသွားသည်။

အဆိုပါ မန်ကျည်းပင် ပြိုလဲမှုကြောင့် ဦးမောင်သန်း၏ လေးပင်ပတ်လည် လူနေအိမ် တစ်စိတ်တစ်ပိုင်းနှင့် နွားတင်းကုတ် တစ်စိတ်တစ်ပိုင်း ပျက်စီးပြီး ခိုင်းနွား တစ်ကောင်နှင့် နွားမ တစ်ကောင် သေဆုံးခဲ့သည်။ အလားတူ အဆိုပါ မန်ကျည်းပင် ပြိုကျမှုကြောင့် ဒေါ်ခင်သန်းကြည်၏ နေအိမ် တစ်စိတ်တစ်ပိုင်းနှင့် လူနေအိမ်နှင့်တွဲလျက် ထမင်းချက်ဆောင် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည်။

အဆိုပါနေရာသို့ ကျောက်ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး (ယာယီရဲမှူး) မျိုးမင်းတို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ပြိုလဲသစ်ပင်ကို ရှင်းလင်းခြင်း၊ ပျက်စီးလူနေအိမ်များအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

## မဘိမ်းမြို့မဈေးကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် ယာယီပိတ်ထားမည်

**မဘိမ်း ဩဂုတ် ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့မဈေးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယာယီပိတ်ထားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

မဘိမ်းမြို့မဈေးအတွင်းရှိ ဈေးသည်အမျိုးသမီး တစ်ဦးထံမှ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့သဖြင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ မဘိမ်းမြို့မဈေးအား ဩဂုတ် ၁၉ ရက်မှ ၂၅ ရက်အထိ ယာယီပိတ်ထားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

**မျိုးမင်း (ပြန်/ဆက်)**

## ပြွန်တန်ဆာမြို့၌ Oxygen Plant ရွှေ့လျားစက် စတင်ရောက်ရှိ မကြာမီ အောက်ဆီဂျင် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်တော့မည်

**ညောင်လေးပင် ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ ရွှေဇာမြေ လူမှုကူညီရေးအသင်းမှ တာဝန်ယူဆောင်ရွက်သော ညောင်လေးပင် မြို့နယ်သုံး (ရွှေ့လျား) အောက်ဆီဂျင်ထုတ်လုပ်ရေးစက် ရောက်ရှိ တပ်ဆင်ပြီးစီးလျက်ရှိပြီဖြစ်၍ ဩဂုတ် ၂၀ ရက်က တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ညောင်လေးပင်မြို့နယ်အတွင်းရှိ ပြည်သူများ အောက်ဆီဂျင်ကြောင့် အသက်ဆုံးရှုံးမှုမဖြစ်စေရန် ရည်ရွယ်၍ ပြွန်တန်ဆာမြို့ ရွှေဇာမြေ လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူများဦးဆောင်၍ စေတနာရှင် အလှူရှင်များ စုပေါင်းကာ ကြိုးစားဆောင်ရွက်မှုကြောင့် အောက်ဆီဂျင် ထုတ်လုပ်ရေးစက် (ရွှေ့လျား)စက်ကို တရုတ်နိုင်ငံမှ ဝယ်ယူနိုင်ခဲ့ပြီး အဆိုပါ အောက်ဆီဂျင်စက်ရုံကို ပြွန်တန်ဆာမြို့၊ မြို့မ(၃) ရပ်ကွက်၊ ပန်ဒါဆန်စက်ဝင်းရှေ့ တည်ဆောက်ပြီး စက်တပ်ဆင်ပြီးစီးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့နိုင်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အောက်ဆီဂျင်စက် တန်ဖိုးမှာ ငွေကျပ်သိန်း ၁၀၀၀ ဝန်းကျင် ကုန်ကျကြောင်း၊ နည်းပညာပိုင်းများကို ကျွမ်းကျင်သူများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကာ အောက်ဆီဂျင်စက်အနေဖြင့် တစ်ရက်လျှင် လီတာ ၄၀ အိုး ၆၆ လုံးအထိ ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။ ယခုပြွန်တန်ဆာ တိုက်နယ်ဆေးရုံတွင် အောက်ဆီဂျင် ၁၀ ပွတ် တပ်ဆင်ပေးထားပြီး အောက်ဆီဂျင် လိုအပ်သူလူနာများအား မကြာမီဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ စက်ရုံလည်ပတ်နိုင်ပါက ညောင်လေးပင်မြို့နယ်အတွင်းရှိ အောက်ဆီဂျင်လိုအပ်သူပြည်သူများ သုံးစွဲနိုင်ပြီဖြစ်သလို ပိုလျှံမှုရှိပါက အခြားမြို့နယ်များမှ လိုအပ်သူများ ကိုပါ ဖြန့်ဝေလှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ချင်းရွှေဟော်နယ်စပ်ဂိတ်မှတစ်ဆင့် အောက်ဆီဂျင်အိုးနှင့် ကျန်းမာရေးအထောက်အကူပစ္စည်းများ ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဩဂုတ် ၂၁**

မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တရုတ်နိုင်ငံမှ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့ရှိမြန်မာ-တရုတ် နှစ်နိုင်ငံ နမ့်ဖာဟော်နယ်စပ်ဂိတ်မှတစ်ဆင့် ဝယ်ယူတင်သွင်းလျက်ရှိရာ ဩဂုတ် ၂၀ ရက်တွင်လည်း အောက်ဆီဂျင်အိုးများ အပါအဝင် အခြားရောဂါ ကာကွယ်ရေးနှင့် ကုသရေးသုံး ပစ္စည်းများ ဝင်ရောက်လာခဲ့သည်။

လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလွတ် အလုံး ၉၉၀၊ လီတာ ၂၀ ဆံ့ အောက်ဆီဂျင်အိုးအလွတ် အလုံး ၅၅၀၊ ၁၅ လီတာဆံ့ အောက်ဆီဂျင်အိုးအလွတ် အလုံး ၄၃၃၀၊ Oxygen Plant စက် တစ်လုံး၊ နှာခေါင်းစည်း ၅၉၈၆ ဖာ၊ PPE ဝတ်စုံ ၁၉၇၁ ဖာ၊ Medical Regulator ၁၉၃ ဖာ၊ တွန်းလှည်းဖာ ၂၅၀၊ Oxygen Concentrator စက် ၂၁၅ ဖာ၊ ဗီတာမင်စီဆေး ၁၁၃၄ ဖာ၊ မျက်မှန် ၂၁၆ ဖာ၊ ခေါင်းစွပ် ဖာ ၁၀၀၀ နှင့် MANNITOL ထိုးဆေး ဖာ ၂၄၀၀ တို့ကို တင်ဆောင်လာသည့် ကုန်တင်ယာဉ်ကြီးများ ဩဂုတ် ၂၀ ရက်တွင် ထပ်မံဝင်ရောက်လာခြင်းဖြစ်သည်။


ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသော ကုန်တင်ယာဉ်ကြီးများ။

အဆိုပါ ကုန်တင်ယာဉ်ကြီးများသည် ချင်းရွှေဟော် နယ်စပ်ဂိတ်မှတစ်ဆင့် ချင်းရွှေဟော်မြို့ ဝမ်ချွန်းလျှံဂိုဒေါင်၊ နဂါးနီဂိုဒေါင်၊ ကွမ်းလုံမြို့နယ် ရွှေကူဝကျေးရွာရှိ ရွှေတြိဂံဂိုဒေါင်၊ ချင်းရွှေဟော်မြို့ အားလျန်ကွင်းနှင့် ကွမ်းလုံမြို့နယ် ရွှေကူဝကျေးရွာရှိ ရွှေတော်ဝင်ဂိုဒေါင်တို့အထိ ဝင်ရောက်ခဲ့ပြီး ပါရှိလာသည့် အောက်ဆီဂျင်အိုးများ အပါအဝင် ကျန်းမာရေးသုံးပစ္စည်းများကို အထက်ပါဂိုဒေါင်များတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ချိန်းပြောင်းတင်ဆောင်သွားမည်ဟု သိရသည်။ **စည်သူမောင်မောင်(ပြန်/ဆက်)**

## တောင်ကြီးမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် စည်းကမ်းမလိုက်နာသူများအား အရေးယူ

**တောင်ကြီး ဩဂုတ် ၂၁**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများပြားလာသဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသလို တောင်ကြီးမြို့နယ်ကိုလည်း Stay at Home သတ်မှတ်ထားပြီး ယင်းကာလအတွင်း ပြည်သူများ မလိုအပ်ဘဲ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာမှု မရှိစေရန်နှင့် အိမ်ပြင်ထွက်ပါက သတ်မှတ်စည်းကမ်းချက်များကို လိုက်နာစေရန် ခရိုင်နှင့် မြို့နယ် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက လှည့်လည်စစ်ဆေး၍ သတ်မှတ်စည်းကမ်း မလိုက်နာသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အရေးယူလျက်ရှိကြောင်း သိရသည်။

တောင်ကြီးမြို့နယ် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်သော ခရိုင်နှင့်မြို့နယ် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က အဖွဲ့ငယ်များခွဲ၍ တောင်ကြီးမြို့အတွင်း ဈေးများ၊ လမ်းဆုံများ၊ မော်တော်ယာဉ်ဂိတ်များတွင် ဩဂုတ် ၂၀ ရက်က လှည့်လည်စစ်ဆေးပြီး နေအိမ်ပြင်ပ သွားလာသူများအနေဖြင့် နယ်မြေဖြတ်သန်းခွင့် ကတ်ပြားများနှင့် ဝန်ထမ်းများအား ဝန်ထမ်းကတ်များ ပါရှိခြင်း ရှိ မရှိ စစ်ဆေး၍ သက်ဆိုင်ရာစည်းကမ်းချက်များကို လိုက်နာမှုမရှိသူ ၁၁ ဦးအား အရေးယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပန်းတနော်မြို့တွင် အောက်ဆီဂျင်စက်ရုံတည်ဆောက်ပြီးစီး၍ အောက်ဆီဂျင်စမ်းသပ်ထုတ်လုပ်

**ပန်းတနော် ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ မြို့ကွက်သစ်ရပ်ကွက် ရန်ကုန်-ပုသိမ် ကားလမ်းရှိ လူမှုကူညီရေးအသင်းရုံးဘေးတွင် အောင်သပြေကုမ္ပဏီက လှူဒါန်းထားသည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီး၍ အောက်ဆီဂျင်များကို ဩဂုတ် ၂၀ ရက် ညနေပိုင်းက စတင် စမ်းသပ်ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစက်ရုံတွင် အောက်ဆီဂျင် စမ်းသပ်ထုတ်လုပ်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဗိုလ်နှင့် အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ စမ်းသပ်ထုတ်လုပ်မှုရလဒ်အရ တစ်နာရီလျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုးခြောက်လုံး ထုတ်လုပ်နိုင်မည်ဖြစ်ရာ တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုးပေါင်း ၁၀၀ ကျော် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံမှ ရရှိလာသော အောက်ဆီဂျင်အိုးများကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံငါးခုသို့ ဦးစားပေး ဖြန့်ဝေပေးမည်ဖြစ်ပြီး မြို့နယ်အတွင်း လုံလောက်မှုရှိလာပါက ပထမဦးစားပေးအနေဖြင့် အောက်ဆီဂျင်လိုအပ်လျက်ရှိသော ခရိုင်အတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံများနှင့် နီးစပ်ရာမြို့နယ်များမှ ပြည်သူ့ဆေးရုံများသို့ စနစ်တကျ အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပြောကြားသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**




## မဘိမ်းမြို့နယ်တွင် ကျေးရွာမြေငှားဂရန်များထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေး

**မဘိမ်း ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဩဂုတ် ၂၁ ရက်တွင် ကုန်းမခံကျေးရွာ အကွက်အမှတ်-၁၅ ကုန်းမခံရွာမကွင်း၌ ဆောင်ရွက်သည်။

မဘိမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးတင်ညီညီနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးဝင်းမြတ်ကျော်၊ ကုန်းမခံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းနှင့် အဖွဲ့ဝင်များက ကျေးရွာအတွင်းရှိ အိမ်ခြံမြေ ပိုင်ရှင်များနှင့် တွေ့ဆုံ၍ မြေရာဇဝင်များမှန်ကန်မှုရှိစေရန် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

မဘိမ်းမြို့နယ် ကုန်းမခံကျေးရွာတွင် အိမ်ထောင်စု ၁၁၉ စု၊ အိမ်ခြေ ၁၂၁ အိမ်ရှိပြီး ကျေးရွာအတွင်းရှိ အိမ်ခြံမြေပိုင်ရှင်များအတွက် ကျေးရွာမြေငှားဂရန်များ ဆက်လက်ထုတ်ပေးမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မျိုးမင်း(ပြန်/ဆက်)**

## လွိုင်လင်မြို့ပေါ်ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းဟောင်းကို အဆင့်မြှင့်တင်ဆောင်ရွက်

**လွိုင်လင် ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ပေါ်ရှိ ၁၁ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းဟောင်းနှင့် ဓာတ်တိုင်များနေရာတွင် 11 KV SAC ကြိုးနှင့် 12 M ကွန်ကရစ်တိုင်များဖြင့် အစားထိုးအဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို လွိုင်လင်မြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


ဓာတ်အားလိုင်း အဆင့်မြှင့်တင်မှု ဆောင်ရွက်နေသည့် လျှပ်စစ်ဝန်ထမ်းများ။

လွိုင်လင်မြို့ ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၁၁ ကေဗွီ ဖီဒါ(၂) ဓာတ်အားလိုင်းပေါ်ရှိ သုခလမ်းဆုံမှ ပြည်ထောင်စုလမ်း(ရိပ်သာထရန်စဖော်မာ)အထိ ၁၁ ကေဗွီ လိုင်းဟောင်းတစ်လျှောက်၌ 12 M ကွန်ကရစ်တိုင်များ၊ 11 KV SAC ကြိုးများဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ၁၁ ကေဗွီ ဖီဒါ(၁) ဓာတ်အားလိုင်းပေါ်ရှိ သုခလမ်းဆုံမှအနောက်ကျောင်းလမ်းဆုံအထိ ၁၁ ကေဗွီ လိုင်းဟောင်းတစ်လျှောက်၌ 12 M ကွန်ကရစ်တိုင်များနှင့် 11 KV SAC ကြိုးဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဩဂုတ် ၁၄၊ ၁၅၊ ၂၀၊ ၂၁ ရက်တို့တွင် ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၅ ရက်တွင်လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့်အတွက် မြို့တွင်း(၁) အပိုင်း၌ နံနက် ၉ နာရီမှ ၁၀ နာရီအထိနှင့် မြို့တွင်း(၂)အပိုင်း၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အား ခေတ္တပိတ်ထားကြောင်းလည်း လွိုင်လင်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# ဘဝသစ်၊ နေရာသစ်ဖြင့် နေသားတကျဖြစ်လာသော ဒုက္ခသည်များစုဝေးရာ အစ္စတန်ဘူလ်

**ကေကေစိုး**

**အစ္စတန်ဘူလ်မြို့ရှိ စီးပွားရေး အချက်အချာကျသည့်ခရိုင်တွင် သာမန်နေ့တစ်နေ့ကဲ့သို့ပင် အသက်ဝင်လှုပ်ရှားနေသည်။ ဈေးဆိုင်များ ပြည့်နှက်နေပြီး လူများမှာလည်းဈေးဝယ်ရန် ဟိုဟိုဒီဒီသွားလာလှုပ်ရှားနေကြသည်။ ဆီးရီးယားအချိုပွဲစားသုံးရန်အတွက် ဈေးဆိုင်ငယ်လေးရှေ့တွင် စောင့်ဆိုင်းနေကြသူများလည်းရှိသည်။**



အစ္စတန်ဘူလ်မြို့ ဖာတစ်ခရိုင် ဈေးတစ်ခုတွင် သွားလာနေကြသူများကို တွေ့ရစဉ်။

### ပြောင်းရွှေ့လာသည့်ဒုက္ခသည်များ

အဆိုပါ စားသောက်ဆိုင်ငယ်များမှာ အစ္စတန်ဘူလ်မြို့ ဖာတစ်ခရိုင် ဈေးဝယ်ဇုန်တွင်တည်ရှိပြီး အများစုမှာ ဆီးရီးယားဒုက္ခသည်များ ပိုင်ဆိုင်ကြသည်။ လူနေမှုဘဝ ပိုမိုအဆင်ပြေစေရန် ရည်ရွယ်ချက်ဖြင့် အစ္စတန်ဘူလ်သို့ ပြောင်းရွှေ့လာသည့် ဒုက္ခသည်များ ဖြစ်ကြသည်။ အသက် ၅၇ နှစ်အရွယ် မဟီရာမှာလည်း ဆီးရီးယားဒုက္ခသည်တစ်ဦးပင်ဖြစ်သည်။ ၎င်းမှာ အစ္စတန်ဘူလ်သို့ ၂၀၁၅ ခုနှစ်ကတည်းက ရောက်ရှိနေပြီး ဆီးရီးယားပြည်တွင်းစစ်အတွင်း မိသားစုနှင့်အတူ ထွက်ပြေးလာသူလည်း ဖြစ်သည်။

### နေသားကျနေပြီ

၎င်းကဲ့သို့ အသက်အရွယ်ရှိသူတစ်ဦးအနေဖြင့် အရာအားလုံးထားရစ်ခဲ့ကာ ထွက်ပြေးလာရန်မှာ ခက်ခဲလှသည်ဟုပြောသည်။ တိုင်းပြည်နှင့် အမှတ်တရများစွာကို ထားရစ်ခဲ့ရသည်ဟု ၎င်းက ပြောသည်။ အစ္စတန်ဘူလ်သို့ရောက်လျှင်ရောက်ချင်း စုဆောင်းထားသမျှ ငွေဖြင့် မိုဘိုင်းဖုန်းဆိုင် ဖွင့်လှစ်ခဲ့သည်။ ၎င်းတို့ မိသားစုမှာ နေထိုင်ရာ ဇာတိမြို့သို့ပြန်ရန် အစီအစဉ်မရှိတော့ဟု ၎င်းက ပြောသည်။ အစ္စတန်ဘူလ်တွင် နေသားကျနေပြီဟု ၎င်းက ဆက်ပြောသည်။

### လူဦးရေများပြားလာ

ဖာတစ်ခရိုင်တွင် နေထိုင်ကြသူများမှာ ၎င်းတို့ကို သူစိမ်းများသို့မဟုတ် ဒုက္ခသည်များအဖြစ် မဆက်ဆံကြကြောင်း ၎င်းကပြောသည်။ တူရကီနိုင်ငံ၏ အကြီးဆုံးမြို့တော်ဖြစ်သည့် အစ္စတန်ဘူလ်ရှိ လူဦးရေမှာ ဒုက္ခသည်များပါ ထည့်ပေါင်းလျှင် သန်း ၂၀ အထိ ရှိလာပြီဟု အစ္စတန်ဘူလ်မြို့တော်ဝန် အီခရမ်အီမာမိုလူက ဩဂုတ် ၁၇ ရက်တွင်ကြေညာခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် အစ္စတန်ဘူလ်မြို့ရှိ လူဦးရေမှာ ၁၀ သန်းအထိရှိခဲ့ပြီး ယခုအခါသန်း ၂၀ အထိ ရှိလာပြီဟု ၎င်းက ပြောသည်။ အစ္စတန်ဘူလ်မြို့မှာ သမိုင်းတွင် ယခုကဲ့သို့ ထိန်းချုပ်မရနိုင်လောက်သည့်အထိ လူဦးရေများပြားလာခြင်း မရှိဟု ၎င်းက ဆက်ပြောသည်။

### ခိုလှုံရာနေရာ

၂၀၂၀ ပြည့်နှစ်တွင် တရားဝင် အချက်အလက်များအရ မြို့တော်လူဦးရေမှာ ၁၅ ဒသမ ၄၆ သန်းရှိသည်။ တူရကီနိုင်ငံသည် ဒုက္ခသည်လေးသန်းအတွက် ခိုလှုံရာနေရာဖြစ်ခဲ့သည်။ အဆိုပါဒုက္ခသည် လေးသန်းအနက် ၃ ဒသမ ၆ သန်းမှာ ဆီးရီးယားဒုက္ခသည်များ ဖြစ်သည်ဟု တရားဝင်ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။ သို့သော်လည်း အထောက်အထားမဲ့ခိုးဝင်နေထိုင်သူများလည်းရှိရာ ဒုက္ခသည်အရေအတွက်မှာ တရားဝင်စာရင်းဇယားထက် ပိုမိုများပြားမည်ဟု ကျွမ်းကျင်သူများက ယုံကြည်ကြသည်။

### ပြောင်းလဲမှုတစ်ရပ်

ဒုက္ခသည်အများစုမှာ ဆီးရီးယားမှဖြစ်ပြီး အာဖဂန်၊ အီရတ်၊ အီရန်နှင့် အခြားသောအာဖရိကနိုင်ငံများမှ ဒုက္ခသည်များလည်း အစ္စတန်ဘူလ်တွင် နေထိုင်ကြသည်။ အစ္စတန်ဘူလ်မှာ တူရကီနိုင်ငံ၏ ဘဏ္ဍာရေးနှင့် ယဉ်ကျေးမှု အချက်အချာကျသည့် မြို့ဖြစ်သည်။ မြို့တော်တွင် နေထိုင်ကြသည့် ဒုက္ခသည်အရေအတွက်မှာ လူဦးရေ၏ ၂၀ ရာခိုင်နှုန်းရှိသည်ဟု မြို့တော်ဝန်က ပြောသည်။ မြို့တော် သန်းခေါင်စာရင်းအတွက် ကြီးမားသည့် ပြောင်းလဲမှုတစ်ရပ်ပင် ဖြစ်သည်။

> ❋ ၂၀၂၀ ပြည့်နှစ်တွင် တရားဝင် အချက်အလက်များအရ မြို့တော်လူဦးရေမှာ ၁၅ ဒသမ ၄၆ သန်းရှိသည်။ တူရကီနိုင်ငံသည် ဒုက္ခသည်လေးသန်းအတွက် ခိုလှုံရာနေရာဖြစ်ခဲ့သည်။ အဆိုပါဒုက္ခသည် လေးသန်းအနက် ၃ ဒသမ ၆ သန်းမှာ ဆီးရီးယားဒုက္ခသည်များဖြစ်သည်ဟု တရားဝင်ထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်

### ဖိတ်ခေါ်ထား

လက်ရှိနေထိုင်နေကြသည့် ဒုက္ခသည်များ ပြန်လည်ထူထောင်ရေးအတွက် မည်သို့ကူညီပေးရမည်၊ လူနေမှုဘဝများကို မည်သို့ ထောက်ပံ့ပေးရမည်၊ အမျိုးသမီးနှင့်ကလေးငယ်များကို မည်သို့အကာအကွယ်ပေးရမည် အစရှိသည်တို့အတွက် လုပ်ကိုင်ပေးရမည်ဟု မြို့တော်ဝန်က ပြောသည်။ ယင်းအချက်ကို ဆွေးနွေးရန်အတွက်လည်း အခြားသောအဖွဲ့အစည်းများကို ဖိတ်ခေါ်ထားသည်။ အင်ကာရာရှိ လူမှုသိပ္ပံတက္ကသိုလ်မှ သုတေသီတစ်ဦးဖြစ်သူ ဒစ်ဒမ်အီရီက လက်ရှိ ဒုက္ခသည်အရေအတွက်ကြောင့် မြို့ ရှိလူဦးရေစာရင်းကို အပြောင်းအလဲဖြစ်စေသည်ဟု ပြောသည်။

### ပို၍ ယှဉ်ပြိုင်လာရ

မြို့တွင် လက်ခံနိုင်သည့် အင်အားထက်ပို၍ ဒုက္ခသည်များ များပြားနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အစ္စတန်ဘူလ်မြို့ရှိဒေသခံများမှာ လူမှုစီးပွားအခြေအနေတွင် ဒုက္ခသည်များနှင့်ပို၍ ရင်ဆိုင်တွေ့ကြုံကြရသည်ဟု ၎င်းက ဆက်ပြောသည်။ ဒေသတွင်းဝင်ငွေကို နှိုင်းယှဉ်၍ ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။ အလုပ်သမားဈေးနှုန်းမှာ ကျဆင်းလျက်ရှိသည်။ ရွှေ့ပြောင်းဒုက္ခသည်များကြောင့် လုပ်ခ ဈေးနှုန်းများ ချိုသာလျက်ရှိသည်။ ထို့ကြောင့် တူရကီနိုင်ငံသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းအတွက် ကြိုးစားရာတွင် ဒုက္ခသည်များနှင့်ပို၍ ယှဉ်ပြိုင်လာရသည်။

### ရိုက်ခတ်မှုများရှိလာ

ဒုက္ခသည်အရေအတွက် များပြားခြင်းကြောင့် မြူနီစီပယ်၏ ထောက်ပံ့ပေးမှုများတွင်လည်း အပြောင်းအလဲများ ရှိလာသည်။ ကလေးသူငယ်ပြုစုစောင့်ရှောက်မှုမှစ၍ အိမ်ရာမြင်ကွင်းပြုပြင်ပြောင်းလဲမှုများအထိ ရိုက်ခတ်မှုများရှိလာသည်ဟု ၎င်းက ပြောသည်။ အသက် ၄၀ အရွယ် အိုမာဟာဘစ်သည် အယ်လ်ဂျီးရီးယား ဒုက္ခသည်ဖြစ်ပြီး လွန်ခဲ့သည့် ခြောက်နှစ်က ဇနီးသည်နှင့်အတူ ထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။

### အတွေ့အကြုံကို ပြောပြ

ယခုအခါ ကလေးနှစ်ဦးပင်ရှိနေပြီဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် အစ္စတန်ဘူလ်သို့ ပထမဆုံးအကြိမ် အလည်လာရောက်ဖူးကြောင်း၊ ထိုစဉ်က လူများမှာကြင်နာပြီး သာယာလှပသည့် ဘဝ ပိုင်ဆိုင်ကြကြောင်း၊ အလုပ်အကိုင်နှင့် ပျော်ရွှင်ရသည့် မိသားစုဘဝပိုင်ဆိုင်ကြကြောင်း ၎င်း၏ အတွေ့အကြုံကိုပြောပြခဲ့သည်။

### ပြဿနာများပေါ်ပေါက်လာ

ယခင်နှင့်ယခု အခြေအနေများမှာမူ မတူကွဲပြားပြောင်းလဲမှုများ ရှိလာပြီဖြစ်သည်။ ယခုအခါ လူဦးရေများ ထူထပ်လာပြီး မတူညီသည့် နိုင်ငံသားများအကြားတွင် ပြဿနာများ ပေါ်ပေါက်လာကြကြောင်း ၎င်းက ပြောသည်။ တိုင်းပြည်အတွင်းဒုက္ခသည်များ များပြားနေသည့် ပြဿနာမှာ ရွှေ့ပြောင်းဒုက္ခသည်များအပေါ် အကြမ်းဖက်၍ ဖြေရှင်းမရနိုင်ကြောင်း ၎င်း၏ အမြင်ကို ဆက်လက်ပြောပြသည်။

### စိတ်ခံစားမှုများတိုးပွားလာ

ဒုက္ခသည်များအပေါ် အကြမ်းဖက်ခံရခြင်းကိုလည်း အကာအကွယ်ပေးရန် အာဏာပိုင်များအနေဖြင့် အလေးထားသင့်သည်ဟု ဆက်ပြောသည်။ ယခုအခါ တူရကီများအကြားတွင် ဒုက္ခသည်များအပေါ် ဆန့်ကျင်သည့် စိတ်ခံစားမှုများ တိုးပွားလာနေပြီဖြစ်ရာ ယင်းအချက်ကိုအကာအကွယ်ပေးရန် ပြောကြားခဲ့ခြင်းဖြစ်သည်။

### မကြည်ဖြူမှုများရှိလာ

အလားတူ လက်ဘနွန်နိုင်ငံတွင်လည်း စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းများကြောင့် ဒုက္ခသည်များအပေါ် ဒေသခံများ မကြည်ဖြူမှုများရှိလာသည်။ လက်ဘနွန်နိုင်ငံတွင် ဆီးရီးယားဒုက္ခသည် ၁ ဒသမ ၅ သန်းရှိပြီး ဒုက္ခသည်များ အများအပြား လက်ခံထားသည့် နိုင်ငံလည်းဖြစ်သည်။ ။

**ကိုးကား – ဆင်ဟွာ**

# မန္တလေးမြို့အတွင်း PDF အကြမ်းဖက်အဖွဲ့ဝင်များနှင့် လက်နက်/ခဲယမ်းများ ဖမ်းဆီးရမိ

နေပြည်တော်  ဩဂုတ် ၂၁

